www.burmeseclassic.com



www.burmeseclassic.com

# ဆွေဆွေအောင်

## မြလေးသစ္စာ



www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၁၀၅၇/၂၀၀၃ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၅၁၀၅၀၅

ထုတ်ဝေသူ
ဒေါ်ဆွေဆွေအောင်
ဆွေဆွေအောင်စာပေ
၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ် စက်တင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com



အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့်မေမေအားရုပ်နှင့်နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာ ဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဆွေဆွေအောင်



၁

ရထားက ဘီးလိမ့်နေပြီဖြစ်သည်။

"ငါဒီမှာ 'မြလေးခန့်'... နင် တွဲပေါ်ရောက်အောင်သာ အမြန်တက်... အန်တီက ပစ္စည်းတွေ ပြူတင်းပေါက်က ပစ်တင်ပေးလိုက်တော့"

"အေး...အေး...အရေးထဲ ကားဘီးကပေါက်နေလို့ ကွယ်...'မြလေးခန့်' ကို မလိုက်ချင်ပါနဲ့တော့လို့ ပြောတာလဲမရလို့ ထည့်လိုက်ရတာ စိတ်ချမယ်နော်"

"စိတ်ချပါ အန်တီ... စိတ်ချပါ"

www.burmeseclassic.com



"ဟိုရောက်တာနဲ့... ဖုန်းဆက်နော်"

"ဟုတ်ကဲ့ပါ"

"သမီးရေ... တာ့တာနော်"

'မြလေးခန့်' က မိခင်ဖြစ်သူကို မြင်နိုင်ရန်အတွက် နီးရာပြူတင်းပေါက်သို့ ပြေးကပ်ပြီး နှုတ်ဆက်လိုက်ရသည်။

"မေမေရေ တာ့တာနော်"

အသံကတုန်ပြီး ငိုချင်နေသည့်အသံ။

"တာ့တာ... တာ့တာ"

မိခင်၏အသံကလည်း တုန်ပြီး ဆွေးကျန်ခဲ့လေသည်။

'မြလေးခန့်'၏ ကိုယ်လုံးက ပြူတင်းအပြင်သို့ ထွက်နေသည်။ ပြုတ်ကျတော့မလိုဖြစ်သွားသဖြင့် လန့်ဖျန့်ပြီး လက်ဖြင့်မီရာလှမ်းဆွဲသည်။ အနီးတွင်ထိုင်နေသော လူကလည်း စိုးရိမ်ပြီး 'မြလေးခန့်'၏ လက်မောင်းကို လှမ်းဆွဲထားပေးသည်။

'မြလေးခန့်' နေသားတကျဖြစ်ရန်အတွက် ထိုလူ၏ ဆွဲငင်မှုခံရသလို ထိုလူ၏ ပေါင်ပေါ်သို့လည်း ဖရိုဖရဲထိုင်မိလျက်သား ဖြစ်သွားသဖြင့် အမြန်ပြန်ထလိုက်ရသည်။

"ဟို... ဟို... ဆောရီးနော်"

'မြလေးခန့်' က ရှက်ရှက်နှင့် ထိုလူကိုရယ်ပြရင်း





တောင်းပန်ခြင်းဖြစ်သည်။

"ရပါတယ်"

ထိုလူက ယဉ်ကျေးမှုအရ ပြန်ပြုံးပြပြီး ခေါင်းညိတ်ပြသည်။ ပြီးတော့ သူ၏ဖတ်လက်စစာအုပ်ကို ဆက်ဖတ်နေပါသည်။ တဒင်္ဂအတွင်း ဖရိုဖရဲအရှက်တကွဲဖြစ်သွားခဲ့သဖြင့် မျက်နှာပူပူဖြင့် မိမိထိုင်ခုံရှိရာ ပြန်လျှောက်လာစဉ်...

"ဣန္ဒြေကိုမရှိဘူး... ဒီအရွယ်ကြီးရောက်မှ အမေနဲ့သမီးကဲ နေသည်းနေလိုက်တာ... မခွဲနိုင်ရင် ခရီးမထွက်နဲ့ပေါ့"

ထိုအပြောကြောင့် 'မြလေးခန့်' မျက်လုံးပြူးပြီး လှမ်းကြည့်မိသည်။

"'မြလေးခန့်' ရယ်... လာထိုင်ပါတော့ဟယ်"

သူငယ်ချင်းမ အတင်းလာဆွဲခေါ်သဖြင့် မျက်စောင်းပင် ကောင်းကောင်းမထိုးလိုက်ရ။

"သိပ်လူပါးဝတာပဲ ... ငါတမင်လုပ်နေတာမှ မဟုတ်ဘဲ"

"ရှူး... ရှူး တော်ပြီ... တော်ပြီ ဘာမှဖြစ်မနေနဲ့တော့... သူတို့နဲ့ရန်ပြိုင်ဖြစ်ဝံ့လို့လား... စောစောက သူတို့နေရာမှာ တွဲမှားပြီးလာမှားထိုင်တဲ့ ကောင်မလေးနှစ်ယောက်ကိုလဲ ရ စရာမရှိ

www.burmeseclassic.com



အောင်ပြောလွှတ်လိုက်ပြီးပြီ၊ ကောင်မလေးတွေက ရှက်ပြီးပြန်ပြောတော့ ဆဲလိုက်ဆိုလိုက်ကြတာ"

"ဟင်... ငါ့ လက်ကိုင်သားရေအိတ် မရှိတော့ဘူး"

ယခုမှ သတိထားမိပြီး 'မြလေးခန့်'က ငိုသံဖြင့်ပြောနေသဖြင့် ...

"ရှုး တိုးတိုးလေကွာ... ဒီနားတစိုက်မှာ ရှာကြည့်ပါအုံး"

'ခင်သက်မူ'က ထိုင်ခုံအောက်နားတွင် လိုက်ရှာနေစဉ်...

"ဒုက္ခပါပဲ... ရထားပေါ်ပြေးတက်လာတုန်းက ကျခဲ့တာထင်တယ်... ပိုက်ဆံတွေရော... မှတ်ပုံတင်ရော... ရထားလက်မှတ်ရော အလှပြင်ပစ္စည်းတွေရော... ဆုံးပါပြီ... မေမေကမလွှတ်ချင်လို့ တဂျီဂျီလုပ်လွန်းလို့ ဘာတစ်ခုမှကို အစဉ်မပြေဘူးထင်တာပဲဟာ... ငါအရမ်းစိတ်ညစ်တာပဲ"

"ရော့... ဒါ မင်းအိတ်ထင်တယ်"

"ဟင်... အော်... ဟုတ်ကဲ့... ကျေးဇူးတင်လိုက်တာအစ်ကိုရယ်... ခုနက ရထားပေါ်က ပြုတ်မကျအောင် ဆွဲထားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်အစ်ကို... 'မြလေး'ကြောင့်အနှောင့်အယှက်ခဏခဏ ဖြစ်နေပြီထင်တယ်"

"ရပါတယ်... တမင်လုပ်တာမှ မဟုတ်တာဲ... ခရီးသွား





အချင်းချင်း ကူညီရမယ့် တာဝန်ရှိပါတယ်"

ထိုသူက 'မြလေးခန့်'တို့ နှစ်ယောက်လုံးကို ယဉ်ကျေးစွာပြုံးပြရင်း၊ ခေါင်းညိတ်ပြရင်း ပြန်ထိုင်ချလိုက်ပါသည်။

'မြလေးခန့်' ဆိုဖာကုလားထိုင်ပေါ်တွင် နေရာတကျထိုင်ပြီးချိန်တွင် ရထားက 'ပုဇွန်တောင်' ဘူတာကိုပင် ဖြတ်နေလေပြီ။

ကျောမှီထိုင်ပြီး၍မှ မကြာပါ။ 'မြလေးခန့်'က ဆိုဖာနှစ်ခုံကြားမှ အနောက်ဖက်ဆီသို့ မသိမသာချောင်းကြည့်ပါသည်။

သူ စာအုပ်တစ်အုပ် ဖတ်နေကြောင်း တွေ့ရသည်။

သူ့လက်ချောင်းတွေက ဖြူစင်သန့်ရှင်းနေသည်။

သူ့ဆံပင်နက်နက်၊ မျက်ခုံးနက်နက်များကိုလည်းမြင်နေရသည်။

"ဟဲ့... ဘာချောင်းနေတာလဲ"

"ဟင်... အော်... ခုနက သူ့ပေါင်ပေါ်ထိုင်ချခဲ့မိတာကိုတွေးပြီး ရှက်နေမိလို့ပါ... သူ့ပုံစံက တကယ်အထက်တန်းလွှာကပုံစံပဲ"

"'မြလေး'ရယ်... အပေါ်ယံ ဝတ်စားထားတာကိုကြည့်ပြီးပြောနေတာလား... ငှားဝတ်လာတာဆိုရင်ရော"

www.burmeseclassic.com



"သူ့ရုပ်ရည်ကိုပြောတာပါ... အရပ်မြင့်မြင့်... အသားဖြူဖြူ မျက်ခုံးမျက်လုံးကောင်းပြီး နှာတံလဲပေါ်"

"ဟော... ဘာလဲ... မင်း ရင်ခုန်နေပြီလား"

"ဟာ... ဟုတ်ပါဘူး 'သက်မှူ' ရာ... ငါမြင်တဲ့အတိုင်းပြောပြတာပါ"

"ဟုတ်ပါတယ် 'မြလေး' ရယ်...မင်းဘယ်တုန်းက ယောကျ်ားလေးတွေကို စိတ်ဝင်စားဘူးလို့လဲ... ငါ့အစ်ကိုတွေလို မော်ဒယ်တွေ... အားကစားသမားတွေကိုတောင် ရင်မခုန်တာ"

"'သက်မှူ'အစ်ကိုတွေက နှစ်ယောက်လုံး အစွန်းထွက်လွန်းနေတာကိုး... မော်ဒယ်ကျပြန်တော့လဲ သူ့ကိုယ်သူသန့်ရှင်းအောင်လှအောင်၊လူကြည့်အောင်ပဲ လုပ်နေတာ... နောက်တစ်ယောက်ကြတော့လဲ ကြွက်သားအဖုဖုတွေနဲ့ထုထုပြီး ရင်တုန်စရာကြီး"

'မြလေးခန့်'က ကြက်သီးထသလိုလေး လုပ်ပြနေသဖြင့်...

'သက်မှူ'ခွက်ထိုးခွက်လန်ရယ်ရင်း နောက်ဖက်ကို လက်ညှိုးထိုးပြရင်း ....

"သူ့ရင်ခွင်ထဲရောက်ခဲ့ပြီဆိုတော့ ရင်ခုန်ပြီး ဒို့ကိုကို ကို





ရင်တုန်စရာကြီးလို့ ပြောပြီပေါ့လေ"

"ရှူး... ကောင်မစုတ် တိုးတိုးပြော"

"ဘာမှ တိုးတိုးမပြောနိုင်ပါဘူး... နင်အရင်က ပြောပြောနေတဲ့ အရပ်မြင့်မြင့် ရုပ်ချောချောမှကြိုက်မယ်ဆိုတာ ဒါမျိုးလား... တော်ကြာ သူများပစ္စည်းတွေ ငှားဝတ်လာတဲ့ သူနဲ့တိုးနေမယ်နော်"

"ခုချိန်မှာ ငါ့ကို ထမင်းကျွေးထားပြီး နေဖို့ပေးထားမယ်ဆိုရင်တောင် ငါကလိုက်ချင်နေတာ... အိမ်မှာမနေရပြီးရော"

"ဒါဆို 'ကိုဗလ'နဲ့ယူမလား... 'ကိုနန္ဒ'နဲ့ယူမလား"

"ဥပမာပြောတာပါဟယ်... ယောကျ်ားတော့ မယူချင်သေးပါဘူး"

"ကိုယ့်အိမ်လောက်တော့ ဘယ်အိမ်မှ မကောင်းပါဘူး 'မြလေး'ရာ ... မင်းအမေရော... ပထွေးရော မင်းကိုဖူးဖူးမှုတ်ထားတာများ"

"ဒါတော့ ဒါပေါ့... ဒါပေမယ့် အဲဒီအိမ်ကြီးထဲမှာ တစ်မိနစ် တောင်မနေချင်လို့ ရောင်းခိုင်းတာကို 'ဦးအောင်'က ရောင်းမှ မရောင်းတာ"

"ဟဲ့... အိမ်တစ်လုံးရောင်းဖို့ဆိုတာ လွယ်တာမှတ်လို့...

www.burmeseclassic.com



ကိုယ်လိုချင်တဲ့ဈေးရဦးမှကိုး မင်းတို့အိမ်ကြီးကလည်း သိန်းထောင်ချီနေတာ"

"ဈေးအရမ်းတင်ထားတာကိုး... သူများဝယ်နိုင်တဲ့ဈေးလည်းပေးဦးမှပေါ့... ဒီလိုပုံဆို တစ်သက်လုံးရောင်းရမှာ မဟုတ်ဘူး"

"မထင်နဲ့ ကိုယ့်လူ... လိုချင်တဲ့လူတွေကြတော့လည်း ခြံကျယ်ကျယ်... တိုက်ကြီးကြီးကို နေရာသန့်ရင် ကြိုက်ဈေးပေးပြီး ဝယ်နေကြတာ"

"ငါကတော့ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာတောင် တစ်ယောက်တည်းဆို နေကိုမနေဝံ့ဘူး"

"နင် အဲသလောက်ကြောက်တတ်မှန်းသိလို့ သူ့ရဲ့ခဏခဏ အခြောက်ခံရတာ"

"နင်မှ အခြောက်မခံရဘူးတာ"

"ဒို့တော့ ကြောက်ပေါင်... သူ့ရဲ့ကို ဟောသလို မျက်လုံးကြီးပြူးပြီး ပြန်တောင်စိုက်ကြည့်လိုက်ဦးမယ်... ကိုင်တောင်ပေါက်ပစ်လိုက်ဦးမယ် ... ဟွန်း"

"တကယ်တွေ့ရင် သူ့အရင်ထွက်ပြေးမယ့်ရုပ်ကြီး"

"မပြေးဘူး...မတွေ့ဘူးလို့ တွေ့တောင်တွေ့ဘူးချင်နေ





သေးတာ... နင့်အိမ်မှာ ငါလာအိပ်သေးတာပဲ... ဘယ်မှာခြောက်လို့လဲ... နင်တစ်ယောက်တည်း အခြောက်ခံနေရတာဆိုတော့ နင့်စိတ်မမှန်တော့ဘူး... ဆေးရုံကိုသာ ဂိုးတော့"

'မြလေးခန့်' က မျက်နှာလေးရှုံ့ပြီး ခွေခွေလေးထိုင်နေပါတော့သည်။

တစ်နာရီခန့်ငြိမ်သက်သွားပြီးနောက် 'သက်မူ' က ထမင်းစားဖို့ ဂျိုင့်ကိုဖွင့်နေပြီ။

ကြက်သားပြုတ်ကြော်၊ ချဉ်ပေါင်ကြော်၊ ငါးကြော်၊ ကြက်ဥကြော်၊ စုံနေပါသည်။

ခူးခတ်ပြီး ဇွန်းတပ်ပေးသေးသည်။

"ငါမစားချင်ပါဘူးဟာ... နင်ပဲစားတော့"

"ဟာ... မရဘူးကိုယ့်လူ... နင့်အိမ်လာရင်တော့ အတင်းကျွေးပြီး မစားချင်ပါဘူးဆိုလဲ အတင်းစားခိုင်းပြီး ငါ့အလှည့်ကျတော့ မစားဘူးလို့ ပြောလို့ရမလား... ခွံ့ပေးရမလား"

"ဟာ... မဟုတ်တာ... နင်အရင်စားလိုက်လေ... ပြီးမှပဲ ငါ စားတော့မယ်"

ထိုသို့ပြောရင်းက 'မြလေးခန့်' ၏ မျက်လုံးများ ဆိုဖာနှစ်ခုကြားသို့ ရောက်သွားပြန်သည်။ သူမအကြားကြီး ရဲရဲတင်း

www.burmeseclassic.com



တင်း စိုက်ကြည့်နေသဖြင့် ဟိုလူအိပ်ပျော်နေတာကို တွေ့ရသည်။

ဟုတ်ပါသည်။ စာအုပ်ကိုရင်ဘတ်ပေါ်တွင်တင်၍ မျက်လုံးစုံမှိတ်ထားသော လူရွယ်၏ မျက်နှာကို ရှင်းရှင်းလင်းလင်းမြင်နေရသည်။

ဖြောင့်စင်းနေသော ဆံပင်နက်နက်များက လေတိုက်သဖြင့် နောက်ဖက်သို့ အားလုံးလန်နေပါသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားသဖြင့် ပြုံးနေသည်ဟု ထင်ရသော်လည်း သွယ်မယောင်နှင့် မေးရိုးက တင်းမာနေသဖြင့် တစ်ခုခုကို ဆုံးဖြတ်ပြီးလျှင် ပြင်ဖို့ခဲရင်းကြောင်း၊ ပျော့လျှင်ဖယောင်း မာလျှင် သံချောင်း ဆိုသည့်ပုံမျိုး ပေါက်ပုံရသည်။

"အဟမ်း"

ချောင်းတစ်ချက်ဟန့်ပြီး ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သဖြင့် 'မြလေးခန့်' လန့်ပြီး ပြန်ပုန်းနေပါသည်။

"မင်းတော့ခက်နေပြီပဲ… ရုပ်ရှင်မင်းသားလည်း မဟုတ်ဘဲနဲ့ ဘာချောင်းချောင်းကြည့်နေတာလဲ… ဟိုကမြင်သွားရင် မင်းကို အထင်သေးသွားမှာ မကြောက်ဘူးလား… ကြည့်မယ့်ကြည့်သူကမင်းကို ချောင်းကြည့်ရင်ဟုတ်သေး"

ဟုတ်ပါသည်။





'မြလေး' အရင်ကသည်လို ဣန္ဒြေမပျက်ခဲ့ဘူးပါ။ အလွန် …နယ်လှပသော 'မြလေးခန့်' ကို မိန်းကလေးချင်းကပင်လျှင် …စ်ခါ ပြန်ပြန်လှည့်ကြည့်ယူရစမြဲ။

ယခုတော့ 'မြလေး' က ပြန်ချောင်းကြည့်ကြည့်နေသဖြင့် 'သက်မှု' အံ့သြနေရသည်။

"ကဲ… ရော့ စား… ပြီးရင်အိပ်ယုံပဲရှိတယ်… တစ်ခါတလေတွဲကမီးပျက်တတ်တယ်… မှောင်ထဲမှာ စားရခက်တယ်… စားလိုက်တော့"

'မြလေး' ထမင်းငုံ့စားနေစဉ် နောက်မှလူက ဘေးမှဖြတ်သွားကြောင်းတွေ့လိုက်ရသဖြင့် ထမင်းမစားနိုင်ဘဲ ငေးကြည့်ရင်းကျန်ရစ်ခဲ့ပါသည်။

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ဟပ်နေအောင် သူက ဝတ်စားပြင်ဆင်ထားသည်။ မီးခိုးပြာရင့်ရောင် ပိုးသားရှပ်အင်္ကျီ လက်ရှည်က ခပ်ပွပွ၊ လေတိုက်သဖြင့် တဖျတ်ဖျတ်လွင့်နေသည်။

ဘောင်းဘီရှည်ရှည် အနက်ရောင်ကလည်း ခပ်ပွပွ။

ရှူးဖိနပ်အနက်ကလည်း ပြောင်လက်နေသည်။

ဘယ်ဘယ်လက်သူကြွယ်တွင် ကုလားပဲစေ့ခန့်ရှိသော စိန်တစ်လုံး လက်စွပ်ကို ဝတ်ထားသည်။

www.burmeseclassic.com



ဤလူ့ပုံစံမှာ ခရီးသွားနှင့်မတူဘဲ ဧည့်ခံပွဲတက်မည့် လူလို ခန့်ထည်သားနားနေတာ အမှန်ပါပဲ။

"ငါ့သူငယ်ချင်းတော့ တို့ဆေးနဲ့မိသွားပြီထင်တယ်... ခုနက မင်းကိုရထားပေါ်က ပြုတ်ကျသွားမှာစိုးလို့ လှမ်းဆွဲပေးထားရင်း တို့လိုက်တာဖြစ်မယ်... ဆေးမပြယ်ရင်တော့ ဒုက္ခပါပဲ"

'မြလေးခန့်' က ရယ်ရင်းထမင်းကို စိတ်မပါဘဲ တို့ကနန်းဆိတ်ကနန်းစားနေပါသည်။ မျက်လုံးကတော့ ဟိုလူထွက်သွားရာဆီကိုသာ လှမ်း၍လှမ်း၍ ကြည့်နေသဖြင့်...

"စားမှာစားပါကွာ... သူလည်း ဗိုက်ဖြည့်ဖို့ စားသောက်တွဲကိုသွားတာနေမှာပေါ့... တော်ကြာ ဟိုကသာစားပြီးပြန်ရောက်လာမှာ... မင်းကပြီးမှာ မဟုတ်ဘူး"

သည်တော့မှ 'မြလေး' ထမင်းတစ်ဝက်ခန့်ကုန်အောင်ကြိုးစား၍ စားပြီးနောက် ကျန်တာကိုသွန်ပစ်သည်။ ထမင်းဂျိုင့်ကို သိမ်းဆည်းပြီး ဟိုလူလာရာလမ်းကို ဆိုဖာလက်တန်းပေါ် လက်ထောက်၍ လက်ပေါ်ခေါင်းလေးတင်ပြီး ခပ်စောင်းစောင်း လေးထိုင်၍ မျှော်နေပါတော့သည်။

နာရီဝက်လည်းပေါ်မလာ။

တစ်နာရီခန့်အထိလည်း ပေါ်မလာသဖြင့် 'မြလေး'



နှင့်အတူ အံ့သြရသည်။

"ကြည့်ရတာ... တခြားတွဲမှာ သူ့အဖော်တွေပါလာတယ်နဲ့တူတယ်... သူလာရင် မင်းမကြည့်နဲ့. မျက်စေ့ကိုမှိတ်ထား... ဘာမှမဟုတ်ဘူး... သူ့ကိုမင်းကြည့်နေမှန်းသိလို့ တမင်ဟန်လုပ်နေတာဖြစ်မှာ"

"ဟော... လာနေပြီ... လာနေပြီ"

"မျက်စေ့မှိတ်ပြီး အိပ်ချင်ဟန်ဆောင်နေနော်.. ငါလဲမျက်စေ့မှိတ်ထားမယ်... ယောကျ်ားတွေက မိန်းမတွေထက်တောင် ပဲများသေးတယ်... သိရဲ့လား"

ထိုသို့ပြောရင်း 'သက်မူ' မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ 'မြလေး' လည်း ပိတ်ထားပါသည်။ သို့သော် ထိုလူမိမိရှေ့နားရောက်သောအခါ မျက်လုံးက အလိုလိုပွင့်သွားတော့သည်။

ထို့ကြောင့် သူ၏နှစ်လိုဖွယ်အပြုံးကို ကောင်းစွာမြင်လိုက်ရသလို 'မြလေး' ကလည်း ပြန်ပြုံးပြလိုက်မိပါသည်။

"ဟိတ်... နင့်ကိုပြုံးပြသွားတယ်မဟုတ်လား"

"မသိဘူးလေ... ငါမျက်စေ့ပိတ်ထားတာပဲ... နင်ကရော မျက်စေ့ပိတ်မထားဘူးလား"

www.burmeseclassic.com



"အစကတော့ ပိတ်ထားတာပါပဲ... ဒါပေမယ့် ဒီလူဒီနား ရောက်ကာနီးကျ နင့်ကိုကြည့်လား မကြည့်လားသိချင်လို့ မသိမသာဖွင့်ကြည့်လိုက်တာ"

"ကြည့်သွားလား"

"ပြုံးတောင်ပြသွားသေးတယ်... နင်အိပ်နေရင် သူပြုံးပြပါ့မလား... မှန်မှန်ပြောစမ်း... နင်ပြန်ပြုံးပြတယ်မဟုတ်လား... ပြောပြော"

လက်မောင်းကို ဆွဲဆိတ်ရင်း၊ ရယ်ရင်းမေးနေသလို၊ မြလေး ကလည်း ဆွဲဆိတ်၍ နာသည်ဟုအော်နေသော်လည်း ရယ်သံဖြင့် အော်ခြင်းဖြစ်သည်။

အပျိုမနှစ်ယောက်၏ ရယ်သံကြောင့်လားမသိ၊ နောက်မှ ရွှေမင်းသားကလည်း ပြုံးနေပါသည်။





၂

"ဟင်... သူမရှိတော့ဘူး"

အိပ်ပျော်သွားကြပါသည်။ တောင်ငူဘူတာကထွက်မှ လန့်နိုးကြခြင်းဖြစ်သည်။ နာရီကြည့်တော့ (၁၀) နာရီထိုးတော့မည်။

"ထုံးစံအတိုင်း ရှေ့တွဲကို သွားလည်နေတာဖြစ်မှာပေါ့...ဒါမှမဟုတ် အိမ်သာဝင်တာဖြစ်ချင်ဖြစ်မှာပေါ့... နင်ကလည်းအဖြစ်သည်း နေလိုက်တာနော်... ဆင်းသွားတော့လည်း ကိုယ့်အပူဘာမှမပါဘူးလေ... ဒီဘူတာမဆင်းရင် နောက်ဘူ

www.burmeseclassic.com



တာ... နောက်ဘူတာမဆင်းရင်တောင် ခရီးဆုံးဖြစ်တဲ့ မန္တလေး ကြရင်တော့ ကိုယ့်ခရီးကိုယ် ဆက်ရမှာပဲ... ကိုယ့်အမျိုးလည်း မဟုတ်... ကိုယ့်မိတ်ဆွေ... အပေါင်းအသင်းလည်း မဟုတ်တဲ့ သူကိုများ နင်ကနှောင်ဖွဲ့စွဲလန်းချင်နေသေးတယ်... နင့်လိုသာဆို ခရီးသွားပြီး နေ့တိုင်းအရောင်းအဝယ် လုပ်နေတဲ့လူတွေဆို လွမ်းလို့ကို ဆုံးမှာမဟုတ်တော့ဘူး"

'သက်မူ' သိတာပေါ့။

ဟိုလူများ ပြန်ရောက်လာဦးမလားဟု ပျဉ်းမနားဘူတာ ရောက်သည်အထိ 'မြလေး' ထိုင်စောင့်နေကြောင်း။

'မြလေး' ဘာဖြစ်နေတာပါလိမ့်။

ကိုယ့်ကိုယ်ကို အံ့ဩနေမိသည်။

ချစ်သူရည်းစားဟူ၍ တိတိကျကျ သတ်သတ်မှတ်မှတ် မထားဘူးသေးသော်လည်း ချစ်ခွင့်ပန်ထားသူတွေ ရှိသဲ့သဲ့ဖြင့် နောက်ပိုးနေသူတွေ နေ့စဉ်နှင့်အမျှ အနီးအနားတွင် ရှိနေခဲ့ပါသည်။

မိခင်ဖြစ်သူကလည်း အသက်အစိတ်ပြည့်လျှင်တော့ ယူသင့်သူကို ရွေးချယ်ပြီး ယူလျှင်ယူ၊ မယူသေးလျှင်လည်း မိဘတို့ဝတ္တရားအတိုင်း သမီးကညာကို အချိန်မခါမလင့်သွားစေရန်





ကြိုတင်ပြောထားခဲ့သည်။

ဤရထားတွဲပေါ် မရောက်ခင်အထိတော့ တစ်နေ့နေ့ အိမ်ထောင်ပြုမည်ဆိုလျှင် မျက်စောင်းထိုး ခြံကြီးထဲက 'ကိုဟန် ဝင်း' ကို ရွေးချယ်ဖို့သင့်သည်ဟု မိခင်ကြီးက ပြောထားသည်။

'မြလေး' ကိုယ်တိုင်လည်း 'ကိုဟန်ဝင်း' ကို ဦးစားပေးရွေး ချယ်ထားပါသည်။ 'ကိုဟန်ဝင်း' က ဘွဲ့ရပြီးသား၊ ရုပ်ရည်လည်း သန့်ပြန့်သည်။ ပြီးတော့ တစ်ဦးတည်းသော သား၊ ခြံကြီး၊ တိုက် ကြီးကို အမွေရမည့်သူ၊ ကိုယ်ပိုင်ကားနှင့် မြို့ထဲတွင် ကိုယ်ပိုင် စတိုးဆိုင်ကြီးနှင့် ရေကန်အသင့် ကြာအသင့်ဖြစ်သည်။

'ကိုဟန်ဝင်း' က မျက်စောင်းထိုးအိမ်မှ အပျိုမလှလှလေး ဖြစ်သည့် 'မြလေးခန့်' ကို ပန်းစီးလှလှလေးတွေ၊ မုန့်ပုံးနှင့် ပန်းသီး၊ အချိုအချဉ်၊ ချောကလက်၊ သကြားလုံး မုန့်မျိုးစုံကို ပန်းခြင်း ထဲတွင် ပန်းခိုင်များနှင့် လှပအောင်ပြင်ဆင်ပြီး ပို့ပေးတတ်သည်။ တယ်လီဖုန်းနှင့် သူပို့ပေးသော ပစ္စည်းများရရှိသလားဟု မေး တတ်သည်။

'မြလေးခန့်' ၏ မွေးနေ့ကို မှတ်မိနေသဖြင့် မွေးနေ့တိုင်း တန်ဘိုးရှိသည့် လက်ဆောင်ပစ္စည်းကို ပို့ပေးတတ်သည်မှာ လေးနှစ်ဆက်တိုက်ပါပဲ။

www.burmeseclassic.com



သို့သော် ချစ်ပါသည်ဟုဖွင့်မပြောသေးသလို၊ လူချင်းတွေ့အောင်တော့ မကြိုးစားသေးပါ။

သူကိုယ်တိုင် ချစ်ခွင့်မတောင်းသေးသော်လည်း သူများတွေယူသွားမှာ၊ ကြိုက်သွားမှာလည်း စိုးရိမ်ပုံရသည်။

သူပေးသောလက်ဆောင်ပစ္စည်းထုပ်များတွင် စာတိုလေးများပါလာတတ်သည်။

'မြလေးခန့်' ကို သူမြတ်နိုးကြောင်း။

'မြလေးခန့်' ကို သူအမြဲစောင့်ကြည့်နေကြောင်း။

'မြလေးခန့်' ဘွဲ့ရပြီးလျှင် သူ့မိဘများနှင့် လာရောက်တောင်းရမ်းမည်ဖြစ်ကြောင်း ရင်ခုန်အောင် ရေးပေးတတ်သည်။

သူငယ်ချင်းများထဲတွင် 'ခင်သက်မူ' ကို အခင်ဆုံးဖြစ်၍လည်းကောင်း၊ ဖွင့်မပြောလျှင် မဖြစ်၍လည်းကောင်း 'ကိုဟန်ဝင်း' အကြောင်းကို ဖွင့်ပြောထားရသည်။

'ခင်သက်မူ' က ယောင်းမတော်ချင်သည်ဟု မကြာခဏကမ်းလှမ်းတတ်၍ ဖွင့်ပြောရခြင်းဖြစ်သလို...

ကျောင်းမှ တစ်နှစ်ထဲ သမားတစ်ယောက်က အတင်းချစ်ခွင့်တောင်းပြီး အဖြေတဂျီဂျီတောင်းနေသဖြင့် မိဘတွေသဘောတူထားတာရှိပါသည်။ လက်ထပ်ခွင့်တောင်းထားသူရှိပါသည်ဟု





ဖွင့်ပြောရခြင်းဖြစ်သည်။

ခက်တာက 'ကိုဟန်ဝင်း' ပင်ဖြစ်သည်။

'မြလေး' ကို ကြိုးရှည်ရှည်ဖြင့် တုတ်ထားခြင်းမျှသာဖြစ်သည်။

မိဘများနှင့် တရင်းတနှီးခေါ်ပြောနှုတ်ဆက်တတ်သည်။ 'မြလေး' ကိုကျတော့ ကားပေါ်က ပြုံးပြသွားယုံ၊ လက်ပြနှုတ်ဆက်သွားယုံ၊ လက်ဆောင်ပစ္စည်းပို့ပေးယုံ၊ တယ်လီဖုန်းထဲမှ မနက်စောစော ဂွတ်လ်မောနင်းလုပ်တတ်ယုံ၊ အိပ်ယာဝင် ဂွတ်ဒ်နိုက် လုပ်တတ်ယုံကလွဲလျှင် တွေ့ခွင့်လည်းမတောင်း၊ တွေ့ရန်လည်းမကြိုးစား။

"နင့်လူကြီးက ငကြောင်ကြီးပါဟာ... နင့်ကို သက်သက်ကလိနေတာ... နင့်ကို ရုပ်ကလေးလှလို့ အိမ်နီးချင်းလဲဖြစ်လို့ တမင်အပျင်းပြေလုပ်နေတာ... ကြောင်ကြီးက ကြွက်ကလေးကို ဆော့သလို ဆော့နေတာ... ငါ့စိတ်ထင်တော့ တခြားမှာ ချစ်သူတို့စေ့စပ်ထားတာတို့ရှိမှာ သေချာတယ်... ဒီလူကြီးကို ခေါက်ထားလိုက်စမ်းပါ"

သည်လိုသွေးထိုးသဖြင့် 'မြလေး' ရှက်ပြီး မခြင်အောင်ပုန်းနေလိုက်သည်။ မျက်နှာချင်းဆိုင်တိုးလျှင်လည်း မျက်လွှာချ

www.burmeseclassic.com



ထားလိုက်သည်။

ထိုအခါ လက်ဆောင်ပစ္စည်းများထဲမှာ စာတန်းကလေးများဖြင့် ချော့တတ်သည်။

'စိတ်ကောက်နေတဲ့ ကောင်မလေးအတွက်အမှတ်တရ"

'မချော့တတ်ဘူးနော်' ဟု ရေးပို့ပြီးသောအချိန်လောက်တွင် 'မြလေး' တို့မိသားစုအတွင်းမှ နာရေးကိစ္စဖြင့် အလုပ်ရှုပ်ခဲ့သလို၊ 'ကိုဟန်ဝင်း' နှင့် အဆက်အသွယ်ပြတ်သလို ဖြစ်သွားခဲ့သည်။

အလုပ်ရှုပ်နေ၍ သတိမထားခဲ့မိသော်လည်း ကိစ္စဝိစ္စများပြီးဆုံးပြီး ပုံမှန်အနေအထားရောက်သွားချိန်တွင် 'ကိုဟန်ဝင်း' သဘောထားပြောင်းလွဲသွားမှန်း ပို၍သိသာလာခဲ့သည်။ နာရေးကိစ္စတုန်းကလည်း သူတို့မိသားစုကိုမမြင်။ ဘယ်လူမျိုး၊ ဘယ်ဘာသာတွင်မဆို သာရေးကိစ္စတွင် အကြောင်းအမျိုးမျိုးပြပြီး ရှောင်လွှဲလျှင်ပင် စိတ်ခုတတ်စမြဲ၊ နာရေးဆိုလျှင်တော့ ဖြစ်သည့်နည်းဖြင့်လာရောက် အားပေးတတ်စမြဲ၊ အကြောင်းအမျိုးမျိုးကြောင့်ရောက်မလာနိုင်လျှင်တောင် တယ်လီဖုန်းဖြင့်၊ စာဖြင့်တောင်းပန်ကြစမြဲ။

"'ကိုဟန်ဝင်း' တို့မိသားစုက မျက်နှာချင်းဆိုင်မှာနေပြီး





ရှိင်းလိုက်တာနော်"

"ညည်းဘာမှ စိတ်မကောင်းဖြစ်မနေနဲ့... ဒါသူ့အမေလက်ချက်နေမှာ... နဂိုတည်းက ညည်းနဲ့သဘောမတူဘူးဆိုတာသိပြီးသား... ဒါကြောင့် 'ဟန်ဝင်း' ခြေလှမ်းတွေရှေ့မတိုးတာ... ခုတော့ မပတ်သက်ချင်ဘူးဆိုတဲ့ သဘောနဲ့တမင်ကို ရှိင်းပြလိုက်တာ"

'မြလေး' က ငိုသံဖြင့် ...

"'မြလေး' နဲ့သဘောမတူရအောင် 'မြလေး' က ဘာတွေချို့ယွင်းနေလို့လဲ... ဘွဲ့လည်းရတော့မှာပဲ"

"ဟင်... ဘာလဲ ညည်းက ဒီကောင့်ကို လက်လွှတ်ရမှာစိတ်မကောင်းဖြစ်နေတာလား... ဘာလဲစွဲလန်းနေလို့လား"

"မဟုတ်ပါဘူး မေမေရာ... ကိုယ်နဲ့သဘောမတူဘူးဆိုတာကြားရတော့ နေရင်းထိုင်ရင်း အစော်ကားခံလိုက်ရသလိုပဲပေါ့"

'ဒေါ်မြမြတ်မူ' က မျက်နှာကို မဲ့ရွဲ့ရင်း ...

"ဟွန်း... ဒင်းအမေက 'သီတာဝဏ်' တို့မောင်နှမနဲ့ဆွေမျိုးတွေလို နေလာကြတာဆိုတော့ 'ကိုမေအောင်' နဲ့ ယူတုန်းကလဲဖျက်ကြသေးတာ... ငါတို့သားအမိ ဒီအိမ်ကြီးပေါ်ရောက်

www.burmeseclassic.com



လာတာကို ကျေနပ်ကြတာမှ မဟုတ်တာ… ငါထင်တာတော့ 'သီတာဝဏ်' တို့ မောင်နှမဘက်ကနာပြီး တမင်ငါ့သမီးကိုချစ်ချင်ယောင်ဆောင်နေတာများလား"

"အို… စိတ်ညစ်စရာကောင်းလိုက်တာ မေမေရာ… 'မြလေး' မှာ ပြေးစရာမြေမရှိလို့သာ အောင့်အီးပြီးနေ နေရတာပါ… အိမ်အကျယ်ကြီးမှာ လာနေရပေမယ့် 'မြလေး' အတွက်တော့ စိတ်တွေတင်းကြပ်လွန်းလို့ ပျော်ကိုမပျော်ပါဘူး… အလုပ်ရရင်တော့ ဒီအိမ်မှာကို နေကိုမနေဘူး"

"ဘာဆိုင်လဲ… ဒါကိုယ့်အိမ်ပဲ 'ကိုမေအောင်' ဟာ ငါ့ယောကျ်ားပဲ… ယောကျ်ားပစ္စည်း ဇနီးလည်း ပိုင်ဆိုင်တာပဲ… 'ဦးအောင်' ဟာ ပထွေးဆိုပေမယ့် ညည်းအပေါ်သမီးရင်းလို ချစ်ရှာသားပဲ"

"အမေရာ… လူတွေရဲ့ပါးစပ်နဲ့မျက်လုံးက ကြောက်စရာကောင်းလွန်းလှပါတယ်… 'ဦးအောင်' က အမေ့ထက်ငယ်ပြီး ရုပ်ကလဲချောတော့ ကွယ်ရာမှပထွေးနဲ့ မယားပါသမီး ဘယ်တော့ငြိမလဲဆိုတဲ့ အပြောတွေအကြည့်တွေရဲ့ဒဏ်ကို 'မြလေး' ခံစားနေရတာ အမေမသိဘူးနော်… ခပ်ငယ်ငယ်တုန်းက ဒီပြောသံတွေ မညံ့သေးပေမယ့် 'မြလေး' ဆယ်တန်းအောင်တဲ့နှစ်မှာ





နားမခံသာတော့ဘူး"

"အလုပ်ရ… ယောကျ်ားရပြီးရင်တော့ ဒီဝဋ်ကကျွတ်သွားမှာပါအေ… လာတောင်းတဲ့သူရှိရင် ကောင်းကောင်းမွန်မွန်ထဲက ဆိုပေးစားမယ်… ညည်းကြိုက်တာတွေ့ရင်လဲပြော"

'မြလေး' က သက်ပြင်းလေးချရင်း …

"ဒီအိမ်ကြီးမှာနေ နေရတဲ့ အမေရော… 'မြလေး' ရော… အမေ့မောင်နှစ်ယောက်ရော… သိုက်တူးတဲ့အဖွဲ့ဆိုပြီး စော်ကားခံနေရမယ့် အတူတူ 'ဦးအောင်' ကို ကွာပစ်လိုက်ပါလား အမေရယ်"

"အို… သူ့မှာ ဘာမှအပြစ်မရှိဘဲ ဘာလို့ ကွာရမှာလဲ… သူနဲ့ကိုယ်ချစ်လို့ စုံမက်လို့ ယူထားတာ… ဘာမှသိုက်တူးတာမဟုတ်ဘူး… သူနဲ့ရတဲ့ကလေးပဲ (၁၀) နှစ်တောင်ရှိနေပြီ… အိမ်ထောင်သက် (၁၀)နှစ်ဆိုတာနည်းတဲ့ခရီးမဟုတ်ဘူး 'မြလေး' ရဲ့… အမေ့အနေနဲ့ နောက်ထပ်ဒီလိုယောကျ်ားမျိုးကို ထပ်မရှာနိုင်တော့ဘူး…ဒီတော့ ဘယ်သူဘာပြောပြော သည်းခံနေရတော့မှာပဲ… 'အောင်' ကိုယ်တိုင်ကလည်း အပြစ်ပြောစရာမရှိအောင် ခုချိန်ထိကောင်းနေဆဲပဲ… တစ်နေ့သူက မကောင်းတော့ဘူး… မောင်းချမယ်ဆိုရင်တောင် မေမေ့ဘက်ကတော့ လွယ်လွယ်နဲ့

www.burmeseclassic.com



ဆင်းပေးဖို့ ရည်ရွယ်ချက်မရှိဘူး သမီး... နေရာတကာတိုင်းမှာ မာနကြီးနေလို့ မဖြစ်ဘူးလေ... ဘဝဆိုတာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားမှာ ဖြစ်ပေါ်လာတဲ့ ဒုက္ခ... သုခတွေကို ရင်ဆိုင် ရှန်းကန်ရခြင်းပဲ မဟုတ်လား... သုခနဲ့တွေ့ရင်ပျော်ရဲကြသလို... ဒုက္ခနဲ့တွေ့တော့လည်း ရင်စီးခံနိုင်ရဲရမှာပဲပေါ့"

ထိုစဉ် 'မင်းနိုင်' မျက်စေ့ပျက် မျက်နှာပျက်ဖြင့် အိပ်ခန်းထဲပြေးဝင်လာပြီး ...

"'မမြတ်' က ကလေးကိုပစ်ပြီး ဒီမှာလာစကားကောင်းနေတာကိုး"

"မင်းကို စောင့်ခိုင်းထားတာပဲ"

"ဟာ... ကျွန်တော် မစောင့်ချင်တော့ဘူး... ဒီညသူငယ်ချင်းတွေအိမ်ပဲ သွားအိပ်တော့မယ်"

'ဒေါ်မြမြတ်မူ' က ဝုန်းကနဲထရပ်ရင်း ...

"မင်းတို့ကလဲ ရှင်နည်းရာ အဂ္ဂလူထွက်လုပ်မနေစမ်းပါနဲ့ကွာ... 'အောင်' မရှိရင် မင်းတို့ရှိကိုရှိရမယ်... 'သားထွေး' ကလည်း နေကောင်းသေးတာမဟုတ်ဘူး"

'မင်းနိုင်' က ငိုမလိုမျက်နှာဖြင့် ...

"ဒီည 'ကိုခိုင့်' အလှည့်ပဲ... သူသိပ်လူလည်ကြတယ်...





ခုထိ ပြန်မလာသေးဘူး"

"အေး... သူ့ကိုလဲ ပြန်ခေါ်မယ်... မင်းရော သူရော ဒီညကစပြီး တခြားမှာမအိပ်ရဘူး... ငါအခုသွားခေါ်ပေးမယ်... ကလေးနားသွားစောင့်နေဦး"

'ဒေါ်မြမြတ်မူ' က အော်ဟစ်ပြီး ထွက်သွားခဲ့ပြီ။

"သွားစောင့်လေ 'လေးလေးနိုင်' ရယ်... ဘာဖြစ်နေတာလဲ"

'မင်းနိုင်' က ကြက်သီးများ တဖြန်းဖြန်းထရင်း...

"ငါ မသွားရဲလို့ပါဟာ... 'သားထွေး' ကို ဒီအခန်းထဲ ရွှေ့ခဲ့ရင်ကောင်းမယ်"

"ဘာဖြစ်လို့တုန်း 'လေးလေးနိုင်' ရဲ့"

"ဟိုအခန်းမှာ နေရတာ အလကားနေရင်း ကြက်သီးထရတဲ့အထဲ စောစောက ဟိုဘက်အခန်းထဲမှာ ဘီဒိုတံခါးဖွင့်သံကြားလို့'ကိုခိုင်'ပြန်လာတာမှတ်ပြီး ဝမ်းသာအားရ ပြေးဝင်ကြည့်မိတော့ အခန်းထဲဘယ်သူမှ မရှိတော့ဘူး... ဘီဒိုတံခါးကြီးကတော့ပွင့်ပြီး အဝတ်တွေလဲ ဘီဒိုထဲက တို့လို့တန်းလန်းကျနေတယ်"

"ဘီဒိုသော့ခတ်ထားတာ မမိလို့နေမှာပါ 'လေးလေးနိုင်'

www.burmeseclassic.com



ရယ်...'လေးလေးနိုင်' တို့ကလည်း ယောကျ်ားရင့်မကြီးတွေဖြစ်ပြီး အရမ်းကြောက်တတ်တာပဲ... 'လေးလေးနိုင်' တို့က ပေါက်ကရ လျှောက်လျှောက်ပြောပြီး တစ်နေကုန် အပြင်ထွက်နေကြတာ အိမ်ထဲမှာ နေခဲ့ရတဲ့ 'မြလေး' ဖြင့် ထွက်ကိုပြေးချင်တာ"

"နောက်နေတာ မဟုတ်ဘူး ငါ့တူမ... ငါတို့ကိုယ်တိုင် လည်းနေကိုမနေချင်တော့တာ... နင့်အမေကို မလွန်ဆန်နိုင်လို့ သာ... 'မမြတ်' က ငါတို့အမေဆိုလည်း မမှားဘူး... သူ့ကျေးဇူး တွေကြီးခဲ့လွန်းလို့သာ အောင့်အီးပြီးနေရတာ"

" 'လေးလေးနိုင်' တို့နှစ်ယောက်လုံး သိပ်အသည်း ကြောင်လွန်းတယ်...'လေးလေးနိုင်' ကလည်းညတိုင်းခြေထောက် လာဆွဲတယ်ပြောလိုက်... ဆံပင်လာဆွဲတယ်ပြောလိုက်နဲ့..."

"တကယ်အဆွဲခံရတာနေမှာပဟ... ဒါကြောင့် ငါနဲ့အတူ လာပူးအိပ်တာပေါ့"

"သူကတော့ ညမို့ကြောက်တာထားပါတော့... 'လေး လေးနိုင်' ကတော့ နေ့ခင်းကြီး လွန်လွန်းတယ်"

"နင့်ဆို အသက်တောင်ထွက်သွားမယ်နားလည်လား... ဘီဒိုထဲအဝတ်တွေကောက်ထည့်နေတဲ့ ငါ့လက်ကိုတောင် ဟောဒီ လို လှမ်းကိုင်လိုက်သလိုပဲ"





ပြောရင်း 'မင်းနိုင်' က 'မြလေး' လက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပြလိုက်သဖြင့် 'မြလေး' က ငယ်သံပါအောင် အော်ပစ် လိုက်တော့သည်။

"အမယ်လေး"

www.burmeseclassic.com



၃

"အမယ်လေး"

"ဟဲ့... ဘာဖြစ်လို့ ဒီလောက်အော်နေတာတုန်း... မန္တလေးရောက်တော့မှာမို့ နင့်ကိုနှိုးနေတာ... ပါးစပ်က သုံးလေးခါနှိုးနေတာမကြားလို့လက်ကို လှမ်းပုတ်တာများ အထိတ်တလန့် ထအော်နေလိုက်တာ... သူများတွေတောင် လှည့်ကြည့်ကုန်ပြီ"

"ဆောရီးကွာ... ငါအိပ်ပျော်သွားလို့ပါ"

'မြလေးခန့်' အူယားဖားယားဖြင့် ပစ္စည်းတွေကောက်ထည့်နေသဖြင့် ...





"ကဲပါ... ငါသိမ်းပါ့မယ်... ခေါင်းလေးဘာလေးဖြီး... မျက်နှာအမြန်သစ်ပြီး ပြင်လိုက်ဆင်လိုက်ဦး... ငါ့အမျိုးတွေကို 'မြလေးခန့်' ဆိုတဲ့ ကောင်မလေးသိပ်ချောတာလို့ ကြွားထားတာ... တော်ကြာ ခေါင်းစုတ်ဖွားနဲ့ ကြောင်ချေးရုပ်နဲ့မြင်ပြီး လန့်သွားကြဦးမယ်"

'မြလေးခန့်' ပုံစံက ရှင်ရှင်ပြပြမရှိလှ။

"ဟယ်... ဟိုမှာ နင့်လူကြီးမဟုတ်လား"

"ဟင်"

ဟုတ်ပါသည်။ ဂျာကင်နက်ပြာရောင်ထပ်ဝတ်ထားပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက်စောင်းထားသော်လည်း အရပ်မြင့်မြင့်နှင့် သူ့ပုံစံက လူကြားတွင်ထင်းနေပါသည်။

သူက ရှေ့တွဲတွင်သွားစီးခဲ့ခြင်းပါလား။

ခပ်ပြုံးပြုံးလှမ်းကြည့်ဖော်ရသော သူ့ကို 'မြလေး' ဝမ်းနည်းသလို၊ ရှက်သလို မျက်နှာလေးဖြင့် ပြန်ကြည့်မိပါသည်။

သူက 'မြလေး' ကို မျက်စေ့နောက်၍ တခြားတွဲမှာ သွားစီးတာပေါ့လေ။

'မြလေး' ရှက်လိုက်တာ။

'မြလေး' ကဖြင့် သူ့ကိုမတွေ့ရတော့လို့ လွမ်းသလိုကြီး

www.burmeseclassic.com



ကို ဖြစ်ကျန်ရစ်ခဲ့တာ။ အထူးသဖြင့် 'မြလေး' ရဲ့ စွဲလန်းမှုကို သိနေတဲ့ 'ခင်သက်မှု' ကို ရှက်နေမိသည်။

ဘူတာကြီးရှေ့ရောက်သည်အထိ 'ခင်သက်မှု' ကိုလာကြိုသူများနှင့် မဆုံသေးသဖြင့် လည်ပင်းလေးရှည်ပြီး ရှာနေပါသည်။

"အင်း... ငါ့အမျိုးတွေလည်း ဘယ်နားရောက်နေလည်း မသိဘူး... နင့်လူကြီးကတော့ လန်ကရှူဆာကြီးပေါ်ပါသွားခဲ့ပြီ"

ဟုတ်ပါသည်။ သူက ကားထဲမှ ခပ်ပြုံးပြုံးလှည့်ကြည့်သွားသေးသည်။

ဘယ်လိုလူပါလိမ့်။

မဆက်ဆံချင်၊ မခင်ချင်လည်းလှည့်ကြည့်ပြီး ပြုံးပြမနေနှင့်ပေါ့။

ခုတော့ သူလုပ်ပုံက 'မြလေး' ကို လှောင်သလိုလို။

'မြလေး' ကံမကောင်းပါလား။

အိမ်မှာမနေချင်၍ ငှက်အတောင်တပ်ပြီး ပျံသလိုပျံထွက်လာလင့်ကစား၊ ပျော်စရာ၊ ကြည်နူးစရာနှင့်မတွေ့ရပါလား။

သူနှင့်မျက်လုံးခြင်းဆုံပြီး ရင်တွေခုန်လိုက်ရတုန်းကတော့ ယခုလို ရုတ်တရက်ပြန်ခွဲခွာရလိမ့်မည်ဟု မတွေးမိခဲ့ပါ။





တခြားလူတွေရော 'မြလေး'လိုခဏလေးမြင်၊ ခဏလေးတွေ့ခဲ့ရသူက စွဲစွဲလန်းလန်း၊ လွမ်းလွမ်းဆွတ်ဆွတ်ရှိတတ်ကြသလားမသိပါ။

'မြလေး'၏ အသည်းနှလုံးတွေ ဤမျှအထိ ပျော့ညံ့လိမ့်မည်ဟု ဘယ်တုန်းကမျှ မတွေးမိခဲ့ဘူးပါ။

"'သက်မှု' ရေ ငါတို့ဒီမှာဟေ့"

လမ်းကူးဖို့ပြင်နေသော 'ခင်သက်မှု' ကို ဘူတာထဲမှ လှမ်းအော်နေခြင်းဖြစ်သည်။ အပြေးအလွှားရောက်လာကြပြီး ...

"ခုလိုဖြစ်မှာစိုးလို့ လူခွဲပြီးစောင့်တာတောင်လွဲဖြစ်အောင် လွဲသေးတယ်ဟ... သူက 'မြလေးခန့်' ဆိုတာလား"

"ဟုတ်တယ်လေ... ချောတယ်မဟုတ်လား"

"ချောတယ်... ချောတယ်... 'မြလေးခန့်' ချောကြောင်း... သဘောကောင်းကြောင်းတွေကို ဖုန်းဆက်တုန်းက ပြောပြထားလို့သိထားနှင့်တာလေ... လာ 'မြလေးခန့်'... 'စုံပွင့်' တို့ တစ်အိမ်လုံးကခင်တတ်ကြပါတယ်... ကိုယ့်အိမ်လိုသဘောထားပြီး သာနေနော်...ဟော 'ကိုရဲရင့်' တောင် ကားနားပြန်ရောက်နေပြီပဲ... လာ....လာ"

ဗင်ကားဖြူဖြူ လေးနားတွင် အသားညိုညို၊ အရပ်မြင့်

www.burmeseclassic.com



မြင့်နှင့်ရုပ်ရည်အသင့်အတင့်ရှိသော လူရွယ်တစ်ယောက်ရပ်နေပါသည်။

"ဒါ 'ကိုရဲရင့်' တဲ့... 'စုံပွင့်' ရယ်... 'သက်မှု' ရယ်... 'ကိုရဲရင့်' ရယ်ဟာ အဖေညီအစ်ကိုသုံးယောက်က မွေးထားတဲ့ မောင်နှမဝမ်းကွဲတွေလေ... 'ကိုရဲ' တို့အိမ်နဲ့ 'စုံပွင့်' တို့အိမ်က တစ်ပြလောက်တော့ဝေးတယ်... 'စုံပွင့်' တို့ အိမ်မှာ ယောကျ်ားသားသိပ်မရှိတော့ 'ကိုရဲ' ကပဲ လာကူညီရတာများတယ်လေ"

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်ရှင့်"

'ရဲရင့်' က နှုတ်ခမ်းတင်းတင်းစေ့၍ ခေါင်းညိတ်ရင်း ပြုံးပြပါသည်။

"ကဲ... အိမ်ကို တန်းသွားကြမှာလား"

"အိမ်ကိုပဲ သွားကြဦးမယ်... ညနေလောက်မှ အပြင်ထွက်ကြတာပေါ့"





"ဟော့ကောင်... 'ကိုစန်း' "

"ဟေး... 'ရဲရင့်' "

'ရဲရင့်' က ကားမောင်းရင်းလှမ်းအော်သလို၊ မျက်နှာခြင်းဆိုင်မောင်းလာသော ကားပေါ်မှလူကလည်း ပြန်ထူးပြီး ကားရပ်လိုက်သည်။ 'သက်မှု' ရော၊ 'မြလေး' ပါ ထိုကားကို လည်ပင်းလိမ်၍လှည့်ကြည့်မိကြသည်။

"ဟော့ 'မြလေး'... မင်းလူကြီးစီးသွားတဲ့ကားပဲ"

"အင်း"

www.burmeseclassic.com



'ကိုရဲရင့်' က ကားထဲမှဆင်းပြီး ...

"မင်း... ဘယ်တုန်းက မန္တလေးရောက်တာလဲ"

"ညကပဲကွ...အကူအညီတောင်းလို့ ဒီကားကို လာမောင်းပေးရတာ... အခုတက်တော့မှာ"

"ဒါ 'နန္ဒမာလာ' ခြံကြီးထဲက ကားမဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကိုလာကြိုတာလဲ"

" 'ကိုကျော်ဇေယျ' ကိုလေ... 'ကိုထွတ်' အကူအညီတောင်းတာကြောင့်ရော... မောင်းခနှစ်ဆရလို့ရော ဆိုပါတော့ကွာ... မင်းရော... 'ဖွာလေး' ဆီ ဘာမှာအုံးမလဲ"

"အင်း...ငါတို့လဲ ဒီတစ်ပါတ်အတွင်း ရောက်လာမယ်လို့ 'ဖွားလေး' ကို ပြောထားပေးလိုက်ပါဦး"

"ဟုတ်ပြီ... ဒါဆို ကိုယ်သွားတော့မယ်"

'မြလေး' တို့ သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကို တစ်ယောက်လှမ်းကြည့်မိကြသည်။

သူ့နာမည်က 'ကျော်ဇေယျ' တဲ့။

"သူက ငါတို့'ဖွားလေး' တို့နေတဲ့ တောင်ပေါ်မြို့မှာ နေတာပဲ 'မြလေး' ရေ... နင့်ဇာတ်လမ်းက မပြီးသေးဘူးပဲ"





'မြလေး' ရင်တွေ အံ့ရမ်းခုန်နေပါပြီ။

သူနှင့်စတွေ့ထဲက 'မြလေး' အဖြစ်က ဖရိုဖရဲပုံစံတွေနှင့် လူအထင်သေးစရာဖြစ်ခဲ့ရသလို သူက 'မြလေး' ကို အရေးတယူမရှိဘဲ ရထားတွဲပင် ပြောင်းစီးသွားခဲ့သဖြင့် သူငယ်ချင်းအရင်းခေါက်ခေါက်ရှေ့တွင် အရှက်ကွဲခဲ့ရပြီးပြီ။ ရှေ့ဆက်ပြီး အရှက်ကွဲမှာတော့ စိုးရွံ့လှပါသည်။

" 'ကိုရဲ' ရေ... ဒီကားက 'နန္ဒမာလာ' ခြံကြီးထဲက ကားလို့ကြားလိုက်တယ် ... ဟုတ်လားဟင်"

"ဟုတ်တယ်လေ"

"အရမ်းတိုးတက်ပြောင်းလဲနေပါရောလား... 'သက်မှူ' တို့လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က 'ဖွားလေး' ဆီရောက်တုန်းက အော်စတင်ကားလေးရယ်... ဂျစ်ကားရယ်... ရထားလုံးရယ်ပဲ ရှိတာ"

"ဆယ်နှစ်ဆိုတဲ့နှစ်သက်ကနည်းတာမှ မဟုတ်ပဲလေ... ဒီနှစ်တွေအတွင်းမှာ ... သူတို့ခြံကြီးထဲက လူတစ်ချို့သေသွားသလို... လူတစ်ချို့ ထပ်တိုးလာတယ်... လူတစ်ချို့ အသက် (၁၀) နှစ်ကြီးသွားကြတယ်လေ... အော်စတင်ကနေ ပါဂျဲရိုး ... လန်ကရူဆာတွေ ဆယ်ဘီးကားတွေ အများကြီးပြောင်းသွားပြီ"

www.burmeseclassic.com



"သူတို့က အရမ်းချမ်းသာတယ်နော်... 'ဖွားလေး' တို့ ငယ်ငယ်ထဲက ချမ်းသာတာတဲ့... အခု 'ဖွားလေး' တောင်အသက် ခုနစ်ဆယ်ကျော်သွားပြီ သူတို့ကပိုပြီးတော့တောင် ချမ်းသာလာ တာပေါ့"

"အော်... ငါ့ညီမရယ်... 'ဖွားလေး' ပြောသလို သူတို့က ကိုင်လိုက်ရင် ရွှေဖြစ်တဲ့ လက်လားမှမသိတာ... လိုတရဂါထာ များရထားသလားမှ မသိတာ"

"'ဖွားလေး' တို့များ အံ့ပါ့နော်... သူတို့ခြံနဲ့ နီးနီးလေး မှာနေပြီး ခင်အောင်ပေါင်းတာမဟုတ်ဘူး"

"'ဖွားလေး' ကလည်း ခပ်အေးအေးသမား... ပိုက်ဆံသာ မချမ်းသာတာ... မာနကတော့ အကြီးသား... သူတို့ခြံထဲကို ငယ် ငယ်တုန်းက ပြေးရင်းလွှားရင်း ဆော့ရင်းကစားရင်း တစ်ခါပဲ ရောက်ဖူးတယ်တဲ့... ခွေးနဲ့ရှူးတိုက်လွှတ်တဲ့လူကတိုက်... လိုက် ရိုက်တဲ့လူကရိုက်နဲ့မို့ နောက်ထပ်ဘယ်တော့မှ သွားလည်း မသွားတော့ဘူး... ပတ်လည်းမပတ်သက်တော့ဘူးတဲ့... 'နန္ဒမာ လာ' ခြံထဲက လူတွေဟာ ပိုက်ဆံချမ်းသာသလောက် ပေါင်းသင်း သက်ဆံရေးညံ့ပြီး ဘဝင်မြင့်လွန်း... မာနကြီးလွန်းတယ်ပြော တာပဲ... ဒါကြောင့် မြို့ပေါ်ကလူတွေက သူတို့မိသားစုကို





အမြင်ကတ်ပြီး မခေါ်မပြောဘဲနေလာတာ ကြာပြီပဲ"

ထိုစကားကြောင့် 'ခင်သက်မှူ' က 'မြလေးခန့်' ၏ ပေါင်ကို လှမ်းဆိတ်နေပါတော့သည်။

'မြလေး' စိတ်ဝင်စားမိသောသူ၊ စွဲလန်းမိသောသူသည် 'မြလေး' ထင်ထားတာထက်ပိုပြီး မြင့်မားနေပါရောလား။ သူ့ရုပ် ရည်သန့်သန့်ပြန့်ပြန့်နှင့် သူ့အသိုင်းအဝိုင်းမြင့်မားမှုက 'မြလေး' ကိုအားငယ်စေခဲ့ပါသည်။

'မြလေး'လို ကောင်မလေးတစ်ယောက်ကို သူစိတ်မဝင် စားတာလှစ်လျူပြုတာ မဆန်းပါဘူးလေ။

ဒါပေမယ့် သူက 'မြလေး' ကို လွှမ်းမိုးနေဆဲ စွဲဆောင်နေ ဆဲပါပဲ။

သူ့ညွှတ်ကွင်းထဲ 'မြလေး' မမျှော်လင့်ဘဲ ရောက်ရှိးမှာ တော့သေချာနေပါပြီ။

'မြလေး' ကို သူတို့ရောက်တုန်းရောက်ခိုက် တောင်ပေါ် စခန်းမြို့ဆီသို့ လိုက်ပို့ဖို့ စီစဉ်ထားပြီးသားဖြစ်သည်။

"ဟိတ် 'မြလေး' ငါတို့လည်း 'ဖွားလေး' ကိုမောင်းထုတ် သလို မောင်းထုတ်ခံရမလား မသိဘူး... ဟိုရောက်ရင် သူတို့ခြံထဲ ခိုးဝင်ကြည့်ရအောင်လေ"

www.burmeseclassic.com



'မြလေး' ယောင်ပြီး ပခုံးလေးတွန့်ပြလိုက်မိသည်။

'သက်မှူ' က ပြုံးဖြီးဖြီးမျက်နှာဖြင့် ....

"ဟဲ... ဟဲ... ဖွားလေးတုန်းက မောင်းအထုတ်ခံရပေမယ့် 'မြလေး' ကိုမြင်ရင်တော့ ဟိုလူကြီးက ဝမ်းသာအားရကြိုဆိုမယ် ထင်တယ်"

"ဟင်... ဘာဆိုင်လို့လဲ"

"ရထားပေါ်မှာတုန်းက မင်းကိုရယ်ပြသွားတဲ့ပုံစံက စွဲလောက်တယ်နော်... မင်းကို သူစိတ်ဝင်စားပုံတော့ရတယ်ကွာ"

"ဟုတ်ပါလိမ့်မယ်... စိတ်ဝင်စားရင် ရထားတွဲပြောင်းစီးမတဲ့လား... သိပ်ရိုင်းတဲ့လူကြီး... ပိုက်ဆံရှိတယ်ဆိုပြီး မာနကြီးတစ်ခွဲသားနဲ့"

"စိတ်ကူးမလွဲနဲ့ကိုယ့်လူ... ရအောင်သာယူ... ဒါဆို မင်းတစ်သက်ဇိမ်နဲ့စားယုံပဲ"

"ဟင်... ယူခိုင်းတာကအရင်ပဲ ဟိုလူကဖြင့် မိန်းမရှိလားမသိ ရည်းစွယ်ထားတာ ရှိပြီးသားလားမသိဘူး"

"မရှိရင်ပြောတာပါဟယ်... အဲဒီလူနဲ့ရပြီးရင်လေနင်တို့အိမ်ထက် အစနှစ်ဆယ်လောက်ကြီးတဲ့ အိမ်ကြီးမဟာထဲမှာစံမြန်းရမှာ... အော်မကြား... ခေါ်မကြားလောက်အောင်ကျယ်





တဲ့ ခြံကြီးထဲမှာနေရမှာ ဥပမာပြောရရင် 'မိုက်ကယ်ဂျက်ဆင်' တို့ 'ပေါလ်မက္ကာတနေး' တို့လိုရှုပါတွေနဲ့အပြိုင် သားနားထည်ဝါစွာပေါ့ကွာ"

"အမှန်အတိုင်းပြောရရင် ငါက ငွေတွေ... ဂုဏ်တွေ... ခြံကြီး၊ တိုက်ကြီးတွေမက်တဲ့ အထဲမှာမပါ ပါဘူးကွာ"

'မြလေးခန့်' က ခပ်ငေးငေး ခပ်တွေးတွေးလေးပြောနေခြင်းဖြစ်သည်။

"ဒါပေမယ့် နဖူးစာထဲပါလာရင် လွဲခဲတယ်လေကွာ... မင်းတို့သားအမိနှစ်ယောက်က ငေးလောက်အောင်လှတော့ မင်းအမေဆိုလည်း ပထမယောကျ်ားတုန်းကအရာရှိကြီး... ဟောနောက်ယောကျ်ားကျတော့လည်း လူပျိုအင်ဂျင်နီယာ နိုင်ငံခြားပြန်ကို ခေါင်းခေါက်ပြီးယူနိုင်ခဲ့တာ"

"အဲဒါတွေ သူစိမ်းတွေရှေ့မှာ သိပ်မပြောပါနဲ့ကွာ... ပထွေးနဲ့ နေရတယ်ဆိုရင် လူတွေက အထင်သေးလွန်းလို့ပါ"

"ဆောရီး... ဆောရီး... နှစ်ယောက်ထဲမို့ပြောတာပါ... ငါ့ငွေလိုတိုင်း ချေးပေးတဲ့မင်းကို အဝတ်အစားလိုတိုင်း ငှားတဲ့မင်းကို ဘယ်တော့မှဒုက္ခရောက်အောင်... စိတ်ဆင်းရဲအောင် မလုပ်ဖူးစိတ်ချ"

www.burmeseclassic.com



မန္တလေးမြို့တွင်း မြို့ပြင်ရှိ ဘုရားများကိုရော၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင် စသည်တို့ကို တစ်ပတ်အတွင်း လည်ပတ်ပြီးကြပြီ။

ဖွင့်မပြောမိသော်လည်း 'ကိုကျော်ဇေယျ' ဆိုသူကို ထပ်မံတွေ့ဆုံလိုစိတ်က မကြာခဏဖြစ်ပေါ်နေမိသည်။

မိမိထက် 'ခင်သက်မူ' က ပိုစိတ်ဝင်စားနေပုံရသည်။

"'ကိုရဲ' ကလည်း ခရီးထွက်သွားလိုက်တာ ပေါ်ကိုမလာဘူး သူစောင့်ခိုင်းထားလို့သာ စောင့်နေရတာ... ဖွားလေးဆီ ငါတို့သုံးယောက် အဝေးပြေးကားဂိတ်က မုန့်လုံတွေ ဟီးနိုးတွေ တက်စီးသွားလည်း ရတာပဲဟာ"

"ဟာ... မလုပ်နဲ့... မုန့်လုံတွေက ဖွားလေးတို့ မြို့လေးအထိမရောက်ဘူး... ဖွားလေးတို့ နေရာကိုရောက်အောင် (၅) မိုင်လောက် မြင်းလှည်းစီးသွားရသေးတာ... မုန့်လုံရောက်တဲ့အချိန်က ညနေ (၆) နာရီဆိုတော့ မှောင်နေပြီ... တစ်ခါတလေ လမ်းမှာကားပျက်တာနဲ့ ကြုံရင် ရှစ်နာရီလောက်မှရောက်တာ... ရိုးရိုးသားသားပိုက်ဆံရှာစားတဲ့ မြင်းလှည်းသမားမျိုးဆို ဖွားလေးတို့ခြံဘက်မလိုက်ချင်ကြဘူး... မူးနေတဲ့မြင်းလှည်းတို့... လုယက်ချင်တဲ့ မြင်းလှည်းသမားတို့... ငွေများများပေးရင်လိုက်တဲ့



မြင်းလှည်းတို့လောက်ပဲ လိုက်ကြတာ"

ထိုစကားကြောင့် 'မြလေးခန့်' အံ့သြသွားမိသည်။

'ကိုကျော်ဇေယျ' တို့ခြံက လူသူမနီးတဲ့ တောကြီးမျက်မဲထဲမှာတဲ့လား။

"'စုံပွင့်' တို့ဖွားလေးက ဘာဖြစ်လို့ အဲသလောက်ခေါင်တဲ့ နေရာမှာနေတာလဲဟင်"

"အစွဲပေါ့ 'မြလေး' ရယ်... သူ့မိဘတွေခေါင်းချတဲ့ နေရာ...သူမွေးရပ်မြေဖြစ်လို့လေ... ဖွားလေးတို့ ငယ်ငယ်တုန်းကတော့ လူနေအိမ်ခြေစိတ်တယ်တဲ့... 'နန္ဒမာလာ' ခြံပိုင်ရှင်တွေက ပိုက်ဆံချမ်းသာတိုင်း သူတို့ခြံနဲ့ကပ်လျက်က အိမ်မြေတွေကို ဈေးကောင်းပေးဝယ်ရင်း ရောင်းစားသွားကြတာလေ... ဘယ်လောက်ထိဝယ်လိုက်သလဲဆိုရင် သချိုင်းကုန်းကြမှပဲ အဝယ်ရပ်သွားတာ... ဒါတောင် သူတို့ဆွေမျိုးတွေသေရင် မြှုပ်ဖို့ဆိုပြီး သူတို့ခြံနဲ့ကပ်လျှက်က သချိုင်းမြေကိုတောင်ဝယ်ပြီး သီးသန့်ခြံခတ်ထားသေးတာ"

"အော်"

'မြလေး' ကြားသမျှဖြင့် အံ့သြစရာကြီးပါပဲလား။

"ဖွားလေးတို့ဘက်အခြမ်း ကားလမ်းတလျှောက်ကတော့

www.burmeseclassic.com



သူတို့ပဲ မဝယ်လို့လား... ပိုင်ရှင်တွေကပဲ မရောင်းလို့လားမသိဘူး ခြံကျယ်ကြီးတွေထဲမှာ ခြံပိုင်ရှင်တွေ ရှိကြသေးတယ်... တချို့ ကိုယ်တိုင်မနေကြပေမယ့် ခြံလုပ်ဖို့အလုပ်သမားတွေနဲ့ အပ်ထားကြတယ်... ပျင်းစရာကြီးပါ 'မြလေး' ရယ်... အဲဒီကိုသွားမယ့်အစား အင်းလေးဘက်သွားလည်တာကမှ ဟုတ်တုတ်တုတ်... ဒါမှမဟုတ်သီပေါတို့ လားရှိုးတို့သွားလည်တာကမှ ကောင်းသေး... အချိန်ရရင် မူဆယ်အထိသွားပေါ့"

"သွားမှာပါ 'စုံပွင့်' ရယ်... ငါတို့က အကြာကြီးနေမှာ အနည်းဆုံး တစ်လဆိုတော့ နံ့အောင်ကိုသွားမှာ... ဒါကြောင့် ရောက်တုန်းရောက်ခိုက် သဘာဝစိမ့်စမ်းတွေ ရေတံခွန်တွေဘက်လျှောက်လည်ချင်လို့ပြီးတော့ မြင်းလေးဘာလေးစီးရအောင်လေ... ဖွားလေးတို့ဟိုဘက်ခြံမှာ မြင်းတွေရှိသေးတယ် မဟုတ်လား"

"ငါလည်း မရောက်တာကြာပြီဆိုတော့ မပြောတတ်ဘူးလေ... မစီးတတ်ဘဲစီးလို့ပြုတ်ကျပြီးပြီ ရုပါမင်း မင်းသားလို အောက်ပိုင်းသေသွားမှခက်မယ်နော်"

"ဟယ်... ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့လေ... မြင်းသေးသေးလေးတွေစီးမှာပေါ့ဟဲ့... ကင်မရာယူသွားပြီး ကောင်းဘွိုင်





စတိုင်ဓာတ်ပုံလေးဘာလေး အမှတ်တရရိုက်ခဲ့ရအောင်"

"မကြီးမငယ်နဲ့ 'မသက်' ရယ်... သူများတွေ ဒီအရွယ်ဆို ကလေးသုံးယောက်တောင်ရနေပြီ"

"ကိုယ်တို့ကတော့ ကိုယ့်ကိုယ်ကို ကလေးပဲထင်နေသေးတာ"

"'မသက်'ကတော့ အပြောကြီးတယ်နော်... တကယ်ကြိုက်တဲ့လူလည်းတွေ့ရော ကောက်ကောက်ပါအောင်လိုက်သွားမယ့် ပုံကြီးကများ"

"အင်း... အဲသည်လိုလူမျိုးတွေ့ရင်တော့ ပြောတတ်ဘူးပေါ့ဟာ... သွားမှာကတောထဲ၊ တောင်ထဲဆိုတော့ တွေ့မယ့်တွေ့ရင် တောလိုက်မုဆိုးတို့တောထဲက ကျားတို့နဲ့ပဲတွေ့ဖို့ရှိတယ်... 'မြလေး'တို့လို အချောအလှလေးဆိုရင်တော့ သူယောင်မယ်မှတ်ပြီး ခေတ်သစ်ဇော်ဂျီတွေဘာတွေနဲ့ နဖူးစာဆုံနေဦးမှာ မြင်ယောင်သေး"

'မြလေး'က မျက်စောင်းလေးလှမ်းထိုးလေမှ ပါးစပ်ပိတ်သွားတော့သည်။

www.burmeseclassic.com



## ၄

"ပွမ်... ပွမ်... ပွမ်"

ကားဟွန်းသံကြောင့် 'စုံပွင့်' တို့အပျိုသုံးယောက်လန့်ပြီး ထထိုင်လိုက်မိကြသည်။

နာရီကိုကြည့်တော့နံနက် (၄) နာရီပင်မထိုးသေး။ မနေ့ညက 'ကိုရဲရင့်' လာခေါ်မည်ပြောတုန်းက နံနက် (၆) နာရီမှပါ။

"ပွမ်... ပွမ်... ပွမ်"

ကားဟွန်းသံကြီးက ကျယ်လိုက်တာ။ ဝရံတာမှထွက်ကြည့်တော့ (၁၀)ဘီးကားကြီး။ ကားကြီး၏နောက်ဘက်တွင်





အမိုးမပါ။ ကုန်ပစ္စည်းတွေ အပြည့်တင်ထားပြီး ထို ပစ္စည်းများပေါ်တွင် လူအယောက်သုံးလေးဆယ်လောက်ပါမည်ထင်သည်။

"ဟင်... ဘယ်ကကားကြီးပါလိမ့်... ခြံမှားပြီး ဝင်လာပြီထင်တယ်... ဒုက္ခပါပဲ"

အိပ်ရေးမဝသေးသော 'စုံပွင့်' က ရှုံ့မဲ့နေသော မျက်နှာလေးဖြင့်ခေါင်းကုတ်ရင်း အောက်ထပ်ပြေးဆင်းသွားသည်။

"ဟင်... 'ကိုရဲ' "

"အေးကွ...နည်းနည်းစောသွားတယ်...ဒီကားက နေ့ချင်းပြန်သွားရမှာမို့ စောစောထွက်တာ... ကဲ... အမြန်ပြင်ပြီးထွက်ခဲ့ကြလမ်းကြမှ တစ်ခုခုစားရအောင်"

"ဟာ... 'ကိုရဲ'ကလည်းမျက်နှာလည်း မသစ်ရသေးဘူး... အိမ်သာတွေဘာတွေ မတက်ရသေးဘူး... ရေလေးဘာလေးလည်း ချိုးချင်သေးတယ်"

"ဟာ... ဘာမှရှုံ့ထုတ်မနေနဲ့... မိုးမလင်းခင်မှာတင် တောထဲတောင်ထဲရောက်နေပြီ... မြေနီလမ်း... ဖုတ်လမ်းတွေဖြစ်ရမှာနင်တို့ကို ဘယ်သူမှ စောင့်ကြည့်မယ့်လူလည်းရှိမှာမဟုတ်ဘူး"

"ဒီကားကြီးနဲ့တော့ မလိုက်ချင်ဘူးကွာ... 'ကိုရဲ'

www.burmeseclassic.com



လိုက်မပို့နိုင်ရင် လိုင်းကားနဲ့ပဲသွားတော့မယ်"

"ချေးများမနေနဲ့... ဒီကားတောင် ငါမောင်းဖို့တာဝန်ယူလာလို့ နင်တို့လိုက်လို့ရတာ... ခုတလော လိုင်းကားတွေကို ခါးပြခဏခဏတိုက်နေတာ... ငါစိတ်မချပါဘူး... ငါကိုယ်တိုင်လည်းပို့ချင်လို့ ဒီကားကိုနေ့ချင်းပြန်ဝင်မောင်းခဲ့တာ... အပြန်လည်းကိုယ်တိုင်လာကြိုမယ်... လမ်းကလည်း အရမ်းဆိုးနေတယ်တဲ့...ကားတွေလမ်းမှာပျက်ရင်ညအိပ်ရမှာ... ဒီကားနဲ့မလိုက်ချင်ရင်တော့ ဖွားလေးတို့ဆီလည်း သွားမနေနဲ့တော့"

"ဟာ... 'ကိုရဲ' က သူများတို့သွားချင်နေတာကို အဲ့သလိုမပြောနဲ့ကွာ... ကိုယ့်ညီမလေးတစ်ခါတလေ လာလည်တာတောင် စေတနာမရှိဘူးလားလို့... သူ့ဗင်ကားနဲ့လိုက်ပို့လည်းရသားနဲ့"

"အုံနာကလမ်းဆိုးလို့ အဲဒီလမ်းကို မမောင်းစေချင်ဘူး"

"ကိုယ့်ပိုက်ဆံနဲ့ ကိုယ်တခြားအုံနာဆီက ကားငှားသွားရင်ရော"

"ဟာ...ဒီကောင်မလေးတွေ တော်တော်အပြောရခက်နေပါလား... နင်တို့ပိုက်ဆံသက်သာအောင် ဖိမ်နဲ့စီးရအောင် ဒီကားကို တမင်ငါတက်မောင်းလာတာ... ဗင်ငှားသွားရင်





အသွားခရီးတင် ငါးသောင်းလောက်တောင်းတာ ... ကဲငှားမလား"

ထိုစကားကြားမှ ပါးစပ်ပိတ်သွားကြသည်။ အစ်ကို၏ စေတနာကို နားလည်သွားကြသည်။

"ဒီကားတောင် ရှေ့ခန်းမှာ ငါးယောက်တင်ရတာ... တစ်ယောက်ကိုသုံးထောင်... နင်တို့သုံးယောက်အတွက် ကိုးထောင်ဘိုးရအောင် ငါကနောက်ခန်းမှာ လူပိုတင်သွားရဦးမှာ... ပြီးရင် နင်တို့စားဖို့သုံးဖို့ရအောင် ဒီကားနဲ့တမင်လာတာ... လမ်းမှာ လူတင်သလောက် ငါအောက်စိုက်ရမှာ"

"ဟင်... ဟုတ်လား... ဒီကားပေါ်က ပါလာတာတွေက 'ကိုရဲ' ရဲ့ အောက်ဆိုက်တွေလား"

"ဟုတ်တယ်... တစ်ယောက်ထောင့်ငါးရာနဲ့ လောလောဆယ် လူသုံးဆယ်ရထားပြီ"

"ဟယ်... လေးသောင်းခွဲတောင်ရထားပြီပေါ့"

"ဟုတ်တယ်...ရှေ့ခန်း သုံးယောက်စာကိုးထောင်နှုတ်ပြီး နင်တို့သုံးဖို့ပေးခဲ့မှာ"

"ဟယ်...ဝမ်းသာလိုက်တာ 'ကိုရဲ' က သိပ်တော်တာပဲကွာဒါဆို ဒီကားနဲ့ပဲသွားတော့မယ်နော်... ခဏစောင့်နော် ခဏ... အမြန်ဆုံးပြင်ဆင်ပြီး ဆင်းလာခဲ့မယ်နော်"

www.burmeseclassic.com



'စုံပွင့်' တို့ အပျိုသုံးယောက် အချိန်တိုအတွင်းရအောင် ရှိုးထုတ်ပြီး လက်ဆွဲအိတ်တစ်လုံးစီဆွဲ၍ ပြေးဆင်းလာကြသည်။

"ဟိုကောင်မလေး... ဘယ်သူ 'မြလေး' ဟုတ်လား"

"ဟုတ်ကဲ့... 'ကိုရဲ' 'မြလေးခန့်' ပါ"

"အေး... နင့်အိမ်ကို တောင်ပေါ်သွားမယ့်အကြောင်း တစ်ပတ်ကြာမယ့်အကြောင်း ဖုန်းဆက်ပြောလိုက်ဦးလေ"

"ဟုတ်ကဲ့... မနေ့ညက သွားဆက်ပြီးပါပြီ"

"ကဲ... ဒါဆိုသွားကြစို့... လူကြီးတွေကို နှုတ်ဆက်ဦး"

'ကိုရဲရင့်' က သားရေဂျာကင်၊ ဂျင်းဘောင်းဘီ၊ မြက်ဦးထုပ်နှင့် နိုင်ငံခြားရုပ်ရှင်ကားထဲက ကားမောင်းသမားနှင့် တူနေသည်။

'မြလေး' တို့ သူငယ်ချင်းသုံးယောက် ကားခေါင်းခန်းတွင်းရှိ အခန်းပိုလေးထဲတွင် မျက်လုံးအပြူးသားလေးများဖြင့် ငုတ်တုတ်ထိုင်လာကြသည်။ ကားထွက်ပြီး (၁၀) မိနစ်လောက်တွင် တခေါခေါနှင့် အိပ်မောကျသွားကြသည်။

"ဟိတ်... ထ မိုးလင်းနေပြီ... လက်ဘက်ရည်သောက်မယ် မုန့်စားမယ်"

ရှေ့ခန်းတွင် ထိုင်စီးလာသော လူဝဝကြီးနှစ်ယောက်က



ဆိုင်ထဲတွင် ဝင်တောင်စားနေပြီ။

မိန်းမတို့ဝါသနာအတိုင်း မှန်ထုတ်ပြီး ခေါင်းဖြီးကြ၊ အလှပြင်ကြလုပ်နေသဖြင့် ...

"အေးဗျ... မကြာခင် နင်တို့မိတ်ကပ်ထက်ကောင်းတဲ့ မြေနီမိတ်ကပ်က လိမ်းစရာမလိုဘဲ တစ်ကိုယ်လုံးဖုံးသွားမှာနော်"

'ကိုရဲရင့်' က ပြုံးစေ့စေ့လှမ်းကြည့်ရင်းပြောနေခြင်းဖြစ်သည်။ မျက်ခုံးထူထူ၊ မျက်လုံးပြူးပြူးနှင့် 'ကိုရဲရင့်' သည် ယောကျာ်းပီသသော ရုပ်ဖြစ်သည်။

"ဟိတ်... 'ကိုရဲ' မျက်လုံးက မရိုးသားဘူး... ခါတိုင်းအကြည့်ခါတိုင်းအပြုံးနဲ့ကို မတူဘူး... ဧကန္တ 'မြလေး' ကိုများ"

'စုံပွင့်' ၏ စကားကြောင့် 'မြလေး' မျက်နှာလေးပျက်သွားကြောင်းတွေ့ရသဖြင့် ဇာတ်လမ်းမရှည်လေအောင် ...

"ဟဲ့... 'မြလေး' ကရှိပြီးသားဟဲ့... ချောမှချော... ငရုဉ်ကို တရော်နဲ့ပွတ်ထားသလား အောက်မေ့ရတယ်"

"ဟာ... ဒါဆို လွတ်ထွက်သွားမှာ ကြောက်ရတယ်နော်... မိအောင်လည်း ဖမ်းထားဦး"

'စုံပွင့်' က ဘာမှန်းညာမှန်းမသိဘဲ ပြောလိုက်သော်ငြား ဘကယ်ကို မိအောင်ဖမ်းဖို့ခက်နေသော 'မြလေး' ခမြာတော့

www.burmeseclassic.com



မျက်နှာပျက်နေရှာသည်။

'ကိုရဲ' ပြောသလိုပါပဲ။

လမ်းသစ်တွေဖောက်လုပ်နေဆဲဖြစ်၍ တစ်လမ်းလုံး ဖုန်တွေကြီးပါပဲ။ ရှေ့မှာ ကားတစ်စီးရှိနေလျှင် နောက်ကကားမှာ ဖုန်လုံးထဲတွင် မောင်းသွားစမြဲ။

"အဟတ်... 'မြလေး' ရေ... နင့်ပုံစံသာ နင့်လူကြီးမြင် သွားရင် သရဲမမှတ်ပြီး လန့်ပြေးမှာ အသေအချာပဲ"

ထိုစကားကြောင့် ကားမောင်းနေသော 'ကိုရဲရင့်' က နောက်ကို လှည့်ကြည့်ပြီး ပြုံးနေပါသည်။

သူ့မျက်နှာမှာလည်း ဖုန်တွေနှင့်မို့ ရယ်စရာကြီး ဖြစ်နေ သည်။

ကားမှန်တံခါးကို ပိတ်ထားပါသော်လည်း ရှေ့ခန်းထဲ တွင် ဖုန်တွေလုံးနေပါသည်။

(၁၀) နာရီခန့်တွင် ထမင်းစားချင်သူများအတွက် စား သောက်ဆိုင်ဖွင့်ထားသော ဆိုင်တန်းလေးတွင် ကားရပ်ပေး သည်။ ကားလည်း ခေတ္တနားသည်။

တခြားကားကြီး ကားငယ်များလည်း ရပ်နားထားတာ တွေ့ရသည်။





"ကဲ... နှမတော်တွေ မဆင်းကြဘူးလား... အပေါ့အပါး မသွားကြဘူးလား... နင်တို့ရုပ်တွေ ဘယ်သူမှမမှတ်မိပါဘူးဟ... ဆင်းကြပါ... ထမင်းစားရအောင်"

"မစားတော့ပါဘူး.... ဖွားလေးဆီကြမှပဲ စားတော့မယ်"

"ဟိုမှာ အရံသင့်မရှိရင်ခက်မယ်"

"ဟင့်အင်း... ရတယ်... လက်ဘက်သုတ်တို့... ငါး ခြောက်ဖုတ်တို့နဲ့ စားလည်း ရတာပဲ... 'ကိုရဲ' ပဲစားတော့"

"တယ်ခက်ပါလား... ညှို့သည်ခေါ်လာပြီးတော့ တာ ဝန်မကျေပါလား... ငါခေါက်ဆွဲကြော်ဝယ်လာပေးမယ်... ဖွား လေးလည်း စားရအောင်ပေါ့"

'ကိုရဲ' က ကားသမားပီပီ အာပြသည်။ အစအနောက် သန်သည်။ မိတ်ဆွေများသည်။ အနီးအနားရှိ ဆိုင်အားလုံးသို့ဝင် ၍ နှုတ်ဆက်သည်။ စကားပြောသည်။

"'ဘကြီးမောင်' တို့ရွာက အတော်စည်ကားနေပါလား... ကျွန်တော်မရောက်တဲ့ သုံးလေးနှစ်အတွင်း ဆိုင်တွေအများကြီး တိုးလာတာပါပဲလား"

"ဟုတ်တယ်ကွ... ငါတို့ရွာတွေအနီးတဝိုက်ရော... မင်း တို့ ဖွားလေး နေတဲ့မြို့လေးတစ်ဝိုက်ရော... စိုက်ပျိုးရေးတွေဖြစ်...

www.burmeseclassic.com



မွေးမြူရေးတွေဖြစ်ဆိုတော့ အလုပ်သမားတွေ အရမ်းလာတယ်လေ… ဒါကြောင့် ငါတို့ဆိုင်တွေလည်း အလုပ်ဖြစ်လာတယ်…ရေကြည်ရာ မြက်နုရာရင်း ရောက်လာတဲ့ သူအချို့လည်း ငါတို့လိုပဲ ဆိုင်လာဖွင့်ကြလို့ လမ်းတလျှောက် ဒီလိုဆိုင်တန်းတွေ တစ်မိုင်လောက်ဝေးရင် တစ်ခါတွေ့ရလိမ့်မယ်"

"ဟုတ်လား… အရမ်းကိုပြောင်းလဲနေပါရောလား… ဒါဆိုခြံဈေး… မြေဈေးတွေလည်း ကောင်းလာမှာပေါ့"

"မှန်တာပေါ့… ချမ်းသာသထက် ချမ်းသာလာတာတော့ 'နန္ဒမာလာ' မိသားစုပဲပေါ့ကွာ… အရင်ကဘာရည်ရွယ်ချက်နဲ့ ရှိသမျှ မြေတွေလိုက်ဝယ်နေပါလိမ့် အောင်းမေ့တယ်… ဒီကောင်တွေ ရေးဘိုးဘွားစဉ်ဆက်ထဲက စာတတ်ပေတတ်တွေဆိုတော့ ဗဟုသုတရှိပုံရပါရဲ့… အခုထိကို ဈေးပေါ်ပေါ်ရမယ့် မြေကွက်ဆိုလိုက်ဝယ်နေတုန်းပဲ"

"ဟုတ်လား… ဒါဆို သူတို့ခြံရှေ့က ဖွားလေးရဲ့မြေကွက်ဆို တော်တော်တန်ဖိုးတက်နေလောက်ပြီ… တော်ပါသေးရဲ့ ဖွားလေးမရောင်းဘဲ ထားခဲ့တာ ခုတော့ မြေးတွေကောင်းစားဖို့ မြင်ယောင်သေးရဲ့ ဟဲ… ဟဲ…"

'ကိုရဲ' က ပြောရင်း 'စုံပွင့်' တို့ဘက် လှမ်းရယ်ပြနေသေး





သည်။

"မင်းတို့ ဖွားလေးကတော့ အာဂမိန်းမပါပဲ… 'နန္ဒမာလာ' ခြံရှေ့မှာနေလို့လားမသိဘူး… မာနက ခပ်ကြီးကြီးဗျ… သူ့ခြံလာဝယ်တုန်းက မောင်းထုတ်ပစ်တာတဲ့… ဒီကိုရောက်တုန်းက ငါ့ကိုပြောပြသွားသေးတယ်… ငယ်ငယ်တုန်းက သူတို့ခြံကြီးထဲဝင်လို့ အမောင်းခံရဘူးတာကို ဘယ်တော့မှ မမေ့ဘူးတဲ့… ဟော… ပြောရင်းဆိုရင်း သူတို့အိမ်က ကားလာနေပြီ"

"လွန်ခဲ့တဲ့ ငါးရက်လောက်က ဒီကားကို မန္တလေးမှာတွေ့လိုက်သေးတယ်"

"ဟုတ်မှာပေါ့… သူတို့အရင်က အိမ်တွင်းပုန်းသလောက် ဒီဘက်ပိုင်းလူငယ်တွေ လက်ထက်ကြတော့ တိုးတက်ပြောင်းလဲ လာပြီခေါ်ရမှာပေါ့… အရောင်းအဝယ်လုပ်နေကြပြီလေ… မန္တလေးကုန်ဆင်းဝယ်တာနေမှာပေါ့"

ဆိုင်တန်းရှေ့သို့ ကားတစ်စီးထိုးရပ်လာသဖြင့် အမှတ်တမဲ့လှမ်းကြည့်မိကြသည်။

'ကိုကျော်ဇေယျ' တို့အိမ်မှ ကားဖြစ်နေ၍ 'မြလေး' နှင့် 'သက်မှူး'ငို့ တအံ့တသြကြည့်နေမိကြသည်။

ကားမောင်းလာသူကို မြင်လိုက်ရသော 'မြလေး' ခမြာ

www.burmeseclassic.com



ပါးစပ်ဟောင်းလောင်းဖြစ်သွားရှာသည်။ လူတူမရှား၍လား။

သူ့ကို ရင်းရင်းနှီးနှီးကြီးမခင်မင်၊ မဆက်ဆံဘူးပေမယ့် သုံးလေးခါသာတွေ့ဖူးပေမယ့် မမှတ်မိစရာမရှိ။ ဘေးတိုက်မို့တူတာလား။

ကားပေါ်ကဆင်းလာတော့ အဖြေတိတိကျကျသိလိုက်ရသည်။ အရပ်သိပ်မမြင့် ကိုယ်လုံးနည်းနည်းဝသည်။

"ဘာလဲ... အဲဒီလူနဲ့ သိလို့လား 'မြလေး'"

"အင်း... မဟုတ်မှလွဲရော... 'ကိုလင်းထွတ်' ပဲ ဖြစ်ရမယ်... 'သီတာဝဏ်' ရဲ့ ရည်းစားလေ"

"ခေါ်လိုက်လေ... ခင်ရအောင်ပေါ့"

"အို... မခေါ်နဲ့... မခေါ်ပါနဲ့... သူနဲ့မေမေနဲ့ ရန်ဖြစ်ထားကြတာ... သူက မေမေကြောင့် 'မြလေး' ကိုပါတလွဲထင်ပြီး မုန်းနေတာလေ... သမီးယောင်းမဆိုတာ သိတယ်မဟုတ်လား... ကမ္ဘာဦးတည်းက တည့်ခဲ့ကြပုံမပေါ်ဘူး...'ကိုလင်းထွတ်' က 'မသီတာဝဏ်' ရဲ့ ရည်းစားဆိုတော့ 'မသီတာ' ပြောသမျှကိုပဲ နားဝင်မှာပေါ့လေ"

"ကြုံကြုံဖန်ဖန်များ လာတွေ့ရတယ်လို့... 'ဆုန်(ရဲ)သင်းပါ' ရဲ့ 'ကမ္ဘာကြီးကျဉ်းလွန်းတယ်' ဆိုတဲ့ သီချင်းထဲက





လိုဖြစ်နေပြီ... ဒါပေမယ့် မင်းကကံကောင်းပါတယ်... သူ့သီချင်းထဲကလိုချစ်သူကို ကမ္ဘာကြီးကျဉ်းပေမယ့် မတွေ့ရတာမျိုး မဟုတ်ဘူးလေ... ကမ္ဘာကြီးကျဉ်းလို့ သို့မဟုတ် မင်းကုသိုလ်ကံသိပ်ကောင်းလွန်းလို့ မမျှော်လင့်ဘဲတွေ့ပြီးရင်း တွေ့နေရတာပဲ မဟုတ်လား"

'စံပွင့်' က မျက်မှောင်လေးကြုတ်ပြီး ...

"ဟာ... မင်းတို့ပြောတဲ့စကားတွေ ငါတော့ နားမလည်နိုင်တော့ဘူးကွာ... ဘာလဲ... ဒါဆိုရင် 'ကိုလင်းထွတ်' ဆိုတဲ့လူက 'မြလေးခန့်' ရဲ့ ရည်းစားလား... ဒါဆိုရင် 'မြလေး' အမေရဲ့ ယောင်းမ 'သီတာဝဏ်' ရဲ့ ရည်းစားကို 'မြလေး' က ပြန်ကြိုက်နေမိလို့လား"

"အို... နိုး... နိုး... လုံးဝမဟုတ်ပါဘူး 'စံပွင့်' ရယ်... 'မြလေး' ရဲ့ချစ်သူဆိုတာလည်း တကယ်မရှိသေးပါဘူး... သွားရင်းလာရင်း ရထားပေါ်မှာ 'မြလေး' နဲ့ ရတ်တရက်ခင်ခဲ့ရတဲ့ လူတစ်ယောက်ကို မန္တလေးမှာလည်း ပြန်တွေ့ရသလို... ဒီတောင်ပေါ်ကိုကားနဲ့တက်သွားတာတွေ့လိုက်ရလို့ လျှောက်စနေတာပါ"

'မြလေးခန့်' ကလည်း ခေါင်းလေးညိတ်ပြရင်း ...

"ဟုတ်ပါတယ် 'စံပွင့်'... ဒီ 'ကိုလင်းထွတ်' ဆိုတဲ့လူကို

www.burmeseclassic.com



'မြလေး' စကားတောင် မပြောဖူးပါဘူး... နှစ်ခါလောက်ပဲ တွေ့ဘူး တာပဲ... သူမှတ်မိရင်လည်း ခေါ်လိုက်မယ်... မမှတ်မိရင်လည်း မခေါ်တော့ပါဘူး"

"ဟင်... ဒီလူ မောင်းသွားတဲ့ ကားက မန္တလေးတောင်ပေါ်မှာ တုန်းက တွေ့လိုက်ရတဲ့ကားပဲ"

ထိုအချိန်တွင် 'ကိုရဲရင့်' က ခေါက်ဆွဲကြော်ဆိုင်ထဲမှ ပြန် ထွက်လာပြီး 'ကိုလင်းထွတ်' ကို မြင်သွားပြီး ...

"ဟော... 'ကိုထွတ်' ဒီကားမောင်းလာတာလား"

"ဟုတ်တယ်လေ"

"ဒါနဲ့ 'ကိုစန်း' ပြန်ဆင်းသွားပြီလား"

"ဆင်းသွားပြီထင်တယ်... ဘာဖြစ်လို့လဲ"

"အော်... မဆင်းသေးရင် အပြန်ဝင်ခေါ်သွားမလို့... နေ့ချင်း ပြန်မှာမို့ 'ကိုထွတ်' က တောင်ပေါ်မှာ သောင်တင်နေပြီပေါ့"

"ဆိုပါတော့... ဒီဘက်မှာ စိုက်ပျိုးရေး... မွေးမြူရေး အပြင် ကိုယ့်အတွက် စားဝတ်နေရေးလည်း အဆင်ပြေနေလို့ဆို ပါတော့"

"ဒါဆို... ဒီဘက်မှာ အိမ်ထောင်ကျဖို့များနေပြီပဲ"

"အဲဒါတော့ မစဉ်းစားသေးပါဘူးဗျာ... တစ်ခါတစ်ခါ





ချစ်ဖို့ မလွယ်သလို... မေ့ဖို့လည်း မလွယ်ဘူး... နောက်တစ် ယောက် ပြန်ချစ်ဖို့ဆိုတာလည်း မလွယ်ဘူးဖြစ်နေတယ်... ကဲ... သွားမယ် 'ကိုရဲ' ရေ... ကျွန်တော် ရန်ကုန်ထိသွားရမှာ... ကားလိုင် စင်ကိစ္စလေ"

"ကောင်းပြီ... သူငယ်ချင်း"

'ကိုရဲ' ကားပေါ်ရောက်သည်နှင့် 'သက်မှူ' က မေးပါ တော့သည်။

"'ကိုရဲ' က ဒီဘက်ကို သိပ်သာမရောက်တာ... ခင်တဲ့လူ တွေတော့ အများသားနော်"

"ငါတို့က ကားသမားပဲ... ကားမောင်းတဲ့လူအချင်းချင်း ဆိုတော့... လက်ဘက်ရည်ဆိုင်... ထမင်းဆိုင်... ကားဂိတ်မှာဆုံ လေ့ဆုံထရှိကြတာပဲ... နှစ်ခါလောက်တွေ့ရင်ကို မှတ်မိနေ ပြီလေ"

စကားက ဤမျှနှင့်ပြတ်သွားသော်လည်း 'မြလေးခန့်' မှာတော့ အတွေးတွေက အရှည်ကြီးပါပဲ။

www.burmeseclassic.com



၅

"ဘာဖြစ်လို့ အခန်းထဲကို ဝင်လာတာလဲ"

'သီတာဝဏ်'က ရှည်လျားများပြားနက်မှောင်လှသော ဆံပင်များကို ရေခြောက်အောင်သုတ်ရင်း ခပ်ကျယ်ကျယ်အော် လိုက်ခြင်းဖြစ်သည်။

ရေချိုးပြီးစဖြစ်၍လည်းကောင်း၊ ဆံပင်မှရေများကြောင့် လည်းကောင်း၊ ထမီရင်လျားမှာ အသားနှင့်ကပ်နေပြီး မျက်နှာ သုတ်ပုဝါမှာလည်း ခန္ဓာကိုယ်တွင်မရှိဘဲ ဆံပင်များကို သုတ်နေ ဆဲဖြစ်၍ 'သီတာဝဏ်'၏ ဖြူဝင်းသောအသား၊ ပြည့်ဖြိုးသောအ





သားဆိုင်များမှာ ဝင်းအိတောက်ပြောင်၍ နေပါသည်။

မပြင်မဆင်မချယ်မသဘဲ မျက်ခုံးမျက်လုံးတွေထူသဖြင့် လည်းကောင်း၊ အသားအရေဝါဝင်းပြီး နှာခေါင်း၊ နှုတ်ခမ်းပေါ ခြင်း၊ ထူအမ်းအမ်းလေးဖြစ်နေခြင်းကြောင့် စွဲမက်စရာကောင်း သူတစ်ယောက်ဖြစ်နေတာအမှန်။

"ထွက်သွားစမ်းပါ"

သူမ၏ မျက်လုံးများက မီးဝင်းဝင်းတောက်နေပြီး အသားများတဆတ်ဆတ်တုန်နေပါသည်။

"ဟာ... မင်းက တယ်စွာပါလား... မင်းဆီလာတာမှ မဟုတ်ဘဲ... ငါ့တူမဆီ ပိုက်ဆံယူဖို့လာတာ"

ထိုအော်သံများကြောင့် ဆယ်တန်းစာမေးပွဲဖြေခါနီး၍ ညဘက်ညဥ့်နက်ထိ စာကျက်ပြီး အိပ်ရေးပျက်နေသော 'မြလေး' တစ်ယောက် နံနက် (၉) နာရီလောက်ထိ အိပ်၍ကောင်းနေဆဲ ဖြစ်ရာမှ လန့်နိုးသွားခဲ့ပါသည်။

"ဟုတ်သားပဲ... 'လေးလေးခိုင်'ကလည်း ဘာလို့ဝင်လာ တာလည်းကွာ"

'မြလေး'က စိတ်တိုသလိုလေး ပြန်အော်ခြင်းဖြစ်သည်။

"သူရေချိုးနေမှန်း မသိလို့ပါဟာ... ကဲ... 'မမြတ်'က

www.burmeseclassic.com



နင့်ဆီမှာ ပိုက်ဆံပေးသွားတယ်ဆို မြန်မြန်ပေး"

'မြလေး' က ဘီရိုရှိရာ ခုတင်ပေါ်မှ ခုန်ချပြေးလွှားသွားပါသည်။

"ဒီမှာ 'သီတာ' မင်းသိပ်ကြီးကျယ်မနေနဲ့... ဒီသီတင်းကျွတ်ပြီးရင် မင်းနဲ့ငါနဲ့ကို ပေးစားကြမှာ"

"ဘာပြောတယ်... ဒါရှင်တို့ အကြံအကုန်ပဲလား... 'ကိုအောင့်' ကိုယူပြီး တစ်ဆွေလုံး တစ်မျိုးလုံးအိမ်ပေါ်တက်နေလို့ အားမရသေးဘူး... 'သီတာ့' ကိုပါ ကြံနေကြတယ်ပေါ့လေ... ဒါမှတိုက်ကြီးရော... ခြံကြီးရော... ရှင်တို့လက်ထဲရောက်မှာ မဟုတ်လား"

'မင်းခိုင်' က စိတ်ပျက်သလိုပုံစံဖြင့် ...

"ခက်တယ်... 'သီတာ' ရယ်... ဘာစကားပြောပြော 'သီတာ' က ဒီအိမ်နဲ့ဒီခြံဘက် စကားဦးတည်ချင်နေတာကိုး... 'မမမြတ်' နဲ့ 'ကိုအောင်' နဲ့ယူဖြစ်တာလည်း 'သီတာ' ကြောင့်ပဲ မဟုတ်လား 'မမမြတ်' က အတင်းလိုက်ကြိုက်တာမှ မဟုတ်ဘဲ... 'မမမြတ်' ကလေးတစ်ယောက်အမေမှန်းသိလျက် 'ကိုအောင်' က စွဲလမ်းခဲ့တာပဲလေ... 'မမမြတ်' ငြင်းခဲ့တာလည်း အားလုံးအသိပဲ... တမင် အကွက်ဆင်ပြီးယူတာမှ မဟုတ်ဘဲ... အခု ငါတို့



တွေတစ်အိမ်ထဲ နေဖြစ်ကြတာလည်း 'ကိုအောင့်' ဆန္ဒပဲလေ... သူက ခရီးဝေးသွား နေရတော့ 'သီတာ' လည်း ဒီအိမ်ကြီးမှာတစ်ယောက်တည်း မနေဝံ့လို့ သူငယ်ချင်းတွေအိမ်လိုက်နေ... အဆောင်မှာလိုက်နေရတဲ့အဖြစ်က လွတ်အောင် ပြီးတော့ ဒီအိမ်ကြီးကို နှစ်ချုပ်နဲ့ငှားထားရတဲ့ အတွက်ကြောင့် နှစ်ချုပ်နေရာကနေ အိမ်ကိုအပိုင်စီးချင်သလိုလုပ် ပြီး ဖယ်မပေးချင်ကြတော့လို့ မနည်းပြန်ရအောင်ယူထားရတာ မဟုတ်လား"

"ဘာမှ မထူးပါဘူး... ငှားထားတုန်းကမှ တစ်နှစ်စာသိန်းချီပြီးရလို့ လက်ဝတ်လက်စားဝယ်လို့ရသေးတယ်... အခုကိုယ်နေတာက ကျောတစ်ခင်းစာပါ... အားလုံးရှင်တို့ အသိုင်းအဝိုင်းပဲ ချယ်လှယ်နေကြတာပါပဲ"

"'သီတာ' က ကိုယ်တို့ကို မျက်လုံးစိမ်းနဲ့ပဲ ကြည့်နေတော့တာပဲကိုး... 'ကိုအောင်' တို့ 'မမမြတ်' တို့ဘက်က ကြည့်တော့လည်း ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ဆိုတဲ့သဘောပါ... ပြီးတော့ ကိုယ်က 'သီတာ့' ကို တကယ်ချစ်နေမှန်းသိလို့ စိတ်ချယုံကြည်လို့ သဘောတူနေတာ နေမှာပေါ့"

'သီတာ' က လက်ထဲတွင် ကိုင်ထားသော ဘီးအကြီးကြီးကို မှန်တင်ခုံပေါ် ခပ်ပြင်းပြင်းတစ်ချက်ရိုက်ရင်း ...

www.burmeseclassic.com



"'ကိုအောင့်' စိတ်က အရင်စိတ်မှ မဟုတ်တော့ဘဲ... မိန်းမမရခင်ကနဲ့ တခြားစီးပဲ... မိဘတွေသေသွားပြီးထဲက 'သီတာ့' ဘဝဟာ ဒီအစ်ကိုကြီးရဲ့အရိပ်မှာ အေးမြစွာခိုလှုံခွင့်ရခဲ့တာပါ...သူဘယ်လောက်ချစ်တယ်... ဘယ်လောက်အလိုလိုက်တယ်ဆိုတာ 'သီတာ' အသိဆုံး"

"ဒါတော့ 'သီတာ' ရယ်... အိမ်ထောင်ရှင်တစ်ယောက်ဖြစ်သွားခဲ့ရင် ဘယ်ယောကျ်ားမဆို သူယူထားတဲ့ မိန်းမကို ဦးစားပေး ချစ်မြတ်နိုးရမှာထုံးစံပဲလေ... ဒါကို 'သီတာ' မကျေနပ်ဖူးဆိုရင်တော့ 'သီတာ' မှားတာပေါ့... သဘာဝနိယာမပဲလေ"

"ဟုတ်ပြီလေ... ရှင်ပြောတဲ့စကားအတိုင်း ပြန်ပြောရမယ်ဆိုရင် 'သီတာ' ကလည်း မိန်းမသားတစ်ယောက် အပျိုစင်တစ်ယောက် ရှင့်အစ်မလို ကလေးတစ်ယောက်အမေတောင် လုပျို... အင်ဂျင်နီယာ ခြံနဲ့အိမ်နဲ့လူကို ရအောင်ယူနိုင်သေးတာ... 'သီတာ့' ကို ရှင့်လို ပညာမတတ်... ဘွဲ့မရတဲ့လူတစ်ယောက်နဲ့ ပေးစားဖို့ 'ကိုအောင်' စီစဉ်တယ်ဆိုတာ ရူးသွပ်သွားလို့ပဲဖြစ်မယ်"

'မင်းခိုင်' က ခနဲ့တဲ့တဲ့ရယ်ရင်း ...

"မင်းရည်းစားလို ကားမောင်းစားမှ အထင်ကြီးမှာလား"

ထိုစကားကြောင့် 'သီတာဝဏ်' မျက်လုံးများ မီးဝင်းဝင်း





တောက်သွားပြီး ...

"ရှင့်ထက်တော့ အစစအရာရာ သာတယ်မှတ်ပါ... ဘွဲ့ရပြီးပြီ... အိမ်နဲ့ယာနဲ့ မသောက်တတ် မစားတတ်ဘူး...မပွေဘူး... မရှုပ်ဘူး"

"ဟား... ဟား... ဟား... ပါးစပ်ထဲ လက်ထည့်ရင်တောင် မကိုက်တတ်ဖူးလို့ ပြောဦးမလို့လား... အဲဒီယောကျ်ားမျိုးဆိုရင် ပိုဆိုးတာနော့"

"ဒါ ရှင့်အပူမဟုတ်ဘူး... တစ်နေ့တစ်နေ့ ကိုယ့်အိမ်ပေါ်ကိုယ်နေပြီး ကျက်သရေယုတ်တဲ့လူတွေနဲ့ပဲ နပမ်းလုံးနေရတာ သိပ်စိတ်ပျက်တယ်"

ထိုအချိန်တွင် 'ဒေါ်မြမြတ်မူ' က ...

"'သီတာ့' စကားတရားသိပ်လွန်နေပြီနော်... ဒါ တို့ယောကျ်ားအိမ်မို့နေတာလေ... ငါ့အိမ်မို့ ငါ့မောင်တွေခေါ်တင်ထားတာ... ညည်းပိုင်တဲ့တစ်ဝက်မထိရင် ပြီးတာပဲ မဟုတ်လား"

"ထိချင်လို့ ရှင့်မောင်နဲ့ပေးစားချင်နေတာ မဟုတ်လား"

ထိုစကားကြောင့် 'ဒေါ်မြမြတ်မူ' က မချိမချဉ်ရယ်ရင်း ...

"အဟင်း... ဟင်း... တစ်အိမ်တည်း အတူတူနေနေကြ

www.burmeseclassic.com



တာပဲအေ... တစ်နေ့မဟုတ်တစ်နေ့ ငြိကြမှာပဲဆိုတာ အားလုံးက သိပြီးသားပါ သူစိမ်းယောကျ်ားတွေနဲ့ တစ်အိမ်တည်း အတူတူ နေတဲ့ မိန်းမပျိုတစ်ယောက်ကို အပြင်ကယောကျ်ားတွေက ယုံကြည်ဦးမှာတဲ့ လား... သတိဦးမှာတဲ့လား... စိတ်ချဦးမှာတဲ့လား... ဒီနေ့ ငါအပ်ချုပ်ဆိုင်သွားတော့ မေးလိုက်ကြတယ်လေ... 'သီတာဝဏ်' က 'မင်းနိုင်' နဲ့ဖြစ်နေတာလား... 'မင်းနိုင်' နဲ့ဖြစ်နေတာလားတဲ့... 'မင်းနိုင်' ကို ညည်းကမကြိုက်လို့ အကပ်မခံပေမယ့် 'မင်းနိုင်' နဲ့တော့ ရယ် ရယ်မောမော ခင်ခင်မင်မင်နေတတ်တော့ 'မင်းနိုင်' နဲ့ပဲထင်နေကြ တာ"

"ဟာ... ဘာတွေလဲကွာ... ဘာတွေလဲ... သိပ်စိတ်ပျက်စရာကောင်းတာပဲ... သိပ်စိတ်ညစ်တာပဲ"

'သီတာဝဏ်' က အသံကုန်ဟစ်အော်ရင်း မှန်တင်ခုံပေါ်ရှိ အလှပြင်ပစ္စည်းများကို လက်နှစ်ဖက်ဖြင့် လွှဲရိုက်ချပစ်နေသဖြင့် ဆူညံနေပါတော့သည်။

'သီတာဝဏ်' ပေါက်ကွဲနေသည်ကို နှုတ်ခမ်းနှစ်လွှာ တင်းတင်းစေ့ရင်း ပြုံးနေသူက ယောင်းမချော 'မြမြတ်မူ' ဖြစ်သည်။

"ခက်တာပဲ 'သီတာ' ရယ်... မင်းစိတ်ထားတွေ ဘာ





ကြောင့် ပြောင်းလွဲသွားခဲ့တာလဲ... 'ကိုအောင်' နဲ့ မယူခင်တုန်းက မင်းငါ့ကို ခင်ယုံတင်မဟုတ်ဘူး... မိတ်ရင်းဆွေရင်းအစ်မရင်း တစ်ယောက်လို အားကိုးယုံကြည်လွန်းလို့ မင်းရဲ့အထီးကျန်ဘဝကို ငါ့အိမ်မှာပဲ အချိန်ကုန်ခဲ့တာပါ... မင်း ငါ့ဆီလာတုန်းက ငါ့အကောင်းဆုံးဖြစ်အောင် ဆက်ဆံကူညီခဲ့ပေမယ့် မင်းဆီကိုငါ လာတော့ မင်းရဲ့ မျက်လုံးတွေ မင်းရဲ့အကြည့်တွေ မင်းရဲ့ဆက်ဆံမှုတွေက ဖြူရာကမည်းသွားခဲ့တာ ငါအံ့ဩတယ်"

ပြုံးပြုံးလေးနှင့်လေသံကို တိုးပြီး အေးဆေးတည်ငြိမ်စွာ ပြောနေသော 'မြမြတ်မူ' ၏ မျက်နှာကိုကြည့်ပြီး 'သီတာဝဏ်' အသားတွေ တဆတ်ဆတ်တုန်လာပါသည်။

"ရှင်လေ... အမူအယာသိပ်ကောင်းတယ်သိလား... ဒါကြောင့် 'ကိုအောင်' က ရှင်ပြောတိုင်းအဟုတ်ထင်နေတာ... ဖြူရာကမည်းတာက 'သီတာ' မဟုတ်ဘူး... ရှင်သိရဲ့လား... သိပ်ချစ်တဲ့မောင်နှစ်မနှစ်ယောက်ကို စိတ်ဝမ်းကွဲအောင် လုပ်လိုက်တာ ရှင်သိရဲ့လား"

'မြမြတ်မူ' က ရယ်ရင်း ...

"အဲ့သလိုစိတ်ဝမ်းခွဲလို့ရတယ်ဆိုရင် တို့မောင်နှမနှစ်ယောက် စိတ်ဝမ်းကွဲအောင် မင်းလုပ်နိုင်သလား... မလုပ်နိုင်ဘူး

www.burmeseclassic.com



လားသိရအောင် 'မင်းခိုင်' ကို ယူလိုက်လေ... ပြီးရင် တို့မောင်နှမ ကိုကြည့်မရအောင် ခြေထိုးကြည့်လေ"

"ဟာ... အောက်တန်းကျတဲ့စကားတွေ မပြောစမ်းပါနဲ့... မကြားချင်ဘူး... ရှင့်မောင်ကို ဒီဘဝမပြောနဲ့ နောင်ဘဝတောင် မယူဘူးသိရဲ့လား"

"အဟင်း... ဟင်း... ဟင်း... ဒါကြောင့် ပြောတာပေါ့... တစ်ယောက်နဲ့တစ်ယောက်ယူဖို့ဆိုတာကလည်း မေတ္တာရှိဦးမှ... ယူပြီးသွေးထိုးခံနိုင်တဲ့ ယောကျ်ားဖြစ်ဦးမှ... ဂျိတ်ဂျိတ်ခြင်းမှ ချိတ်တာလေ 'သီတာ' ရဲ့"

"ရှင့်... ပါးစပ်မပိတ်ဘူးလား... ရှင် အခုထွက်သွား"

"ဘာလို့သွားရမှာလည်း တို့သူစိမ်းမဟုတ်ဘူး... ဒီအိမ်သားလေ"

"ဟင်... ရှင် သိပ်ကျေနပ်နေတယ်ပေါ့လေ... သိပ်အနိုင်ရနေတယ်ပေါ့လေ... ကဲ... ကဲ... အိမ်ထဲဝင်ပြီး မွှေချင်တဲ့မိန်းမ"

'သီတာ' ဒေါသက မီးဟုန်းဟုန်းတောက်နေပါပြီ။ 'မြမြတ်မူ' ကို လွှားကနဲခုန်အုပ်ပြီး လည် ပင်းကို ညှစ်နေပါတော့သည်။

"လွှတ်... လွှတ်"





"မေမေ့ကို လွှတ်"

"လွှတ်ဆို"

www.burmeseclassic.com



"လွတ်နော်... လွတ်"

"ဟဲ့... မြလေး ဘယ်နှယ့်အတင်းရုန်းနေတာလဲ... ထတော့လေ... ဖွားလေးတို့ ခြံထဲရောက်နေပြီ... 'ကိုရဲ' တို့က ကားပေါ်ပါလာတဲ့လူတွေကို သူတို့အလုပ်စခန်းထိ လိုက်ပို့ရမှာ... ထ...ထ.. အိမ်မက်မက်ပြီးယောင်နေပြန်ပြီလား"

"ဆောရီးကွာ... ကိုယ်အိပ်ပျော်သွားလို့ပါ"

နာရီကိုကြည့်တော့ မွန်းလွဲ (၂) နာရီ။

လူသံဆူညံသံ၊ ကားသံ၊ ဘာမှမကြားရသဖြင့်လည်း



ကောင်း၊ သစ်ကြီးမြိုင်ကြီးထဲ ရောက်နေ၍လားမသိ။ ငှက်အော်သံလိုလို၊ ပုဇဥ်းအော်သံလိုလို ကျယ်လောင်စွာ ကြားနေရသည်။

နေပျောက်မထိုးသည့် သစ်ပင်ကြီးများကြောင့် ချမ်းစိုမ့်စိမ့်လည်းဖြစ်မိသည်။

လွမ်းစရာကောင်းသလိုကြီးပါပဲ။

ကားလမ်းမက အပေါ်ဘက်ခပ်မြင့်မြင့် ပေနှစ်ရာလောက်ဆီမှာဖြစ်မည်။

ဖွားလေး၏ အိမ်က ခြံ၏အလည်တည့်တည့်မှာ ခြေတံရှည်၊ နှစ်ထပ်၊ သွပ်မိုး၊ သစ်ကာ၊ သစ်ခင်း။

"လာကြ... လာကြ... ဧည့်သည့် မြေးမလေးလည်း လာခဲ့တော်ယုံလာချင်စိတ်နဲ့တော့ ဖွားလေးအိမ်ကို မလာဘူးဆိုတာသိပြီးသား... 'မိပွင့်' တို့ 'မိမူ' တို့က ဖွားလေးဆီလာရင် အရှုံးမရှိဘူး ဆိုတာသိပြီးသားကွဲ...သူတို့ပြန်သွားရင် ဖွားလေးစုထားသမျှ ပစ္စည်းရော... ငွေရော... ယူသွားတတ်ကြလို့ တစ်အိမ်လုံး ဟာလာဟင်းလင်းဖြစ်ပြီး ကျန်ခဲ့ရတာကြီးပဲ"

ထိုစကားကြောင့် အိုးမလုံအုံပွင့်ဖြစ်ပြီး 'မြလေး' တို့သူငယ်ချင်းနှစ်ယောက်မျက်လုံးချင်း ဆုံမိကြသော်လည်း 'စုံပွင့်' ကတော့ နှုတ်ခမ်းလေးရှူပြီး ...

www.burmeseclassic.com



"ဟွန်း... ဖွားလေးမှာဖြင့် ဘယ်သူမှ လက်ဖြန့်ခံတောင်းမယ့်လူဖြင့် ရှိတာမဟုတ်ဘဲ ပြေးကြည့်မှ ဒီမြေးလေးသုံးယောက်ရှိတာ ဖွားလေးသေတော့လည်း 'စုံပွင့်' တို့မောင်နှမသုံးယောက်ပဲရမှာပဲဟာ... ဟုတ်ဖူးလား"

"ဟုတ်ပါတယ်တော်... ညည်းတို့တွေအတွက်ပဲ ကျုပ်စုဆောင်းထားတာပါ"

"ဖွားလေး တစ်ယောက်တည်းနေတာ စိတ်မချလို့ မန္တလေးမှာလိုက်နေပါပြောတော့လည်း မနေဘဲနဲ့"

"ခြံကိုပစ်ထားရင် ကိုယ်စားရမယ့် အသီးရော ငွေရော သူများစားသွားမှာပေါ့ မြေးမရယ်... ခြံထဲက အသီးအနှံတွေက ရာသီမပြတ်တစ်မျိုးပြီး တစ်မျိုးဖြစ်နေတာ မဟုတ်လား... ပိန္နဲ.. မာလကာ... ရှောက်ပန်းသီး... သြဇာသီး... ပြောင်းဖူး.. စုံနေအောင်ဖြစ်တာ အခုဆို ဒီဘက်မှာ မန္တလေး.. လားရှိုး.. တောင်ကြီးဘက်တွေက သူဌေးတွေရောက်လာပြီး ပြောင်းဖူးစိုက်တဲ့လူစိုက်... ကာဖီစေ့စိုက်တဲ့လူစိုက်... မွေးမြူရေးခြံတွေ လာလုပ်ကြနဲ့ အရင်ကလို မဟုတ်ဘူး... အရမ်းစည်လာပြီ... နောက်ရက်တွေ လျှောက်လည်ကြပေါ့"

"ဖွားလေးရေ ... မြင်းတွေရှိသေးလား"





"ရှိပါ့... ခုလောလောဆယ်ကို တောင်ပေါ်က ဆန်ဆင်းဝယ်တဲ့မြင်း အကောင် (၂၀) လောက် ဟိုဘက်ခြံထဲမှာရှိတယ်... ကိုယ်တိုင်တော့ တက်မစီးပါနဲ့... ပြုတ်ကျပြီး ဒဏ်ရာရနေပါ့မယ် မြင်းငှားပြီး အိမ်ကရထားလုံးမှာ ချိတ်လိုက်ပေါ့"

'မြလေးခန့်' အတွက်တော့ ပတ်ဝန်းကျင်မြင်ကွင်း ချက်ခြင်းပြောင်းလဲသွားသလို၊ အတွေ့အကြုံသစ်၊ လုပ်ငန်းသစ်များအကြောင်းကိုလည်း ကြားနေရပါသည်။

www.burmeseclassic.com



## ၆

'ကိုရဲရင့်' ကို ကားလမ်းမကြီးပေါ်အထိ တက်ပြီး နှုတ်ဆက်ကြပါသည်။

'နန္ဒမာလာ'

ရှေးဆန်ဆန်ဆိုင်းဘုတ်ကလေးက 'မြလေးခန့်' ရင်ကို ဒိုင်းကနဲ မြည်ဟီးသွားစေပါသည်။

ကျွန်းပြားပေါ်တွင် သစ်သားစာလုံးဖြင့် ရေးထွင်းထားခြင်းဖြစ်သည်။ ဆိုင်းဘုတ်လေးသေးလင့်ကစား ခြံအဝင်အထွက်





တံခါးကြီးကကြီးလှပါသည်။ ခြံထဲသို့ မြင့်မားသော ကားကြီးများ ဝင်နိုင်ရန် ဂိတ်ကို အမြင့်ကြီးလုပ်ထားသည်။

သံပြားအထူကြီးဖြင့် လုပ်ထားသော တံခါးဖြစ်၍ ခြံထဲကိုမမြင်ရသလို ခြံစည်းရိုးများကလည်း ကျောက်တုံးများဖြင့် အမြင့်ကြီးကာထားသလို၊ အပေါ်မှသံဆူးကြိုးများတပ်ထားသေးသည်။

ထိုသံဆူးကြိုးများအပေါ်မှ ပန်းပင်နွယ်များကထပ်ပြီး အုံလိုက်တွယ်တက်နေသဖြင့် ဆယ့်ငါးပေခန့်လောက်မြင့်နေတော့သည်။ ထိုခြံစည်းရိုးကြီးသည် ပေအတော်ရှည်သဖြင့် အုံ့ညြ ငေးမောနေရသည်။

ခြံစည်းရိုးကြီး၏ နောက်တွင်လည်း သရက်ပင်၊ ပိတောက်ပင်၊ ပိန္နဲပင်လိုအပင်ကြီးများ အထပ်ထပ်ပေါက်နေသဖြင့် အတွင်းရှိ အိမ်ကိုမြင်ရဖို့မလွယ်။

ပြီးတော့ သူတို့ခြံကြီးက ဤပတ်ဝန်းကျင်တွင် အမြင့်ဆုံး ကုန်းပေါ်တွင် တည်ရှိနေသေးသည်။

ညာဘက်ခပ်ဝေးဝေးကိုလှမ်းကြည့်တော့ အုတ်ဂူဖြူဖြူလေးများ၊ သစ်သားကို ကြက်ခြေခတ်၍ စိုက်ထူထားသော မြေပုံလေးများကို လှမ်းမြင်နေရသည်။

www.burmeseclassic.com



"လာ... လာ... သမီးတို့ ကားလမ်းပေါ်အကြာကြီး ရပ်မနေကြနဲ့... ပန်းလှလှလေးတွေရှိမှန်းသိရင် လိပ်ပြာတွေ... ပိတုန်းတွေဝဲလာကြလိမ့်မယ်... ကိုယ့်ခြံကလုံ့ဟာမဟုတ်ဘူး...အန္တရာယ်မဖြစ်အောင်နေမှကွဲ... စစ်တပ်နဲ့လည်းဝေး... ရဲနဲ့လည်းဝေးတော့ အကူအညီတောင်းရဖို့ မလွယ်ဘူးလေ"

"ဖွားလေးကလည်း 'စိုပွင့်' တို့က ငယ်ငယ်တုန်းကလျှောက်ဆော့ရင်း စမ်းချောင်းတွေ... ရေတံခွန်တွေဘက်လည်းရောက်ဖူးပါတယ်... ဒါပေမယ့် ဟောဒီက မြို့သူ 'မြလေး' ကိုတော့ ဟိုဟိုဒီဒီလိုက်ပြချင်သေးတာပေါ့"

"ဖွားလေး စီစဉ်ပေးမှာပေါ့... နက်ဖြန် ရထားလုံးစီစဉ်ပေးမယ်"

"ဟာ... ဖွားလေး ရထားလုံးက ရေတံခွန်ဘက်အထိသွားလို့မရဘူးလေ... မြင်းတစ်ကောင်စီကို မြင်းထိန်းနဲ့ထည့်ပေးလိုက်"

"မြင်းရိုင်းနဲ့တွေ့ရင် နင်တို့ကျိုးပဲ့ကုန်မှာဆိုးလို့ ပြောနေတာ... နက်ဖြန် ရထားလုံးနဲ့ပဲလည်ဦး... သုံးလေးရက်နေရင်နင်တို့အတွက် ငါဆင်တစ်ကောင်ရှာပေးမယ်"

'မြလေးခန့်' ပခုံးလေးတွန့်သွားမိသည်။





အမှန်အတိုင်းပြောရလျှင် မြင်းလည်းမစီးရဲ၊ ဆင်လည်းမစီးရဲပါ။

တောတောင်ထဲတွင်နေသော်လည်း ဖွားလေးက ပြည့်စုံအောင်စီစဉ်ထားသည်။ စားသောက်စရာအပြည့်အစုံ၊ ခြံအလုပ်သမားလေးယောက်ရှိသည်။ ခြံသမားမိသားစုက အဖွားကိုချက်ပြုတ်ကျွေးသည်။ အသက် (၇၃) နှစ်ရှိပြီဖြစ်သော်လည်း အဖွားဆံပင်မဖြူ၊ သွားမကျိုးသဖြင့် ကျက်သရေရှိစွာ အရွယ်တင်လှသည်။

ထမင်းပွဲမှာ ဟင်းတွေစုံပြီး အငွေ့တထောင်းထောင်းနှင့်။

ဖရုံညွန့်ဟင်းချို၊ ပဲသီးသုတ်၊ ငါးကြော်၊ ကြက်သားဆီပြန်၊ ပဲပုတ်နှင့် ငရုတ်သီးစပ်စပ်ထောင်းထားသည်။

"ဟင်းကလဲ စုံနေတာပဲ... အသားငါး အသီးအရွက်တွေဝယ်လို့ရလို့လား ဖွားလေး"

'မြလေး' က တအံ့တသြမေးခြင်းဖြစ်သည်။

"အသီးအနှံက ခြံထွက်တွေလေ... ဒီလိုပဲ စားခါနီးခြံထဲသွားချိုးလိုက်တာပဲ... တစ်သက်လုံး ဒီလိုပဲ စားလာကြတာပဲ... ငရုတ်ပင်... မြင်းခွာရွက်... ပူစီနာ... ပင်စိမ်းတို့ကအစ စိုက်ထား

www.burmeseclassic.com



တာ... ငါးတို့ ဘာတို့လည်း ရွာထဲက ကလေးတွေ ဖမ်းပြီးလာရောင်းတာ... ကြက်ကတော့ ခြံတိုင်းမှာ မွေးထားတယ်... ဖွားလေးကတော့ အသားငါးသိပ်မစားတော့ ကြက်လည်း မမွေးဘူး... ဘာအကောင်မှ မမွေးဘူး... ဒီနားက ခြံတွေမှာ ကြက်ဝက်ဘဲ အကုန်ရှိတယ်... အခုမှ မဟုတ်ဘူး... ဖွားလေးတို့ ငယ်ငယ်တည်းကရှိတာ... အခုတော့ ခေတ်မီတိုးတက်သွားပြီ ခြံလာလုပ်တဲ့သူတွေ... မွေးမြူရေးလုပ်တဲ့သူတွေများလို့ မနက်ခင်းဆို ဈေးလေးလိုတောင် ဖြစ်နေပြီ... အသုတ်.. မုန့်ဟင်းခါး... အကြော်... လက်ဘက်ရည်... ကာဖီ... ထမင်းကြော်... ဘိန်းမုန့်... ကောက်ညှင်းပေါင်း အို... စုံနေအောင်ရနေပြီ... ကြက်ဝက်တို့ ငါးတို့လည်းရတယ်... နက်ဖြန် မနက်သွားကြပေါ့"

ထိုစကားကြောင့် 'မြလေး' ရင်ခုန်သွားသည်။

ဈေးဆိုတာလူစုံစမြဲ။ မိမိအတွက် မျှော်လင့်ချက်တော့ ရှိနေစမြဲ။

ဘာအလုပ်မှမရှိ၊ ဘာကြည့်စရာမှ မရှိသဖြင့် ဗိုက်ကားအောင်စားပြီး ဝရံတာတွင် လှိမ့်နေကြရသည်။

"ဖွားလေးရေ... ဟို ရေဒီယိုလေးရော"

"ပျက်သွားလို့ ကလေးတွေဆော့ဖို့ ပေးလိုက်ပြီ"





'စုံပွင့်' က ရှုံ့မဲ့၍ လက်ခါပြနေသည်။

ခပ်ဝေးဝေးဆီမှ ယောကျာ်းတစ်ယောက်၏ မင်းသားလေးလိုလွမ်းပြမည် သီချင်းသံကို ချွဲချွဲပြစ်ပြစ်ကြားနေရသည်။

"ဒီမှာသာ ဒီလိုနေ့တိုင်းနေရရင် ပျင်းလို့သေရချည်ရဲ့နော်"

'ခင်သက်မူ' ကလည်း ညည်းသည်။

"ကျုပ်တို့ကတော့ ညည်းတို့မြို့ပေါ်ရောက်ရင် မျက်စေ့ရှုပ်နားရှုပ်လို့ ကြာကြာမနေနိုင်ပေါင်တော်ရေ့... အခုဒီမှာတောင် မျက်စေ့ရှုပ်လာပြီ... ဆယ်ဘီးကားကြီးတွေလာလိုက်ရင် မြေကြီးတွေတောင်တုန်ခါချင်တယ်... ကားသံဆိုင်ကယ်သံတွေကြားနေရပြီ နောက်ဆိုရင် ပိုဆိုးတော့မှာ... ဈေးလေး ဟိုဘက်ခြမ်းမှာဆိုရင် မီးစက်ခုတ်ပြီး ဗီဒီယိုပြစားတဲ့လူတွေရှိတယ်... စလောင်းဆိုလား ဘာဆိုလား ဒယ်အိုးပက်လက်လှန်ထားတဲ့ဟာကြီးကြောင့် တစ်ကမ္ဘာလုံးက သာရေးနာရေးအကုန်သိရ မြင်ရနေပြီလေ"

ထိုစကားများကြောင့် 'စုံပွင့်' တို့ နည်းနည်းပျော်သွားသည်။

"အရင်တုန်းကဆို ကျားတွေဘာတွေတောင်ရှိတာဆို"

"ဒါပေါ့... ဒီမှာမှမဟုတ်ဘူး... ရန်ကုန်မြို့ဖြစ်ခါစက

www.burmeseclassic.com



တောင် ကျားတွေလူမနေတဲ့ နေရာတွေ သွားလာခဲ့တာလို့ အဖိုးတို့ ပြောဖူးတယ်... လူနေများလာရင် တောကောင်တွေပြေးကုန်တာပဲ... ခုတော့ ဒီမှာလည်း မရှိတော့ပါဘူး"

"ဖြတ်... ဖြတ်... ဖြတ်"

"အမယ်လေး... ဘာကြီးလည်း မသိဘူး"

'မြလေး'၏ မျက်နှာအနီးမှ မဲမဲတွဲတွဲအရာဝတ္ထုတစ်ခု ဖြတ်ပြေးသွားပြီးနောက် နောက်ထပ်သုံးလေးခုကလည်း ဝရံတာတွင် ဝိုင်းကြီးပတ်ခြာလည်လုပ်နေကြသဖြင့် သုံးယောက်လုံး ခေါင်းလေးများ ပုပြီးလက်ကလည်း ခြောက်လှန့်နေကြရသည်။

"လင်းနို့မဟုတ်လား ဖွားလေး"

"အေး... အေး... စကားပြောကောင်းနေလို့ ယင်းလိုပ်တွေချဖို့မေ့သွားတယ်... မောင်းထုတ်ပြီး ယင်းလိုပ်ချလိုက်တော့... တော်ကြာနံ့ကောင်တွေရော... ပုဇဉ်းကောင်တွေရော... ဝင်လာလို့ နေရခက်နေကြဦးမယ်"

ဖရောင်းတိုင်မီး မှောင်မှောင်အောက်တွင် တစ်ယောက်မျက်နှာတစ်ယောက်ထိုင်ကြည့်နေရသည်မှာ ကြောက်စရာကောင်းသလိုပါပဲ။ မျက်လုံးတွေက ပိုပြူးပြီး အရောင်တွေလက်နေသည်။ မျက်တွင်းတွေချိုင့်နေသည်ဟု 'မြလေး'ထင်မိသည်။





ရေနွေးကြမ်းအိုးနှင့် လက်ဘက်ပန်းကန်ကို ဝိုင်း၍ထိုင်နေကြခြင်းဖြစ်သည်။

"အဖွားရေ... အဖွား"

"ဟေ... ဘာတုန်းဟဲ့"

အောက်ထပ်လှေကားရင်းမှ လှမ်းအော်နေခြင်းဖြစ်သည်။

"ကျွန်တော် ရွာမြောက်က 'စံထွန်း'ပါ... ရထားလုံးခဏလာငှားတာ... 'ဘကြီးလွန်း'က အဖွားကို ကိုယ်တိုင်လာပြောခိုင်းလို့"

"မိုးချုပ်မှ လှည်းကဘာလုပ်ဖို့လည်းဟဲ့"

"ယာခင်းထဲမှာ မူးပြီးရန်ဖြစ်ကြတာ... ခုတ်ကြထစ်ကြနဲ့ ဒဏ်ရာတွေ ရကုန်လို့ဗျ... ဈေးလေးနားက ဆေးခန်းကို သယ်သွားချင်လို့"

"တခြားသွားငှားပါလားဟယ်... သွေးရဲရဲသံရဲရဲ့နဲ့တော့ ငါ့ လှည်းပေါ် မတင်နဲ့ကွယ်"

"တခြားလှည်းက ခရီးထွက်သွားလို့ ကုသိုလ်ရပါတယ် အဖွားရယ်... ကိုယ်သေလည်း ဒီလိုပဲ လှည်းနဲ့ဆွဲရမှာပဲ ထူးတော့မထူးပါဘူး"

www.burmeseclassic.com



ထိုစကားကြောင့် 'သက်မှု' တို့က ပွစိပွစိလုပ်နေကြသည်။

"ကဲ... ယူသွားယူသွား... ညစ်ပတ်ရင် ဆေးခဲ့ဦး"

"ဟုတ်ကဲ့ပါ"

ရှစ်နာရီထိုးခါနီးတော့ ဖွားလေးဘုရားရှိခိုးရန် ဘုရားစင်ရှေ့ထသွားသည်။

"အိပ်ချင်အိပ်ကြတော့ ခရီးပန်းလာကြတာလေ"

"အူး... ဂူး... ဂူး"

"အူး.. ဟူး... ဟူး...."

သင်္ချိုင်းဆီမှ ခွေးအူသံက ဆွဲဆွဲငင်ငင်နှင့် အူယားစရာကောင်းလှပါသည်။

'မြလေး'က ကြမ်းကြားကျယ်ကျယ်မှ လေတိုးတာကိုရော၊ ဟိုဟာဒီဟာမြင်ရမှာကိုရော ကြောက်သဖြင့် ဖျာအလယ်နားတွင်တိုးထိုင်ရင်း မျက်လုံးပြူးကြီးဖြင့် ဟိုဟိုဒီဒီလိုက်ကြည့်နေမိသည်။ ဘုရားစင်တွင် ဖယောင်းတိုင် ငယ်ငယ်တစ်တိုင်နှင့် လှေကားထိပ်နားရှိစားပွဲတွင် တစ်တိုင်ထွန်းထားသဖြင့် အလင်းရောင်က နည်းလှသည်။ ထို့ကြောင့် ပိုးစုန်းကြူးတို့ လေမှာပျံဝဲပြေးကစားနေသည်ကို လင်းလက်တောက်ပစွာမြင်နေရသည်။





"'သက်မှု'"

"ဟင်"

"ညအိပ်ရင် ငါ့အလယ်ကအိပ်မှာနော်"

"အေးပါ... ဘာလဲ နင်ကြောက်နေပြီလား"

မဖြေဘဲ မျက်နှာငယ်ငယ်ဖြင့် ကြည့်နေမိသည်။

ဖွားလေးက ဘုရားဦးချရင်း ...

"ဘာမှမကြောက်နဲ့... ငါ့ဒီအပေါ်ထပ်မှာ တစ်ယောက်တည်းနေတာ အိုသေတော့မယ်... ဘာသရဲမှမရှိဘူး... နင်တို့မျက်လုံးတွေက ပြူးရတဲ့အထဲ... အညို့တွေ အမဲတွေဆွဲထားတော့ သရဲကတောင် ပြန်လန့်ပြေးဦးမယ်"

"အူး... ဂူး... ဂူး"

"အဖွားကသာ သရဲမရှိဘူးပြောနေတာ... သင်္ချိုင်းကုန်းကလည်း ခွေးခဏခဏအူနေတာ အူယားစရာကြီး... အဲ့သလိုခွေးအူရင် တစ္ဆေသရဲတွေမြင်ရလို့ဆို"

"ခွေးက အူယားရင်လည်း အူတတ်တာပဲ... လူရိပ်လူသံကြားရင်လည်း အူတတ်တာပဲ"

ထိုစဉ် ခြံနောက်ဖက်ပေါက်မှ ရထားလုံး ပြန်ဝင်လာသံကြားလိုက်ရသည်။

www.burmeseclassic.com



"ဖွားလေးရေ... ကျွန်တော်တို့ လာပြန်ထားပြီနော်"

"အေး...အေး.. လူနာတွေ သက်သာရဲ့လား... အစဉ်ပြေရဲ့လားဟဲ့"

"နှစ်ယောက်ကတော့ အခြေအနေကောင်းပါတယ်... တစ်ယောက်ကတော့ ဆုံးသွားပြီ"

"ဟယ်... ဟုတ်လား... အဲသလောက်တောင် ဖြစ်ကြတာလား... စိတ်မှမထိန်းကြပဲကိုး... ခက်တယ်... ခက်တယ်"

ဆုံးသွားပြီဆို၍ 'သက်မူ' တို့သုံးယောက် ပို၍ ပူးကပ်သွားကြသည်။

"ဖွားလေး... ဟိုရောက်မှဆုံးတာလား မေးကြည့်ပါဦး"

ဖွားလေးက အော်မေးပေးပါသည်။

"ကျွန်တော့်စိတ်ထင်တော့ လမ်းတွင်ဆုံးတာဖြစ်မယ်... အိမ်က သယ်သွားတုန်းက ညည်းသံကြားရသေးတယ်... ဟိုရောက်တော့ အသက်မပါတော့ဘူးဆိုတော့ လမ်းမှာပဲ ဆုံးတာနေမှာ"

သူငယ်ချင်းသုံးယောက် ခြင်ထောင်ထဲတွင် စောင်ခေါင်းမြုံးခြုံထားကြသဖြင့် ချွေးတွေပင်စီးကျနေပါပြီ။

ခွေးအူသံများကလည်း မကြာမကြာ ကြားနေရသည်။





သုံးယောက်လုံး၏ အတွေးထဲတွင် လမ်းမှာတွင်ဆိုတော့ ရထားလုံးပေါ်မှာပေါ့။ ရထားလုံးက အိမ်ဘေးမှာဆိုတော့ သေသူ၏ဝိဉာဉ်ကရထားလုံးမှာ ကပ်နေလျှင်ရော။

ထိုအတွေးဖြင့် အိပ်၍ မပျော်ကြတော့ပါ။

www.burmeseclassic.com



## ၇

"ဟဲ့... အပျိုမတွေ... နေဖင်ထိုးနေပြီလေ... ထကြတော့လေ... ဈေးသွားကြမလို့ဆို ဒီကဈေးက နောက်ကျရင် ဘာမှ မရတော့ဘူး"

ဖွားလေး၏အော်သံကြောင့် စောင်ကိုခွာလိုက်ကြသည်။ ဟုတ်ပါသည်။ သစ်သားကြားမှ စူးရှသော အလင်းတန်းများ ဝင်နေပါသည်။ နာရီကိုကြည့်တော့ ခြောက်နာရီပင် မထိုးသေး။ တစ်ယောက်ပြီးတစ်ယောက် မျက်နှာသစ်ကြ၊ ရေအိမ်ဝင်ကြနှင့်





အလုပ်ရှုပ်နေကြသည်။

"ငါဖြင့် လေးနာရီတည်းက ညည်းတို့အတွက် ကာဖီဖျော်ပြီးပြီ ကောက်ညှင်းပေါင်းပြီးပြီ... စားသောက်ပြီးမှ သွားကြ"

သုံးယောက်လုံး ရှိုးထုတ်ထားကြသဖြင့် ...

"အင်း... ဒီမှာက မိန်းမရှားတယ်နော်... ညည်းတို့တွေက အလှူသွားမှာကြနေတာပဲ ပြင်ထားလိုက်ကြတာ... တော်ကြာ... အရိုင်းအစိုင်းတွေကြားရောက်သွားရင် အဆွဲခံနေရဦးမယ်"

"လုံခြုံရေးတွေ ဘာတွေ မရှိသေးဘူးလား... ဖွားလေး"

"အမှုအခင်းဖြစ်ရင်တော့ (၁၅) မိုင်က ရဲစခန်းကို သွားအကြောင်းကြားရင် လိုက်လာတာပေါ့... အခုမှ လူနေကများလာတာကိုး... များလာတယ်ဆိုတာတောင် ရပ်ဝေးက အလုပ်လာလုပ်တဲ့ အလုပ်သမားတွေပဲများတာ... ဈေးလာရောင်းတာလည်း ရပ်ဝေးကပဲ... ဒီကလူက မရှိသလောက်ပဲ... ခြံတွေကိုရောင်းသွားခဲ့ကြပြီ... ခြံဝယ်ထားတာကလည်း ရပ်ဝေးကပဲ"

"ဒါဆို ဆက်သွယ်ရေးကြတော့ ခက်တာပေါ့"

"မထင်နဲ့... နန္ဒမာလာခြံထဲမှာ တီဗွီ... စလောင်းတွေရှိသလို ဘယ်လူလာဖုန်းလည်းရှိတယ်... အခုဒီမှာ ခြံဝယ်ထားတဲ့ သူဌေးတွေလာရင် မန္တလေးနဲ့ ရန်ကုန်နဲ့ လှမ်းစကားပြောလို့ရတဲ့

www.burmeseclassic.com



ကိုယ်ပိုင်ဖုန်းလေးတွေပါလာတာ တွေ့တာပဲ... ကဲ... ကဲ... စားသောက်ပြီးသွားကြတော့... ရထားလုံးမောင်းပေးဖို့ မြင်းငှားဖို့ အားလုံးစီစဉ်ပြီးသား... ဈေးဘက်သွားပြီးရင် လွမ်းစေတီဘက် သွားချင်သွားကြပေါ့"

"ရထားလုံးနဲ့မသွားတော့ဘူး ဖွားလေး... လမ်းလျှောက်ပြီးပဲသွားတော့မယ်"

"'စုံပွင့်' ရယ်... လူကြီးစီစဉ်တာကို ဘာလို့ထော်လော်ကန့်လန့်လုပ်ချင်တာလဲ... ဟိုတစ်ခါလာတုန်းက နင်တို့က အပျိုမဖြစ်သေးဘူး... အခုမသင့်တော်ဘူး... အရပ်ရပ်ဒေသပေါင်းစုံက လူမျိုးစုံရောက်နေကြတာ... တစ်ခုခုဖြစ်ရင် ဝိုင်းကူမယ့်လူမျိုးနဲ့တွေ့ရင် ကိစ္စမရှိဘူး... ရထားလုံးနဲ့သွားရင် ဒီအိမ်ကမှန်းသိသလို ခြံထဲကလူတွေကိုမြင်ရင် ဒီအရပ်ကမှန်းသိလို့ မစော်ကားဝံ့ဘူးပေါ့"

ဖွားလေးပြောတာမှန်နေသဖြင့် လက်ခံလိုက်ကြသည်။

လမ်းမကြီးပေါ်သို့မထွက်ဘဲ ခြံနောက်ပေါက်မှ ထွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သစ်ပင်ကြီးများ၏ အရိပ်အောက်မှာ ဖြတ်ခဲ့သဖြင့် စိမ့်ကြီးမြိုင်ကြီးဆိုတာ ဒါမျိုးလားဟု တွေးမိသည်။

"ဟယ်... 'သက်မှူ' ရေ... ဒါသွေးခဲကြီးမဟုတ်လား"





"ဟုတ်ပါရဲ့... ဒါညက ဟာတွေထင်တယ်"

သုံးယောက်လုံး ထိုင်ခုံအောက်ခြေတွင် ကပ်နေသည့် သွေးခဲကို ပြူးကျယ်သော မျက်လုံးများဖြင့် စိုက်ကြည့်ရင်း ဝေဖန်နေကြခြင်းဖြစ်သည်။ နာရီဝက်ခန့်ကြာသောအခါ တဖြေးဖြေး လမ်းမကြီးပေါ်သို့ ရောက်ခဲ့ပြီ။

အံ့သြစွာတွေ့ရသည်က 'နန္ဒမာလာ' ခြံကြီး၏ရှေ့ဘက်ကိုတွေ့ရခြင်းဖြစ်သည်။ ခြံပုံစံ၊ အကာအရံက မပြောင်းလဲသော်လည်း ရှေ့ဘက်မှကြည့်လျှင် ကုန်းမြင့်ပေါ်ရှိ ကြီးမားလှသော အဝါရောင်တိုက်ကြီးအပေါ်ထပ်ကို ရှေးခေတ်ကပုံစံအတိုင်း အချွန်အတက်၊ အဖုအထစ်တွေနှင့် လက်ရာမြောက်စွာ တွေ့ရခြင်းပင်။

သို့သော် ခြံရှေ့မှကြည့်လျှင် လူလုံးမကွဲလောက်အောင် တိုက်ကြီးက ဝေးလှသည်။

ဂိတ်ဝတံခါးတွင် (နန္ဒမာလာ – ၁၉၀၀) ဟုရေးထားသဖြင့် အံ့သြစွာကြည့်မိသည်။

"'စုံပွင့်' ရေ... (၁၉၀၀) ဆိုတာ ဘာကိုရေးထားတာလဲ"

"နင်ကလဲဟယ်... သူတို့ဒီခြံနဲ့ ဒီတိုက်ကြီးကို ဝယ်တဲ့နှစ် ဆောက်တဲ့နှစ် တစ်ခုခုကို ရေးထားတာဖြစ်မှာပေါ့"

www.burmeseclassic.com



"ဟင်... ဒါဆို ဒီတိုက်ကြီးဆောက်ခဲ့တာ နှစ် (၁၀၀) ရှိပြီပေါ့... ဟုတ်လား... ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်မယ်ထင်တယ်... ငါတို့ငယ်ငယ်တုန်းက တစ်ခေါက် လာလည်တုန်းကတောင် သူတို့တိုက်ကြီး အက်ကွဲသွားလို့ အဖွားခြံထဲက အလုပ်သမားတွေတောင် ပန်းရံသွားဆင်းကြသေးတယ်"

"'စုံပွင့်' တို့ရော သွားမလည်ဘူးလား"

"မလည်ပါဘူး... ဖွားလေးက ဒီခြံထဲကလူတွေကို သိပ်မုန်းတာ... သူငယ်ငယ်တုန်းက မောင်းထုတ်ခံရဘူးလို့ သူ့အမျိုးတွေဆို ဒီခြံထဲကလူတွေနဲ့ ပတ်သက်တာ မကြိုက်ဘူး အဖွားခြံထဲက အလုပ်သမားက ပန်းရံတတ်လို့ ပိုက်ဆံအများကြီးပေးပြီး ခေါ်ခိုင်းတာ... သိပ်အကျင့်ယုတ်တာတဲ့... ပိုက်ဆံပိုပေးလိုက်တော့ သူတို့ဘက်ပါသွားတာပေါ့... အဖွားကလည်း ပြန်လက်မခံဘူး... ပန်းရံလုပ်တဲ့လူကလည်း ပြန်မလာဘူး"

"'မြလေး' တော့ အရမ်းကို အံ့သြနေတာ... ဟိုလွန်ခဲ့တဲ့ နှစ် (၁၀၀) ထဲက ဒီလောက်ခန့်ညားတဲ့တိုက်မျိုးကြီးကို ဒီလိုတောထဲတောင်ထဲမှာ လှလှပပခန့်ခန့်ညားညားကြီး လာဆောက်ထားတာကလည်း အံ့သြစရာနော်... စဆောက်တဲ့အချိန်ကို တွက်



ကြည့်ရင် ဘုရင်လက်ထက်တောင် မီမလားမသိဘူး"

"ဟင်... ငါတို့တော့ အဲဒါတွေ မမှတ်မိပါဘူး... ဘွဲ့ယူခဲ့တာကလည်း သတ္တဗေဒနဲ့ဆိုတော့ ရာဇဝင်အကြောင်း သိပ်မကျွမ်းဘူးကိုယ့်လူ... မင်းလည်း သိပ္ပံဘွဲ့ယူပြီး ဘယ်နှယ့် ရာဇဝင်ခုနှစ်တွေ ပိုင်ပိုင်နိုင်နိုင် သိနေရတာလဲ"

"'မမသီတာ' က ကျောင်းဆရာမလေဟယ်... သူက ရာဇဝင်သမိုင်းတွေသိပ်ဖတ်တာ... ငါတို့စကားများလွန်းလို့ သူအာရုံပျက်တယ်ဆိုပြီး စာအုပ်တွေ အတင်းဖတ်ခိုင်းတာနဲ့ သူဖတ်ခိုင်းတာတွေဖတ်ရင်း စိတ်ဝင်စားစရာကောင်းလို့ သီပေါမင်းအကြောင်းမှတ်မိနေတာ... ဒါဆို ဒီတိုက်ကြီးက ဖွားလေးမမွေးခင် နှစ်သုံးဆယ်နီးပါးထဲက ရှိနေတာပေါ့"

"ဟင်... နင်ကဘယ်လိုလုပ်သိလဲ"

"'စုံပွင့်' တို့ပဲ ဖွားလေးအသက် (၇၀) ကျော်ပြီဆို"

"ဟင်... အေးဟုတ်သားပဲ... သိပါဘူး... ဘယ်အချိန်တည်းက ဒီအိမ်ကြီး ဆောက်ထားလည်းဆိုတာ စိတ်မဝင်စားလို့လားမသိဘူး... ဘာမှကို မသိတာ"

"နိုင်ငံခြားမှာဆိုရင် ရှေးဟောင်းအဆောက်အအုံတွေဟာ သိပ်တန်ဖိုးရှိတာ... ရှေးဟောင်းပစ္စည်းတွေဆိုရင်လည်း ဈေး

www.burmeseclassic.com



ကောင်းပေးပြီးဝယ်သိမ်းတတ်ကြတာ”

ဈေးလေးရှိရာဘက်ချိုးကွေ့ခဲ့သဖြင့်လည်းကောင်း၊ ဆယ် ဘီးကားကြီးသုံးစီးဖြင့် ကုန်ပစ္စည်းတွေအတင်အချလုပ်နေသဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ဆူညံသွားသည်။

ထို့ကြောင့် ‘မြလေး’ စကားပြတ်သွားခြင်းဖြစ်သည်။ အံ့ဩစရာကောင်းလောက်အောင်ပင် ဈေးလေးတစ်ဝိုက်တွင် စည်ကားနေပါသည်။

ကက်ဆက်သံတွေလည်း ညံနေသည်။

ရထားလုံး ငါးစီးခန့်၊ ဆိုင်ကယ်၊ စက်ဘီး စုံနေသည်။ ‘မြလေး’တို့ ရထားလုံးပေါ်ကဆင်းနေသည်ကို အံ့ဩသလို ဝိုင်းကြည့်နေကြသည်။

“ဟာ… သူယောင်မယ်တွေလားဟ”

“မိုးပေါ်က နတ်သမီးတွေကြမ်းကျွံပြီး ကျလာတာနဲ့တူတယ်”

“မျက်စိအေးစရာလေးတွေ ပါလားဟေ့… အိမ်က မိန်းမကိုပစ်ပြီး ဒီထဲက တစ်ယောက်လောက်ကို တော်ကောက်မှထင်တယ် ဟီး… ဟီး… ဟီး”

သွားအဖြဲသား၊ မျက်လုံးအပြူးသား၊ သွားရည်တမြား





မြားနှင့် ပြောနေသူများကို မြင်မှ ဖွားလေး၏ စေတနာကို နားလည်မိတော့သည်။

ဈေးကလေးက တဲကလေးတွေထိုး၍ ရောင်းခြင်းဖြစ်သည်။ တဲအလုံးသုံးဆယ်ခန့်သာရှိသော်လည်း နွားလှည်းများနှင့် လာရောင်းသူ၊ ထော်လာဂျီများနှင့် လာရောင်းသူ၊ စက်ဘီးအရှေ့အနောက်တွင် တောင်းများနှင့်ထည့်ပြီး လာရောင်းသူများကြောင့် စည်းကားလှပါသည်။

ဈေးဝယ်သူတွေလည်းများသည်။ မြင်းများနှင့်လာသူ၊ ဆိုင်ကယ်၊ မ[illegible]ဘီးနှင့်လာသူ၊ ဂျစ်ကားနှင့်လာသူများလည်းရှိသည်။ ဈေးဝယ်သူအများစုမှာ၊ အမျိုးသားများနှင့် အသက်ကြီးကြီး မိန်းမကြီးများကိုသာ တွေ့ရသည်။

အပျိုရွယ်လေးငါးယောက်တော့တွေ့သည်။ သူတို့ပုံစံက ဘီးစဘတ်တွေ၊ ပါးကွက်တွေနှင့် ပြီးတော့ ရှပ်အင်္ကျီပွပွကြီးများဝတ်ပြီး မြန်မာပြည်ဖြစ် ချိတ်ထမီ၊ မာဆရိုက်ထမီများကို ဒူးမပေါ်ရုံခပ်တိုတိုဝတ်ထားကြသည်။ တချို့ခြေထောက်တွင် ဖိနပ်ပင်မပါ၊ မြေနီတွေပေကျံနေသည်။

ဖွားလေးပြောသလိုပင် မိမိတို့ရှိုးထုတ်ထားခြင်းသည် ရယ်စရာကြီးလိုဖြစ်နေတော့သည်။

www.burmeseclassic.com



'ခါးလေးလှုပ်ကာ လမ်းလျှောက်သွားရင် × × ×
ကောင်လေးတွေကြည့်တယ် × × × မျက်လုံးလေးတစ်
ဖက်ကို ခိုးကြည့်လိုက်ရင် တစ်ပုံကြီးပါလာမယ် × × ×

'ထွန်းအိန္ဒြာဗိုလ်' ၏ သီချင်းကို စက်ဘီးနှင့်လာရောင်းသောကွမ်းယာဆိုင် ကုလားလေးက ဘက်ထရီအိုးဖြင့် ဖွင့်ထားခြင်းဖြစ်သည်။

လေပြေကလေးကြောင့်လည်းကောင်း၊ တောတောင်ရှုခင်းတွေ၏ စိမ်းစိုသာယာမှုကြောင့်လည်းကောင်း၊ တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် 'ထွန်းအိန္ဒြာဗိုလ်' ၏ သီချင်းလေးက ပို၍ဆွဲဆောင်မှုရှိနေသည်။

ဤသီချင်းကို လူကြီးလူငယ်မရွေးကြိုက်ကြပါသည်။ ကလေးတွေကဆို၍ ကောင်း၍ ဆိုကြသည်။ အပျိုတွေကလည်း အပျိုဘဝနှင့် ကိုက်ညီ၍ ဆိုကြသည်။ 'မြလေး' တို့လည်း အိမ်မှာ ကက်ဆက်ဖွင့်၊ ဗီစီဒီဖွင့်ပြီး အသံကုန်အော်ဆိုတာပါပဲ။

ခုတော့ ဒုက္ခရောက်နေပါသည်။ ယောကျ်ားတွေ၏ မျက်လုံးများက 'မြလေး' တို့ကို စုပြုံ၍ ကြည့်နေကြသဖြင့် လမ်းလျှောက်ရခက်လှပါသည်။

× × × ချစ်သူဘယ်မှာ စမ်းသပ်ကြည့်ချင် × စိတ်က



စားမိခဲ့တယ် × မူယာမာယာ အမျိုးမျိုးပြလို့ရယ် × × ×
မျက်နှာကိုယ်ဟန် မိမိမိုက်မိုက် ကောင်လေးတစ်ယောက်
ယောက်ကို × × ချစ်ပစ်လိုက်မယ် × အရမ်းချစ်လိုက်
မယ် × မလွန်ဘူးထင်ပါတယ် × × ×

ထိုသီချင်းစာသားလေးကို နားထောင်ပြီးနောက် 'မြလေး' ရင်ထဲ ကျင်ကနဲဖြစ်သွားမိသလို မနီးမဝေးတောင်ကုန်းပေါ်မှ တိုက်ဝါဝါကြီးဆီသို့ ဖြတ်ကနဲ လှမ်းကြည့်လိုက်မိပါသည်။

"ဟော့... ဟိုမှာ တို့ဟူးပျော့ဆိုင်တွေ့ပြီ ဝင်ထိုင်စားရအောင် ဒီသီချင်းနဲ့ လမ်းလျှောက်နေရတာ ကိုယ့်ကိုယ်ကို လျှောက်သီးဆေးပြား လှည့်ရောင်းနေရသလိုပဲ... လက်ဘက်ရည်ဆိုင်ကကောင်တွေကလည်း ငါတို့တင်ပါးလှုပ်တာနဲ့ညီအောင် လက်ခုပ်လိုက်တီးပေးနေသေးတယ်"

'စုံပွင့်' စကားကြောင့် ရယ်ချင်ပါသော်လည်း မရယ်ဝံ့ပါ။ မျက်နှာသေလေးများဖြင့် ဆိုင်မှာဝင်ထိုင်လိုက်ကြသည်။

"ညက ပြောင်းခင်းထဲမူးပြီး ရန်ဖြစ်ကြတာ ခြေပြတ်တဲ့လူပြတ်... ခေါင်းကွဲတဲ့လူကွဲနဲ့ တစ်ယောက်သေသွားတယ်လေ... ဒီနေ့ သင်္ဂြိုလ်မယ်ထင်တယ်... ကောင်လေးက ခပ်ချောချောလေး

www.burmeseclassic.com



အသက်အစိတ်လောက်ပဲရှိသေးတယ်... ရန်ကုန်ဘက်ကလာတာလို့ ပြောတာပဲ"

"ခက်တယ်နော်... ပိုက်ဆံအရာတော်ပေမယ့် အနေမတော် အသောက်အစားမတော်တော့လည်း ခွေးသေဝက်သေသေရတာပဲပေါ့"

ထိုစကားကြောင့် ရထားလုံးပေါ်မှ သွေးခဲကို ပြန်သတိရပြီး မြင်းလှည်းမောင်းသူကို လက်ယပ်ခေါ်လိုက်မိသည်။

"ဦးလေး... မြင်းလှည်းပေါ်မှာ သွေးခဲတွေကပ်နေတယ်... သေချာရှင်းပေးဦးနော်... ရော့... ဦးလေးလည်း စားချင်တာဝယ်စားနော်"

'သက်မှူ'က နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးရင်းပြောသည်။

'မြလေးခန့်'မျက်လုံးများက လက်ဘက်ရည်ဆိုင်တွင် ချိတ်ထားသော ဆိုင်းဘုတ်တစ်ခုကို မြင်သွားပါသည်။

"အလုပ်သမားအလိုရှိသည်"

၁။ လက်ဘက်ရည်ဆိုင်စားပွဲထိုး၊ စားရိတ်ငြိမ်း လခရှစ်ထောင်

အသက် (၁၅ နှစ်မှ ၂၀) အတွင်း၊ လူပျိုဖြစ်ရမည်။





၂။ ထမင်းချက်အမျိုးသမီး (၃) ဦး

၃။ ကလေးထိန်း (၃) ဦး

စားရိတ်ငြိမ်း၊ အိမ်အိပ် အိမ်စားရမည်။

အသက် (၂၀ မှ ၃၀)အတွင်း လခရှစ်ထောင်၊ အပျိုဖြစ်ရမည်။ သုံးနှစ်စာချုပ်ချုပ်ရမည်။

၄။ ဆရာမ (၂) ဦး

ဘွဲ့ရ၊ အိမ်ထောင်မရှိသူဖြစ်ရမည်။ သူငယ်တန်းမှ ရှစ်တန်း၊ဆယ်တန်း၊ ကလေး (၃) ယောက်ကို စာပြရမည်။ အတူနေရမည်။ သုံးနှစ်စာချုပ်ရမည်။

(တစ်လနှစ်သောင်း၊ စားရိတ်ငြိမ်း)

(ဤလက်ဘက်ရည်ဆိုင်တွင် စုံစမ်းနိုင်သည်။)

"ဟော့... 'သက်မှူ' စားရိတ်ငြိမ်း.. နှစ်သောင်းဆိုတဲ့အလုပ်ကိုတော့ ငါစိတ်ဝင်စားတယ်"

"ဟာ... နင်ကလည်း သုံးနှစ်ကြီးတောင် စာချုပ်ရမှာနဲ့ အမေက လုပ်ခိုင်းမယ်မထင်ပါဘူး... တောထဲ တောင်ထဲနေမို့လုပ်ချင်တယ်"

"နင်သိသားပဲ... ငါရန်ကုန်မှာ မနေချင်ဘူး... အိမ်မှာနေချင်ဘူးဆိုတာ... ဒီမှာ ဖွားလေးလည်း ရှိနေတာပဲ"

www.burmeseclassic.com



"နင်ဘယ်လိုဖြစ်နေတာလဲ"

'သက်မှူ'က 'စုံပွင့်' ရှေ့တွင် မပြောချင်၊ မဆူချင်သဖြ

မျက်လုံးပြူးကြီးဖြင့် ...

"အေး... ရန်ကုန်ပြန်ရောက်မှ နင့်အမေဆီမှာ

တောင်းပြီး ပြန်လာလုပ်... ငါကတော့ ငါခေါ်လာတာဆိုတေ

တာဝန်ကြီးတယ်ဟေ့"

'စုံပွင့်'စတိုးဆိုင်လေးတွင် တွယ်ဂျိတ်နှင့် ဆံပင်ညှပ်

လစ်သွားဝယ်နေစဉ် ...

"နင်ဘာဖြစ်နေတာလည်း ငါသိတယ်... ဟိုလူ့ကိုတွေ

ချင်လို့မဟုတ်လား... ဒီလူနဲ့ပါတ်သက်ပြီး နင်သည်လော

အထိ မိန်းကလေးဈေးကျသွားတာတော့ အရမ်းအံ့သြတယ်

လား ... ဒီလူက နင့်ကို စပါးကြီးမြွေညို့သလို ညို့နိုင်လှချ

လား"

ထိုစကားကြောင့် 'မြလေး'၏ မျက်နှာလေးရဲသွား

သည်။

"ငါအလုပ်ကောင်းကောင်းရှာနေတယ်ဆိုတာ နင်သိ

တယ် ဟာ... ပြီးတော့ ငါ့အိမ်မှာ မနေချင်ဘူးဆိုတာ နင်သိ

တယ်... တကယ်လို့ အိမ်အိပ်အိမ်စား ခုလိုပဲ လခကောင်းကေ





သက်သာမယ့် အလုပ်မျိုးရရင် ငါ့ကို မေမေနဲ့လာခေါ်နိုင်း

လိုက်ပါ သူ့ကို တွေ့ချင်တာတစ်ခုတည်းနဲ့တော့ ငါဒီအလုပ်

ကိုလုပ်ဖို့စဉ်းစားတာ မဟုတ်ပါဘူး... တကယ်လို့ မန္တလေးတုန်း

ဒီအလုပ်မျိုးရှိခဲ့တွေ့ခဲ့မယ်ဆိုရင် ငါဒီကိုတောင် ရောက်လာမှာ

ဟုတ်ဘူး"

"သွားစမ်းပါ... မင်းအညှို့ခံနေရပြီ... ငါသိတယ်...မင်းခု

လို ထင်ရာလုပ်မယ်ဆိုရင်တော့ ငါနဲ့အပြတ်ပဲကိုယ့်လူ"

သူငယ်ချင်းနှစ်ယောက် မပြေမလည်ဖြစ်နေကြစဉ် စား

ပွဲနားသို့ အားကစားဝတ်စုံနက်ပြာရောင်နှင့် လူတစ်ယောက်လာ

ရပ်နေသဖြင့် မော့ကြည့်လိုက်သောအခါ ...

"ဟင်"

"ဟောတော့"

သူငယ်ချင်းနှစ်ယောက်လုံး လန့်သွားလောက်အောင်

မေဋ္ဌိတ်သံတွေ ထွက်သွားလောက်အောင် လုပ်နိုင်သူက 'ညို့

နိုင်လွန်းသူ'ပဲပေါ့။

"အဟဲ... ဟဲ... ထိုင်ပါဦးရှင့်"

'သက်မှူ'စောစောက ပြောချင်ရာပြောထားပြီး ဤလူ

ကြားသွားလေသလားဟု ထူထူပူပူဖြစ်နေသလို 'မြလေး'

www.burmeseclassic.com



ကလည်း 'သက်မှု' ပြောစကားများကို သူကြားသွားပြီး မိမိ မိန်းမနောက်ပိုးဟု ထင်ပြီး အထင်သေးသွားပြီလားဟု ရက်စ ဖြင့် မျက်နှာလေးနီရဲပြီး ခေါင်းကို အတင်းငုံ့ထားပါတော့သ

'သက်မှု' တစ်ယောက် ပြောတုန်းက ပြောပြီး ထိုင်မိ တော့လည်းသူပါပဲ။ 'ကျော်ဇေယျ' က ခပ်ပြုံးပြုံးဝင်ထိုင်ရ 'မြလေးခန့်' ကိုလှမ်းကြည့်နေပါသည်။

"စောစောက ရထားလုံးပေါ်ကဆင်းလာတာ မင်း ကိုး... သုံးယောက်မဟုတ်လား တစ်ယောက်ရော"

"ပစ္စည်းသွားဝယ်နေပါတယ်"

"ကိုယ်အရမ်းအံ့သြသွားရတယ်ကွာ... နှစ်ယော လုံးကိုမြင်ရတော့ ဝမ်းလည်းဝမ်းသာမိတယ်... ကိုယ်တို့တွေ လောက်ထိ ရေစက်ဆုံဖြစ်မယ်တောင်မထင်မိပါဘူး"

ဒါပေါ့လေ ခင်ဗျားကြီးက တွေ့တုန်းခဏပဲပြုံးပြ မဟုတ်လား။

"ဒီလိုနေရာကို ဆွေမျိုးသားချင်း မရှိပဲတော့အလ သဘောနဲ့ ဘယ်သူမှရောက်လာကြမှာ မဟုတ်ဘူး"

'သက်မှု' ကခေါင်းညိတ်ရင်း ...

"အလုပ်ရှာဖို့ ထွက်လာကြတာဆိုတော့ လခကော





ကောင်းနဲ့သက်သာမယ့် အလုပ်များရမလားလို့ ဒီဘက်ရောက်လာတာပါ"

"ဖွားလေး 'ဒေါ်ဝါနု' တို့အိမ်က မြင်းလှည်းပဲဟုတ်မယ်... အဲဒီခြံကို ခပ်ငယ်ငယ်ကောင်မလေးတွေ ရောက်လာတတ်ပြီး အရမ်းဆော့တယ်လို့ အဖိုးပြောသံကြားဖူးတယ်... မင်းတို့ထင်တယ်... အခုတော့လည်း တကယ့်မိန်းမကြီးတွေ ဖြစ်လာကြပြီပဲ... မင်းတို့ ငယ်ငယ်တုန်းက ခြံထဲဝင်လာလို့ တို့လေးခွနဲ့ တောင်ပစ်ဖူးသေးတယ်"

'သက်မှု' ကမျက်စောင်းထိုးရင်း ...

"ခင်ဗျားတို့က မျိုးရိုးလိုက်ပြီး ကြမ်းကြုတ်တတ်တာပါပဲလား ဖွားလေးငယ်ငယ်တုန်းကလည်း မောင်းထုတ်ခံရဖူးတယ်တဲ့ ခွေးနဲ့ လည်းရှူးတိုက်တယ်တဲ့ ကိုယ့်ခြံထဲလာတာများ ဒီလောက်မောင်းထုတ်နေရအောင် ခင်ဗျားတို့ခြံထဲမှာ ရွှေတွေစိန်တွေထွက်နေလို့လား"

ထိုစကားကြောင့် 'ကျော်ဇေယျ' စိတ်မဆိုးဘဲ နှစ်ခြိုက်စွာရယ်ရင်း ...

"ဟုတ်မယ်ထင်တယ် ဘိုးဘေးတွေလက်ထက်က ပိုက်ဆံချမ်းသာခဲ့တော့ ရွှေအိုးတွေ မြှုပ်ထားတယ်ပြောဖူးလို့ အပြင်

www.burmeseclassic.com



လူအဝင်မခံတာလေ... သူများခြံထဲဝင်တဲ့လူမှာတော့ အပြစ်မရှိဘူးတဲ့လားဗျာ ဒီအတွက်စိတ်ဆိုးနေတယ်ဆိုရင် စိတ်ဆိုးပြေအောင် ရက်စက်ကြမ်း ကြုတ်တယ်လို့ မထင်အောင် ပြန်တောင်းပန်ပါတယ် ခင်ဗျာ... ပြီးတော့ ရန်ကုန်ရွှေမြို့တော်ကြီးကနေ မိုင် (၅၀၀) ခရီးကို အရောက် လာခဲ့ရတဲ့ ညီမငယ်တွေကို 'ကိုဇေယျ' ကဧည့်ဝတ်ပြုပါရစေ... အိမ်ကိုလိုက်လည်ဖို့ ဖိတ်ခေါ်ပါတယ်"

"အို... အလကားစတာပါ... 'သက်မူ' တို့အခုပဲပြန်ကြတော့မှာပါ"

ထိုစဉ် 'စုံပွင့်' လည်းပြန်ရောက်လာသဖြင့် ထိုင်ရာမှထလိုက်တော့သည်။ 'မြလေး' လည်းထရပြီပေါ့။

"နက်ဖြန် မနက်စာကို 'နန္ဒမာလာ' မှာစားဖို့ သုံးယောက်လုံးကို ဖိတ်ပါတယ်... (၁၀) နာရီခွဲလောက် 'ဖွားလေးဝါန' တို့ခြံပေါက်နဲ့နီးတဲ့ ဂိတ်ကိုပဲလာခဲ့လေ ကိုယ်အကြိုလွှတ်ထားမယ်"

"အို... နေပါစေ 'သက်မူ' တို့အတွက် အလကားအလုပ်ရှုပ်နေပါမယ်... မမျှော်နဲ့တော့နော်... 'သက်မူ' တို့ပြန်တော့မယ်... လာ 'မြလေး' သွားကြရအောင်"

'သက်မူ' ဆွဲခေါ်သဖြင့် 'ကိုကျော်ဇေယျ' ကို တစ်ချက်





လှမ်းကြည့်ပြီး ရထားလုံးရှိရာ ထွက်ခဲ့တော့သည်။

သူရက်ပြီး ကျန်ခဲ့လေသလား။

သူ့ကို အားနာလိုက်တာ။

သူ့ကို သနားလိုက်တာ။

www.burmeseclassic.com



## ၈

'ဖွားလေးဒေါ်ဝါနု' က ခေါင်းတညိတ်ညိတ်နှာ
ထောင်ရင်း...

"အင်း... ထူးတော့ထူးဆန်းတာ အမှန်ပဲ... ခေတ်တွေ စနစ်တွေကပဲပြောင်းသွားလို့လား... 'မောင်မောင်ကြီး' တို့နဲ့များ ကွာပါ့နော် အင်း... အသက်ကြီးလာလို့ ဒေါသတွေ မောဟတွေ လျှော့ပါးကုန်တာလား... ဒါမှမဟုတ် အသက်ကြီးလာလို့ မရှိသေကြမကြောက်ကြတော့တာလား"

ထိုသို့ပြောရင်း ခေါင်းကိုခါရမ်းနေပြီးနောက်...





"မရှိသေကြတာတော့ မဖြစ်နိုင်ဘူး... ဒါပေမယ့် ခုလို သူတို့ ခြံထဲ တိုက်ကြီးထဲကို ဖိတ်ကြားခြင်းခံရတယ် ဆိုတာကိုက အံ့ဩစရာကောင်းနေသလို ဂုဏ်ယူစရာလည်း ကောင်းနေမလား... သူတို့ခြံထဲကို ဒီအနီးအနားတဝိုက်မှာ နေထိုင်ကြီးပြင်းသွားတဲ့သူတွေ တစ်ခါမှ အခုလိုဖိတ်ကြားခြင်း မခံရဘူးသလို... ထမင်းစားဖိတ်ခံရဖို့တော့ ဝေးပါ့တော်"

'ဘကြီးလွန်း' ကမျက်နှာကို မဲ့ရွဲ့ရင်း

"'ဒေါ်လေးဝါနု' က အိမ်ထဲက ထွက်တာမှမဟုတ်ဘဲ... ဒီနားက လူတွေကလည်း သူတို့ကို အမြင်ကတ်လို့ အရောဝင်ကြတာမှ မဟုတ်ဘဲ... သူတို့အိမ်ကြီးက လူတွေက ရွာနားမြက် ရွာနွားမစားဘူးပုံစံမျိုးနဲ့ ခြံနီးနားချင်းကို အရောမဝင်ပေမယ့် တခြားမြို့က လူတွေဝင်ထွက်နေတာပဲ... နိုင်ငံခြားသားတွေတောင် တစ်ခါတလေရောက်လာတတ်တယ်"

"အေးပေါ့လေ... သူတို့ကလည်း ဘဝင်မြင့် ငါတို့ကလည်း အာဃာတတွေ ကြီးနေကြတော့ နီးရက်နဲ့ ဝေးနေကြတဲ့ အဖြစ်ပေါ့လေ 'မောင်လွန်း' ရယ်... ဒီကလေးမတွေကို အခုထမင်းစားဖိတ်လိုက်သတဲ့"

'ဦးလွန်း' က ခေါင်းခါလက်ခါ မျက်နှာကို ရှုံ့မဲ့ရင်း...

www.burmeseclassic.com



“မသွားခိုင်းနဲ့ ဒေါ်လေး... နင်တို့လည်း မသွားကြနဲ့ ဒီကောင်တွေ တကယ့်ဖျံတွေ... သူတို့အကျိုးမရှိရင် ဘယ်သူ့ကိုမှ မပေါင်းသင်းဘူး သူတို့အိမ်နဲ့ ပတ်သက်သမျှ လူတွေဟာ အဝင်ပဲရှိတယ် အထွက်မရှိဘူး”

ထိုစကားကြောင့် အပျိုမသုံးယောက်မျက်လုံးပြူးကုန်ကြသည်။

“ ‘မောင်လွန်း’ ရယ်... ကလေးမတွေ လန့်အောင် လျှောက်မပြောပါနဲ့ကွယ်”

‘ဦးလွန်း’ က မကျေနပ်သောမျက်နှာဖြင့် ...

“ ‘ဒေါ်လေးဝါနု’ က သူတို့မကောင်းကြောင်းပြောရင် အမြဲကာစီးကာစီးနဲ့... ကျုပ်အဖေတစ်ယောက်တည်း ပြောတာ မဟုတ်ဘူး ကျုပ်အဖေနဲ့ ရွယ်တူတွေကို လိုက်မေးကြည့်တော့လည်း တစ်သံထဲထွက်တာ... ဒီကောင်တွေကို မသိတဲ့သူတွေပဲ အထင်ကြီးချင်ကြီးမယ်... ကျုပ်တို့တော့ မကြီးဘူး”

“မင်း... သူတို့ကိုတစ်ချိန်လုံး အထင်မကြီးပေမယ့် သူတို့ကတော့ မင်းမမွေးခင်ထဲက ချမ်းသာကြအောင် ကြိုးစားကြတယ်... ပညာတတ်ကြတယ်... လုပ်ငန်းတွေလည်း ချဲ့ထွင်ကြတယ်... အရင်လူတွေ မကောင်းဘူးထား... နောက်ပိုင်းလူ





ငယ်တွေတော့ ပေါင်းသင်းဆက်ဆံရေးတွေ ကောင်းလာတာ မျက်မြင်ပဲ”

‘ဦးလွန်း’ က မဲ့ပြန်သည်။ ပြီးတော့ ...

“ပေါင်းသင်းဆက်ဆံရေးကောင်းချက်ကတော့ ထူးပါဗျာ... ဒေါ်လေးဆီ တူတော်မောင်တွေ မကြာမကြာရောက်နေတာပဲ... ဘယ်တုန်းက ထမင်းစာဖိတ်ဖူးလို့လဲ... ဆေးဖော်ကြောဖက်တောင်လုပ်လို့လား”

ဤကိစ္စပြေလည်စေရန်အတွက် ‘ခင်သက်မှူ’ ဝင်ဖြေရှင်းရပြီ။

“အခု ထမင်းစားဖိတ်တာက ဟောဒီ ‘မြလေးခန့်’ နဲ့အရင်ထဲက ခင်ဖူးလို့ပါ ‘ဘကြီးလွန်း’ ရဲ့”

“အော်... ဒီလိုလား... အင်း... ဒါကြောင့်လည်း ဒီလောက် ဝေးတဲ့ခရီးအထိ ရောက်လာခဲ့တာကိုး”

ထိုစကားကြောင့် ‘မြလေး’ မျက်နှာမှာ ရဲတွတ်သွားခဲ့သည်။

“ ‘မြလေး’ တို့ ထမင်းစားဖိတ်တဲ့ဆီကို မသွားပါဘူး” သူမ အသံတုန်နေမှန်းသိသာသည်။

“ဟယ်... သည်လိုမရိုင်းရဘူးလေ... တော်ယုံခင်မင်မှုနဲ့

www.burmeseclassic.com



တော့ ဖိတ်တာမဟုတ်ဘူး... မိတ်ဖြစ်ဆွေဖြစ်သွားကြပါ"

'ဘကြီးလွန်း'၏ စကားများကြောင့် 'မြလေး'အတွေး နယ်ကျွံမိသည်။

ဖွားလေး ထိုအိမ်ကြီးကို မုန်းတာက ခြံထဲဝင်တုန်းက မောင်းထုတ်လို့ ...

'ဘကြီးလွန်း'မုန်းတာက အာဃာတတွေ၊ သံသယတွေပါ သည်ဟု ထင်မိသည်။

ဖွားလေးနှင့် 'နန္ဒမာလာ' ခြံသားများ မပတ်သက် ပါဘူးဟု ပြောလင့်ကစား 'ဘကြီးလွန်း'ကတော့ ဖွားလေးကို 'နန္ဒမာလာ' ဘက်က ကာကွယ်တတ်သည်ဟု ပြောနေသေး သည်။

ပိုစိတ်ဝင်စားစရာကောင်းတာက 'နန္ဒမာလာ'ခြံကြီးနဲ့ ပတ်သက်သမျှလူတွေက အဝင်ပဲရှိတယ်... အထွက်မရှိဘူးတဲ့... အဲဒါကရော ဘာကိုပြောတာပါလိမ့်... ဒါတွေသိအောင် စုံစမ်း ချင်သဖြင့် နေ့ခင်းဘက် 'စုံပွင့်'တို့နှစ်ယောက်အိပ်နေစဉ် ခြံထဲကို သစ်ပင်ပန်းပင်တွေကြည့်သလိုဖြင့် ဆင်းခဲ့မိသည်။

"ဟော... 'မြလေးခန့်' လာကွဲ့.... လက်ဘက်ရည် သောက်ဦး"





'ဘကြီးလွန်း'၏ မိန်းမ 'ဒေါ်မို့'က ဖော်ရွေစွာခေါ်ပါ သည်။ 'ဘကြီးလွန်း'တို့အိမ်နှင့် ဖွားလေးတို့အိမ်မှာ ပေ(၁၀၀) လောက်ဝေးကွာပါသည်။

"'ဘကြီးလွန်း'ရော"

"အသုဘသွားတယ်လေ... မနေ့ညက ရန်ဖြစ်ရင်းသေ သွားတဲ့ ကောင်လေးလေ"

"အော်... သူ့မိသားစုတွေလာအောင် ဘယ်စောင့်နိုင်မလဲ နော်"

"ဒါပေါ့"

"သတ်တဲ့လူတွေကိုရော ရဲကမဖမ်းဘူးလား"

"ဟိုအရင်ကတော့ 'နန္ဒမာလာ'က လူကြီးတွေကပဲ ဆုံး ဖြတ်ပေးခဲ့တာ... သူတို့က ခေတ်အဆက်ဆက်က ရွာလူကြီးတွေ လေ... နောက်တော့ မြို့ပိုင်လိုဖြစ်လာတာ... အခုနောက်ပိုင်းတော့ သူတို့တွေလည်း အသက်ကြီးပြီ... သူတို့ရဲ့ ကလေးတွေကလည်း ပညာတတ်တွေဖြစ်... စီးပွားရေးသမားတွေဖြစ်ပြီး ကမ္ဘာကို ပတ်တဲ့လူတောင် ပတ်နေကြတာ"

"'ဘကြီးလွန်း'ကပြောတော့ အဲဒီခြံထဲက လူတွေမ ကောင်းကြဘူးဆို"

www.burmeseclassic.com



'ဒေါ်မိုး' ကရယ်ရင်း...

"ကိုယ်နဲ့ မတည့်ရင် မကောင်းဘူးပေါ့ကွယ်... လူတစ် ယောက်ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ လက်ငါးချောင်းတောင် မည် သေးတာ ကောင်းတဲ့လူလည်း ရှိမှာဘဲ မကောင်းတဲ့ လူလည်းရှိမှ ဘဲ... အားလုံးကို ဝါးလုံးရှည်နဲ့ ရမ်းပြီးပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

" 'ဒေါ်မိုး' နဲ့ကော သူတို့ခြံထဲက လူတွေနဲ့ ခင်လား... ခေါ်လား"

" ခင်သား... ခေါ်သား 'ကိုလွန်း' နဲ့ မယူခင်တုန်းက သူတို့ ခြံထဲမှာ အလှူအတန်းရှိရင် သွားကူဘူးတယ်... သူနဲ့ယူပြီ တော့မှ မသွားရတော့တာ"

" 'ဘကြီးလွန်း' ပြောတော့ အဲဒီခြံနဲ့ ပတ်သက်သ လူတွေဟာ အဝင်ပဲရှိတယ် အထွက်မရှိဘူးဆို... 'ဒေါ်မိုး' ကြတော ပြန်ထွက်လာရသားပဲ"

"အော်... ပြောပြီးပါရောလား... သူတို့မိဘတွေနဲ့ 'ကို လွန်း' တို့မိဘတွေနဲ့ ငယ်ငယ်တည်းက မတည့်ခဲ့ကြတာဆိုတေ သူတို့ခြံအလုပ်သွားလုပ်တဲ့ လူတစ်ချို့ သစ်ပင်ခုတ်ရင်း သစ်ပင် သေတာတို့... ကားမောင်းရင်း ကားမှောက်သေတာတို့ မီးကြို တွေပြင်ရင်း ဓာတ်လိုက်သေတာတို့ ရှိခဲ့တယ်လေ.... အဲဒါကြ





ပြောတာနေမှာပေါ့"

" 'ဘကြီးလွန်း' က ဖွားလေးကို အဲဒီအိမ်ဘက်က အမြဲ ကာကွယ်ပြီးပြောတယ်ဆိုတာကရော"

" 'ကိုလွန်း' နဲ့ ဖွားလေးက တူဝရီး တစ်ဝမ်းကွဲတော်တာ ကိုး သူ့ဒေါ်လေးကို သူတို့ခြံထဲကလူနဲ့ မတူဘူး မတန်ဘူးဆိုပြီး မချစ်ရဘူး.. မကြိုက်ရဘူး... မယူရဘူးလို့ ပြောမှတော့ သူတို့ ဘက်ကလည်းနာတာပေါ့လေ"

"အော်... ဖွားလေးက အဲဒီခြံထဲက လူနဲ့ ရည်းစားဖြစ်ခဲ့ ဘူးတာလား"

ဖြူဖြူ ပိန်ပိန် ပါးပါးနှင့် မြင့်မြင့် သွယ်သွယ်လေးဖြစ် သော ဖွားလေးသည် ယခုတိုင် မျက်လုံးလေးတွေ၊ နှုတ်ခမ်းလေး တွေ၏ အလှကိုမြင်နေရဆဲ...

" ဟော... ဟိုမှာ 'ကိုလွန်း' လာနေပြီ... သူက အဲဒီခြံ အကြောင်းပြောရင် သိပ်မကြိုက်ဘူး ရပ်လိုက်တော့မယ်"

ယနေ့အတွက် 'နန္ဒမာလာ' အကြောင်းကို နိဋ္ဌိတံ သွားခဲ့ သည်။

" ဟော... 'မြလေးခန့်' ရောက်နေတာကိုး"

"ဟုတ်ကဲ့ 'ဘကြီးလွန်း' 'မြလေး' က အလုပ်ရှာဖို့ ထွက်

www.burmeseclassic.com



လာတာဆိုတော့ ဈေးထဲမှာ အလုပ်သမားအလိုရှိတဲ့ ကြော်ငြာ တွေ့ခဲ့တယ်... ကလေးတွေ စာပြတဲ့အလုပ်ကို ဝင်လုပ်ရင် ကောင်းမလား မသိဘူး”

ထိုစကားကြောင့် ‘ဘကြီးလွန်း’၏ နားရွက်များ ကား တက်သွားသည်ဟု ထင်မိသည်။ ခေါင်းတညိတ်ညိတ်လုပ်ပြီးမှ...

“လက်ဖက်ရည်ဆိုင်ကလည်း ပြောပါတယ်... အလုပ်သမားတွေအများကြီး လုပ်ချင်လို့ လာပြောကြတယ်တဲ့... လက်ဖက်ရည်ဆိုင်မှာ လိုတာသုံးယောက် ဒါပေမယ့် လာလျှောက်ကာ အယောက် (၃၀၀) လောက်ရှိတယ်တဲ့... ထမင်းချက် ကျူရှင်ဆရာမရော ထင်ထားတာထက် ပိုများနေတယ်တဲ့ ... အိမ်အိပ်အိမ်စား ကျူရှင်ဆရာမအတွက် ဘယ်နှစ်ယောက်လျှောက်ထားတယ် ထင်လဲ”

‘မြလေး’ ကမျက်လုံး ပြူးလေးဖြင့် ခေါင်းခါပြသည်။

“အယောက် (၁၀၀) ကျော်တယ်”

“မဖြစ်နိုင်တာတော်... ဒီပတ်ဝန်းကျင်မှာ ပညာတတ်ဘွဲ့ရရှိတယ် မကြားဖူးပါဘူး... ‘နန္ဒမာလာ’ ထဲကလူတွေပဲ ဘွဲ့ရကြတာ”

‘ဒေါ်မိုး’ စကားကို မနှစ်သက်သဖြင့် အခါးရေခွက်ကို





ကြမ်းတမ်းစွာ စောင့်ချရင်း ...

“အေး... မင်းတို့ ‘နန္ဒမာလာ’ ထဲကလူတွေပဲ ပညာတတ်တယ်... ပိုက်ဆံရှိတယ်... နောက်ထပ်လည်း ပိုချမ်းသာဦးမယ်... စိတ်ချ... အရင်ဘိုးဘွားလက်ထက်က တော်တယ်ဆိုတာထက် အခုပိုတော်ပိုတတ်နေကြတယ်... ဒီနယ်တဝိုက်မှာ အရင်ကလည်း သူတို့လက်သူတို့ခြေတွေပဲ... အခုလည်း သူတို့လက် သူတို့ခြေပဲ”

‘ဒေါ်မိုး’ မျက်စောင်းထိုးရင်း...

“ရှင့်မလဲ တစ်နေ့တစ်နေ့ ‘နန္ဒမာလာ’ ကို အဘိဓမ္မာမများ ရရင်မပြီးဘူး... အဲဒီအိမ်အကြောင်းမပါရင်လည်း ရှင်စကားမ ပြောတတ်ဘူး... ရှေးခတ်ကလည်း သူတို့တော်လို့ အမြောက်စား ခံခဲ့ရတာ ရွာလူကြီး... မြို့လူကြီးအခန့်ခံရတာ”

“အေး... အခုလည်း ပိုတော်လို့ မြို့ပေါ်က ပိုက်ဆံရှိတဲ့ လူတွေ... ပညာတတ်တွေ... အစိုးရဝန်ထမ်းတွေကို ခေါ်လာပြီး ဝယ်ထားသမျှမြေကွက်တွေကို ငှားတယ်... ရောင်းတယ်... ဆိုင်ခန်းတွေရောင်းတယ်... အလုပ်သမားအလိုရှိသည် ကြော်ငြာထားတာ သူတို့ဖွင့်မယ့် ဟိုတယ်အတွက်ဗျ... ကျူရှင်ဆရာမကတော့ မှာ လာအလုပ်လုပ်တဲ့ မိသားစုတွေရဲ့ ကလေးတွေအတွက်နေ

www.burmeseclassic.com



မှာပေါ့ စားရိတ်ငြိမ်း လခကောင်းမှန်းသိတော့ ဒီမှာလာအလုပ်လုပ်တဲ့ ရပ်ဝေးက အလုပ်သမားလေးတွေက သူတို့အစ်မတွေ... နှမတွေ... ဆွေမျိုးတွေအတွက် လျှောက်ပေးကြတာ လူများလွန်းလို့ လူတွေ့ ခေါ်စစ်ကြဦးမှာ... 'မြလေးခန့်'အလုပ်ရချင်ရင်တော့ 'ကျော်ဇေယျ' နဲ့ခင်တာပဲ သူ့ကိုသာပြောရမှာသေချာတယ်... နက်ဖြန် ထမင်းစားသွားရင် တစ်ခါတည်းသာ ပြောခဲ့လိုက်"

"ဟုတ်ကဲ့... 'ဘကြီးလွန်း'"

'မြလေး' ညဘက်အိပ်၍ မပျော်ပါ။ ခွေးအူသံတွေကြောင့် မဟုတ်ပါ။

'ကျော်ဇေယျ' ဆိုသည့် ရွှေမင်းသားအကြောင်း စဉ်းစားနေမိသောကြောင့် ဖြစ်သည်။

သူ့ကို စောစောပိုင်းက အပြစ်မြင်ခဲ့သမျှ ဤမနက်သူ ညှော့ဝတ်ပြုပုံ၊ နှုတ်ဆက်ပုံကြောင့် 'မြလေး' မျက်နှာပန်းလှခဲ့ရသည်။

အလွန်မာနကြီးသော၊ အလွန်ချမ်းသာသော သူတစ်ယောက်၏ ထမင်းစားဖိတ်ခံရခြင်းသည် ဂုဏ်ယူပျော်ရွှင်စရာ မဟုတ်ပါလား။

'ဘကြီးလွန်း' ပြောပုံအရဆိုလျှင် မိမိသာအလုပ်လိုချင်





လျှင် သူ့ကိုပြောတဲ့။

တကယ်လို့ အလုပ်ရလျှင် 'သက်မှူ' တို့က ဂဂျီဂကျောင်လုပ်လျှင်ဒုက္ခ။ မိခင်ဖြစ်သူက ခွင့်မပြုလျှင်ဒုက္ခ။

အို... ရထားပေါ်မှာ သူနှင့်မမျှော်လင့်ဘဲတွေ့ပြီး ရင်ခုန်ခဲ့ရတာ ကံကြမ္မာအလှည့်အပြောင်းကြောင့်လား။

ရှေးဖူးစာကြောင့် မမျှော်လင့်ဘဲ ကြုံတွေ့ပြီးရင်း ကြုံတွေ့နေရခြင်းမဖြစ်နိုင်ဘူးလား။

သူကိုယ်တိုင်ကလည်း 'မြလေး' ကို စိတ်ဝင်းစား၍သာ မနက်က လာတွေ့ခြင်း၊ နှုတ်ဆက်ခြင်း၊ ဖိတ်ခေါ်ခြင်းဖြစ်မည်။ စိတ်မဝင်စားလျှင်၊ မပတ်သက်ချင်လျှင်၊ သူမမြင်ချင်ယောင်ဆောင် သွား၍ရသည်။

မြင်လျှက်နှင့် ပြုံးရုံပြုံးပြသွားလျှင်လည်း 'မြလေး' အောင့်သက်သက်နှင့် ကျန်ရစ်ခဲ့ဦးမည်။

သူသာ နှုတ်မဆက်လျှင် သူငယ်ချင်းကောင်းဖြစ်သည့်တိုင် 'ခင်သက်မှူ' က စိတ်ထဲတွင် လှောင်ချင်လှောင်နိုင်သည်။ ပြောင်ချင်ပြောင်နိုင်သည်။ ခုတော့ 'မြလေး' ရင်မှာ ကျေနပ်မှုပီတိတွေဖြင့် ကြည်နူးနေပါတော့သည်။

www.burmeseclassic.com



၉

နံနက် (၉) နာရီခန့်အထိ 'သက်မူ' တို့ ညီအစ်မ
က ထမင်းစားပွဲသွားဖို့ စကားမပြောကြသည့်အပြင် ယနေ့မနက်
ကြမှ ဖွားလေး၏ ခြံလုပ်သားများကို ထမင်းကျွေးဖို့ဆိုပြီး အကြီး
အကျယ် ချက်ပြုတ်နေကြသည်။

သီးစုံကုလားဟင်းအိုးကြီးက အကြီးကြီး လူ (၅၀)
လောက်စားဖို့တဲ့။ အသားပြုတ်ကြော်၊ ဘာလချောင်ကြော်တဲ့။

သူတို့ တော်တော်စိတ်ပုတ်ရှိကြပါလား။

ဒါသူ့ကို တမင်နှိပ်ကွပ်တဲ့ သဘောပဲမဟုတ်လား။





မသွားချင်၍ တမင်အလုပ်မရှိ အလုပ်ရှာလုပ်နေကြခြင်း မဟုတ်
လား။ (၁၀) နာရီခွဲလောက်တွင် 'မြလေး' ပြင်ဆင်ပြီး အောက်
ထပ်ဆင်းခဲ့သည်။

"နင်တို့ မပြင်ကြသေးဘူးလား"

"ဟင်... ဘာကိုပြင်ရမှာလဲဟ"

"ဟာကွာ... ထမင်းစားဖိတ်ထားတဲ့ဆီ သွားဖို့လေ"

"ဖွားလေးတို့ 'ဘကြီးလွန်း' တို့မှ မကြိုက်တာ... မသွား
တော့ပါဘူးဟာ"

ထိုစကားကြောင့် မိမိအလာကို ထမင်းပွဲကြီးပြင်၍စောင့်
နေမည့် 'ကိုကျော်ဇေယျ' ၏ မျက်နှာချောချောကို မြင်ယောင်ပြီး
သနားသွားမိသည်။ ရင်ထဲတွင် ဆိုနင့်စွာ ခံစားလိုက်ရသည်။

သူတို့မလိုက်ဘဲ မိမိတစ်ယောက်တည်းသွား၍ ဖြစ်တာမှ
မဟုတ်ဘဲ။ အပေါ်ပြန်တက်လာပြီး အိပ်ခန်းထဲတွင် ခွေနေမိ
သည်။

(၁၁) နာရီခန့်တွင် ခြံရှေ့ဘက်ပေါက်မှ ဟွန်းသံတတီ
တီကြားရသဖြင့် ခြံထဲရှိ အလုပ်သမားတစ်ယောက် ပြေးကြည့်ပြီး
နောက်...

"ဖွားလေးရေ... 'နန္ဒမာလာ' ခြံထဲက ကားဗျ... ဖွင့်ပေး

www.burmeseclassic.com



လိုက်ရမလား”

“ဖွင့်ပေးလိုက်ပါကွယ်”

ထိုစကားကြောင့် ‘မြလေး’ ဝုန်းကနဲထပြီး ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို သပ်ရပ်အောင် ပြန်ပြုပြင်မိသည်။ ဆံပင်များကို မှန်ရှေ့တွင် ပြန်ဖြီးသည်။

ကားစက်သံက ဖွားလေးအိမ်ရှေ့တွင် ရပ်သွားခဲ့သည်။

“ဖွားလေး ‘ဒေါ်ဝါန’ ရှိပါသလားခင်ဗျ”

‘ကိုကျော်ဇေယျ’ ကိုယ်တိုင်လာတာပါလား။ ‘မြလေး’ ရင်ခုန်သံတွေ အရမ်းကို ဆူညံနေပါပြီ။

“အော်... မင်း ဘယ်သူလဲကွဲ့”

“‘နန္ဒမာလာ’ ကပါ ဖွားလေး... ဒီအိမ်မှာ ကျွန်တော့်မိတ်ဆွေ ‘မြလေးခန့်’ ဆိုတာ ရောက်နေလို့ ထမင်းစားဖိတ်ထားပါတယ်... အခုလာခေါ်တာပါ... ဖွားလေးရော လိုက်ခဲ့ဖို့ ဘကြီးက ဖိတ်လိုက်ပါသေးတယ်”

“ဖွားလေးက မအားဘူး သားရဲ့... ဒီနေ့ ဖွားလေးမွေးနေ့မို့ ခြံလုပ်သားတွေနဲ့ ခြံနီးနားခြင်းမိတ်ဆွေတွေကို ထမင်းကျွေးမလို့လေ... ‘မြလေးခန့်’ တို့ကိုပဲ ခေါ်သွားလိုက်ပါ”

‘စံပွင့်’ တို့နှစ်ယောက် အပေါ်ထပ်ပြေးတက်လာကြပြီး





အဝတ်အစားလဲနေကြသည်။

“တကယ်လို့ နင့်ကို ချစ်ရေးဆိုခဲ့ရင်ရော... လက်ထပ်ခွင့်တောင်းခဲ့ရင်ရော... နင်လက်ခံမှာလေး ‘မြလေး’”

“ဟင် ‘မြလေး’ ဘာမှမစဉ်းစားတတ်ပါဘူးကွာ... လောလောဆယ် ‘မြလေး’ အလုပ်ကောင်းကောင်းရချင်တာပဲ သိတယ်... မေမေ တို့အိမ်မှာမနေရရင်ပြီးတာပဲ”

“ကိုယ့်မိဘအိမ်ထက်ကောင်းတာ... လွတ်လပ်တာ...ရှိဦးမှာလားကွာ... ‘အန်တီမြတ်’ ကဆိုရင် မင်းကိုဖူးဖူးမှုတ်ထားတာများ... သူများက လခကောင်းကောင်းပေးမှတော့ တန်အောင်ခိုင်းမှာနော်”

“မလုပ်နိုင်တော့မှဘဲ အလုပ်ထွက်ခဲ့တော့မယ်”

“ဒါဆို မင်းဒီမှာအလုပ်လုပ်ဖို့ ယတိပြတ်ဆုံးဖြတ်ပြီးပြီပေါ့ ဟုတ်လား...”

“ဟုတ်တယ်”

“မင်းကွာ... ဆုံးဖြတ်ချက်တွေ မလောလွန်းဘူးလား...ငါကတော့ ငါခေါ်လာတာဆိုတော့ ငါ့တာဝန်လိုဖြစ်နေလို့ ရန်ကုန်ပြန်လိုက်ခဲ့ပြီး အန်တီတို့ရဲ့ ခွင့်ပြုချက်ကို ယူစေချင်သေးတယ်... လမ်းမှာတွေ့ခဲ့ရတဲ့ လူတစ်ယောက်ကို စွဲလန်းမိတာလေးတစ်ခုနဲ့

www.burmeseclassic.com



မင်းဘဝကို ဒီမှာမြှုပ်နှံဖို့ ဆုံးဖြတ်လိုက်ပြီလား… စဉ်းစားပါဦး ကွာ"

'သက်မှု' စကားများကြောင့် 'မြလေးခန့်'၏ မျက်နှာမှာ နီလိုက်၊ ဖြူလိုက်ဖြစ်နေသလို၊ တစ်ခါတစ်ခါ ခက်ထန်သလို ရှက်သလိုလို၊ ခံပြင်းသလိုလို ပုံစံတွေကို တွေ့နေရပါသည်။

'သက်မှု' စကားများကြောင့် 'စုံပွင့်' လည်းရိပ်မိနေပြီဆိုတာ သေချာသည်။ 'စုံပွင့်' က အံ့သြသလိုလိုကြည့်နေပါသည်။

"ဟဲ… ကလေးမတွေ စောင့်နေရတာ အားနာစရာကြီး လေ"

'ကျော်ဇေယျ' က ကားတံခါးအရံသင့် ဖွင့်ပေးသဖြင့် နောက်ခန်းတွင် စုပြုံပြီး ထိုင်လိုက်ကြသည်။

သုံးယောက်လုံး 'ကျော်ဇေယျ' ကို သေချာလေ့လာနေကြပါသည်။

ဘယ်လိုပဲကြည့်ကြည့် ဖြူစင်သန့်ရှင်းပြီး လွန်စွာကြည့်၍ ကောင်းသောလူတစ်ယောက်ပါပဲ၊ ရုပ်ရှင်မင်းသားနှင့်တူတယ် ဆိုတာထက် အနောက်နိုင်ငံများမှ လုပ်ငန်းရှင် သူဌေးပေါက်စ တစ်ယောက်နှင့်တူနေသည်။

သွားတာ၊ လာတာ၊ ပြောတာ၊ ဆိုတာ တည်တည်ကြည်





ကြည်ရှိလွန်းပါသည်။

'နန္ဒမာလာ' ၏ ရှေ့ဘက်အပေါက်မှ ခေါ်ခဲ့ခြင်းဖြစ်သည်။ မည်သူကစောင့်ကြည့်နေသနည်းတော့ မသိပါ။ ကားဂိတ်ပေါက်ရှေ့တွင် ရပ်လိုက်သည်နှင့် ဂိတ်တံခါးကြီး အလိုလိုပွင့်သွားခဲ့သည်။

"ဟင်… အို… ဟယ်"

ဆိုသည့် အာမေဋိတ်သံလေးများက မိန်းကလေးများ၏ ရင်ထဲတွင် တိတ်တခိုးမြည်ဟီးသွားခဲ့ပါသည်။

ညီညာပြီး ကတ္တီပါကော်ဇောခင်းသလို စိမ်းမှောင်နေသည့် မြက်ခင်းပြင်ကျယ်ကြီးက ကားလမ်းလေး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ရှိနေပါသည်။

ရေပန်းများ၊ မီးအိမ်များနှင့် မိုးခံနေခံ ကုလားထိုင်ဖြူဖြူ စားပွဲခုံဖြူဖြူလေးကို ဟိုဘက်မြက်ခင်းတစ်စုံ၊ ဒီဘက်မြက်ခင်း တစ်စုံဝိုင်းဖွဲ့၍ ခင်းထားပါသည်။ နန်းတော်တမျှ ထည်ဝါခန့်ညားလှပသည့် တိုက်ဝါဝါကြီးရှိရာသို့ ကားဖြင့် အတော်ဝင်ခဲ့ရသေးသည်။

ကားလမ်းဘေးတွင် ရောင်စုံပန်းလှတွေ စီတန်း၍ စိုက်ထားသလို၊ တိုက်ကြီး၏ ပတ်လည်တစ်ဝိုက်တွင် ထင်းရှူးပင်များ

www.burmeseclassic.com



စီ တန်း၍စိုက်ထားပါသည်။

အပြင်မှကြည့်လျှင် အဝါရောင်တိုက်ကြီးတစ်လုံးထီးဟု ထင်ရသော်လည်း ခြံထဲတွင် အခြားတိုက်ပုကလေးများစွာကို တွေ့နေရပါသည်။

တိုက်ကြီး၏ရှေ့တင် ကားကိုမရပ်ဘဲ ဘေးဘက်သို့ ပတ်လိုက်သောအခါ တိုက်ကြီး၏နောက်ဘက်တွင်လည်း ပန်းခြံ၊ ကလေးကစားကွင်း၊ ရေကူးကန်နှင့် တိုက်သစ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ကားလေးကို ထိုတိုက်သစ်နှင့် တိုက်ဟောင်းကြားတွင်ရပ်ပြီးနောက် 'ကိုကျော်ဇေယျ' က ကားတံခါးကို ကိုယ်တိုင်လာဖွင့်ပေးသည်။

"ထမင်းအရင်သွားစားကြရအောင်... အစာလွန်သွားမှာစိုးတယ်... ပြီးမှ ကိုယ့်မိသားစုနဲ့ မိတ်ဆက်ပေးတော့မယ်"

တိုက်သစ်ကြီးဘက်သို့ ခေါ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့မှ ဟိုတယ်ကြီးတစ်ခု၏ စားသောက်ခန်းမကြီးထဲကို ရောက်သွားသလိုပါပဲ။ 'မြလေး' တို့ ထမင်းစားပွဲမှ ထိုင်ကြည့်လျှင် ရေကူးကန်နှင့် ပန်းခင်းများကို မြင်နေရသည်။ ရေကူးကန်၏နောက်တွင် သဘာဝပန်းချီကားချပ်ကြီးကို တဝ



ကြီးထိုင်ကြည့်နေရပါသည်။

မှိုင်းညို့နေသော တောင်တန်းအထပ်ထပ်တွင် မြေပြန့်သို့ဆင်းသွားသော ကားလမ်းကို မြူနှိုးများကြားတွင် မှိုင်းပြပြမြင်တွေ့နေရပါသည်။

ဤနေရာဒေသတွင် ဤလိုအဆောက်အဦး အပြင်အဆင်မျိုး ရှိလိမ့်မည်ဟု မထင်ခဲ့မိတာအမှန်ပါ။ 'ခင်သက်မူ' နှင့် 'စုံပွင့်' တို့လည်း လိုက်လာခွင့်ရတာကို ကျေနပ်နေပုံရသည်။

အငွေ့တထောင်းထောင်းထနေသော ဆယ့်နှစ်မျိုးဟင်းချို၊ ငါးကောင်လုံးကြော်၊ ကြက်သားကင်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်၊ နွားနို့ခြောက်ကြော်၊ အချို၊ အချဉ်စုံနေပါသည်။

အမျိုးသားတစ်ယောက်က ခူးခတ်ပြင်ဆင်ပေးနေပါသည်။

"ဒီမှာ မကြာခင် ဟိုတယ်တွေ... တည်းခိုရိပ်သာတွေဖွင့်တော့မှာလေ... ဒီဘက်နယ်မြေတကြောမှာ သဘာဝတွင်းထွက် ပစ္စည်းတွေလည်းထွက်နေပြီဆိုတာရယ်... သီးနှံစိုက်ပျိုးရေးတွေ... မွေးမြူရေးတွေ... အရမ်းဖြစ်နေပြီဆိုတာ 'မြလေးခန့်' တို့ သူငယ်ချင်းတွေလည်း ကြားပြီးရောပေါ့နော်"

www.burmeseclassic.com



"ဟုတ်ကဲ့"

'မြလေး' က သူ့ကို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြမိသည်။

"စားသောက်ပြီးရင် အပေါ်ဆုံးထပ်ကနေ ဒီပတ်ဝန်းကျင်ရဲ့ လုပ်ငန်းမြေကွက်တွေကို တက်ကြည့်သွားဦးနော်..၊ အပေါ်ကနေ စစ်တပ်တွေအတွက် ဆောက်နေတဲ့ တိုက်တွေ၊ တန်းလျားတွေကိုလည်း မြင်ရတယ်... ရဲစခန်းမြေနေရာကိုလည်း မြင်ရတယ်"

ဟုတ်ပါသည်။ တတိယထပ်ဖြစ်၍ အနီးပတ်ဝန်းကျင်ကို မြင်နေရပါသည်။ ဤနေရာမှ သင်္ချိုင်းကုန်းကိုမြင်ရသလို၊ 'ဖွားလေးဝါနု' တို့ ခြံဝနှင့် ခြံထဲကိုလည်း ခပ်ရေးရေးမြင်နေရပါသည်။

ပို၍ အံ့သြရသည်က မှန်ပြောင်းတစ်ခုကို တပ်ထားသောကြောင့် 'မြလေး' တို့သွားကြည့်သောအခါ ဤပတ်ဝန်းကျင်၏ သွားလာလှုပ်ရှားမှုများကို လူလုံးကွဲစွာ မြင်နေရပါသည်။

ခြံထဲတွင် လမ်းလျှောက်ပြီး လက်ညှိုးထိုးခိုင်းနေသော 'ဖွားလေးနု' ကို မြင်နေရပါကလား။

'မြလေး' ရင်ထဲ ထိတ်ကနဲဖြစ်သွားမိသည်။





သူဒီမှန်ပြောင်းကနေ 'မြလေး' ကိုများ မြင်ဖူးလေသလား။

မှန်ပြောင်းက အရှင်ဖြစ်၍ လှည့်၍ရသည်။

ဈေးလေးဘက်ကိုလည်း မြင်နေရသည်။ ဒါကြောင့် မနေ့က 'မြလေး' ရှိရာ သူ လိုက်လာလေသလား။

"လာ... 'မြလေးခန့်' ဟိုဘက်တိုက်ကူးပြီး ကိုယ့်မိသားစုတွေနဲ့ မိတ်ဆက်ပေးဦးမယ်"

"ဟုတ်ကဲ့"

မြင်ကွင်းက လုံးဝပြောင်းလဲသွားပါသည်။

နန်းတော်ကြီးတစ်ခုအတွင်း ချက်ခြင်းရောက်သွားသလိုပါပဲ။

မှန်ပြူတင်းပေါက်တွေ၊ လိုက်ကာတွေကအစ ရေးဆန်းလှပါသည်။ ကျွန်းသားများကို ပေါလစ်တိုက်ထားသော ကြမ်းပြင်ပေါ်တွင် အိမ်တွင်းစီးသည့် ဖိနပ်သီးသန့်ချပ်၍ စီးပုံရသည်။

သူတို့စီးသည့် ကတ္တီပါကွင်းထိုး ဖိနပ်မျိုးတစ်ခါမှ မမြင်ဖူးပါ။

ကျယ်ဝန်းလှသော ဧည့်ခန်းထဲတွင် သစ်သားကို အဖုအထစ်၊ အတွန့်အလိမ်များကို ဦးစားပေး၍ လုပ်ထားသော ရေး

www.burmeseclassic.com



ခေတ်လက်ရာများဖြစ်သည့် စားပွဲ၊ ကုလားထိုင်၊ မှန်ဘီရို၊ ထမင်းစားစားပွဲ၊ လူကြီးများသက်သာစွာထိုင်နိုင်သည့် ပက်လက်ကုလားထိုင်ကြီးများ...

လူတစ်ရပ်ခန့်၊ လူပုံစံအတိုင်း ဆွဲထားသည့်ပန်းချီကားချပ်ကြီးများ၊ ပန်းပုရုပ်ကြီးများကိုလည်း တွေ့ရသည်။

ရှေ့ဘက်ဧည့်ခန်းရောက်သောအခါ ပို၍အံ့ဩရသည်။

ကြီးမားလှသော မှန်ဘောင်ကြီးများအတွင်းဝယ် မင်းတုန်းမင်းတရားကြီးပန်းချီကားချပ်၊ သီပေါမင်းနှင့် စုဖုရားလတ်၏ ပန်းချီကားချပ်အပြင်၊ အခြားနန်းဝတ်နန်းစားနှင့် ပုံများကိုလည်းမြင်ရသည်။

ဧည့်ခန်းထဲမှ အသုံးအဆောင်ပစ္စည်းခွက်ယောက်များမှာ တကယ့်နန်းသုံးပစ္စည်းများနှင့်ဆင်လှသည်။

တိုက်နံရံတွင် ငွေခါးရှည်ကြီးများကိုလည်း ပန်းဘွားများ ချည်၍ လှပစွာ ချိတ်ဆွဲထားသည်။

"ဘိုးဘိုးကို ကျွန်တော့် ဧည့်သည်တွေလာနှုတ်ဆက်ပါတယ်"

"အော်... အေး... အေး... ခေါ်ခဲ့လေကွယ်"

ဧည့်ခန်းဒေါင့်တွင် တစ်ယောက်အိပ်ကုတင်ကို မှ





ရောင်ကော်ဇောကဲ့သို့ အိပ်ယာခင်းခင်းထားပြီး မှီအုံးမျိုးစုံကိုမှီ၍ ခပ်စောင်းစောင်းထိုင်နေသော အဖိုးအိုတစ်ယောက်ကို တွေ့လိုက်ရပါသည်။

အသားအရေက ဖြူဖတ်ဖြူလျော်ဖြစ်လောက်အောင်ကို ဖြူနေပါသည်။ မျက်နှာတစ်ခုလုံးတွင် နှာခေါင်းကလိုတာထက် ပိုချွန်နေသလို၊ မျက်လုံးအိမ်က ခွက်ဝင်နေပါသည်။

သွားတွေရှိလင့် ကစား၊ ပါးတွေကချိုင့်နေပြီ။

အသားအရေတွေက ပျော့တွဲကျနေပြီး အရေပြားတွေက တွန့်လိမ်နေကြသည်။

အိုခြင်း၏ ပြယုဒ်ဖြစ်သည့် ပါးရေတွန့်ခြင်းအပြင် အမဲစက်အပျောက်များကိုလည်း တွေ့ရသည်။

ဖြူဖွေးနေသော ဆံပင်ကြဲကြဲများကို ဂျိုစောင်းတွင် ဆံထုံးထုံးထားသည်။ မျက်ခုံးမွေးနှင့် နှုတ်ခမ်းမွေးများကလည်း ဖြူဖွေးနေပါသည်။

"ဒါ ကိုယ့်အဖွားရဲ့အဖေ 'ဦးသူရိန်' တဲ့ အသက်တစ်ရာပြည့်ပြီးသွားတာ လပိုင်းပဲရှိသေးတယ်"

"အို... အသက်ရှည်လိုက်တာနော်... ခုထိနားလည်းကြားသေးတယ်နော်"

www.burmeseclassic.com



'ကျော်ဇေယျ' ရယ်ရင်း ...

"ဟုတ်တယ်... ဘိုးဘိုး 'ဦးသူရိန်' ရဲ့အဖေဆိုရင် အသက် (၁၁၃) နှစ်ကျမှ ဆုံးသွားတာ"

"ဒါဆို 'ကိုကျော်ဇေယျ' လည်း အဖိုးကြီးဖြစ်တဲ့အထိ နေရမှာပဲထင်တယ်"

"အင်း... ကံပေါ့လေ"

'သက်မူ' က 'မြလေး' ကို လက်ညှိုးထိုးရင်း ...

"'မြလေးခန့်' က 'နန္ဒမာလာ' ခြံဝမှာ (၁၉၀၀) လို့ရေး ထားတာကိုတွေ့ပြီး စိတ်ဝင်စားနေတာလေ... အခုဆို အနှစ် (၁၀၀) ရှိပြီဆိုတော့ ဒီဖိုးဖိုးရဲ့ အသက်နဲ့အတူတူပဲပေါ့"

"ဟုတ်တယ်... ဟုတ်တယ်... ဘိုးဘိုးမွေးတဲ့နှစ်မှာ ဒီခြံထဲ ကို ပြောင်းလာကြတာလို့ ပြောဖူးတယ်"

အဖိုးကြီး၏ မျက်လုံးများက ယခုတိုင် စူးရှနေသေး ဟုထင်မိသည်။ 'မြလေးခန့်' တို့သုံးယောက်ကို တစ်ယောက်ချင်း သေချာလိုက်ကြည့်နေကြောင်း တွေ့ရသည်။

"သူတို့က ဘယ်ကလဲ"

အသံကတုန်နေပါသည်။ လက်ညှိုးထိုး၍ မေးခြင်းဖြစ် သည်။ 'ဦးသူရိန်' ၏ လက်ချောင်းများမှာ ရှည်လွန်းပြီး အရိုး





ပေါ်တွင် အရည်ပြားဖုံးအုပ်ထားရုံသာ ရှိသဖြင့် သစ်ကိုင်းခြောက် နှင့်တူလှသည်။

"ဘိုးဘိုးကို ကျွန်တော် ပြောသွားသေးတယ်လေ... 'ဖွားလေးဝါနု' တို့ခြံထဲမှာ ရောက်နေတဲ့ ကျွန်တော့်မိတ်ဆွေတွေကို ထမင်းကျွေးဖို့ ဖိတ်ထားတယ်ဆိုတာလေ"

"ခြံရှေ့က 'ဝါနု' လား"

"ဟုတ်တယ်လေ"

"ဘာလဲ... မောင်ကြီး ဖိတ်ခိုင်းတာလား"

"မဟုတ်ဖူးလေ... 'ဇေယျ' နဲ့ မိတ်ဆွေတွေလေ"

"အလုပ်လုပ်ဖို့ လာကြတာလား"

အဖိုးကြီးပုံစံက ဧည့်သည်တွေခေါ်လာတာကို မကြည် သလိုကြီးပါပဲ၊ 'ကိုကျော်ဇေယျ' နှယ် ကိုယ့်အဘိုးကိုမပိုင်ဘဲများ ခေါ်လာရတယ်လို့နော်။

'ခင်သက်မူ' ကလည်း တစ်ဦးမေတ္တာတစ်ဦးဆိုသလို ပါပဲ၊ နောက်ထပ်ဆက်ဆံစရာလည်း အကြောင်းမရှိသဖြင့် ကိုးတော်ကို ခပ်တည်တည်ပင်ကြည့်ရင်း ...

"'ကိုကျော်ဇေယျ' တို့တစ်အိမ်လုံးမှာ ရှေးဟောင်းပစ္စည်း တွေအရမ်းများတာပဲနော်... ဓာတ်ထဲကပစ္စည်းတွေလည်း အများ

www.burmeseclassic.com



ကြီးတွေ့ရတယ်… ဒီဘိုးဘိုကြီးကလည်း ယောင်ထုံးနဲ့ ခပ်ချော
ချောကြီးဆိုတော့ ဇာတ်ထောင်ဘူးတာလား… ဘိုးဘိုးကြီးကရော
ဇာတ်မင်းသားလား"

"တယ်"

'ဦးသူရိန်' ၏ပုံစံမှာ ယမ်းပုံမီးကျဖြစ်သွားသည့် ပုံစံ
မျိုးပါပဲ။ မျက်လုံးတွေမီးဝင်းဝင်းတောက်သွားပြီး သူ့ဖက်လုံးကို
တစ်ချက်ထုလိုက်ပြီး …

"မင်း… တယ်မိုင်ရှိုင်းပါလား… 'ဝါနု' အိမ်ကလာတာဆို
တော့ 'ဝါနု' အတိုင်းပါပဲလား… ဒါ နန်းတွင်းပစ္စည်းတွေကွ…
ငါ့ခေတ်အဆက်ဆက်က မြတ်နိုးလို့ ပြန်ဝယ်သိမ်းထားတာ…
ငါ့ကိုများ ဇာတ်ကသလားတဲ့… ဇာတ်ထောင်ထားသလားတဲ့…
ဝါသနာပါလို့ ဇာတ်ကြည့်ချင်ကြည့်မယ်… ဆိုချင်ဆိုမယ်… အနု
ပညာကိုမြတ်နိုး လေးစားအထင်ကြီးလို့ ငါ့ခြံထဲ တတူးတက
ခေါ်ပြီး ပွဲခင်းချင်ခင်းမယ်… ဒါပေမယ့် ငါ့ဘဝတစ်သက်တာမှာ
တစ်ခါမှ ဇာတ်ထောင်မစားခဲ့ဖူးဘူးကွ… ဇာတ်မကခဲ့ဖူးဘူး"

ဟောတော့… ဇာတ်ထောင်ဘူးသလားမေးတာနှင့် ဤမျှ
ဒေါသဖြစ်နေစရာမလိုဘူးဟုထင်ပါသည်။

ဤအဖိုးကြီးသည် လေတိုက်လျှင်ပင် လဲကျမတတ် အင်





အား ချိနဲ့နေပါသော်လည်း ဒေါသ၊ မောဟတွေကတော့ ကြီးလှ
ချည်လား။

အမြင်ကပ်သဖြင့် ယခုချက်ခြင်းပင် မိုက်ရိုင်းစွာ ထပြန်
ဖြစ်ချင်ပါတော့သည်။ သို့သော် 'ဖွားလေးဝါနု' က ဒီမှာတစ်
ယောက်တည်းနေခဲ့ရမှာ… အဖိုးကြီးသဘောထားမကြီးပေမယ့်
'ကိုကျော်ဇေယျ' ကတော့ နူးညံ့သိမ်မွေ့တာသေချာသည်။

ဘာပဲဖြစ်ဖြစ် ဖွားလေးအတွက် မိတ်ဆွေကောင်း ဖြစ်နိုင်
ပါသည်။

ထိုစဉ်မှာပင် တိုးညှင်းသော စန္ဒယားတီးသံနှင့် ခပ်တိုးတိုး
သီချင်းဆိုနေသံကို ကြားနေရသလိုပါပဲ။

ဤအဖိုးကြီးရှေ့တွင် မနေလိုတော့သဖြင့် အကြောင်းရှာ
ရသည်။

"စန္ဒယားသံကြားရတယ် 'ကိုကျော်ဇေယျ' တို့အိမ်က
ဓာတ်ဆက်ဖွင့်ထားတာလား"

"မဟုတ်ဘူး… မေမေတီးနေတာထင်တယ်… ဒီအချိန်ဆို
မေမေ စန္ဒယားတီးတတ်တယ်"

"ဟင်… ဟုတ်လား… သွားကြည့်ချင်လိုက်တာ"

"ရတယ်လေ… ကိုယ်လိုက်ပို့ပေးမယ်"

www.burmeseclassic.com



'မြလေးခန့်' နှင့် 'စုံပွင့်' တို့က အဖိုးကြီးကို ခါးကလေး များ ညွှတ်၍ အရိုအသေပြုပြီး နှုတ်ဆက်နေကြသည်ကို 'သက်မှု' မမြင်ချင်ယောင်ဆောင်ပြီး မသိမသာရှေ့မှထွက်ခဲ့သည်။





## ၁၀

× × (တစ်ယောက်တည်း × ဖော်ကွဲခဲ့လို့ လွမ်းပြန်သည်) × × ငှက်ကလေးကို မျှော်တွေးလို့သာ ကျုပ် လည်းဆွေးပါသည်× ဂနိုင်းစီးတဲ့မြိုင်ကြီးထဲက × မျှော်မှန်းလို့ သာရည် × × လွမ်းပိုတဲ့ရာသီ (မှိုင်းမှုန်ပြာငယ်) × မြိုင် နန်းဘုံသာဦးဝယ် × × ခိုင်ပန်းစုံစွာဖူးတယ် တကယ်ပင်လွန် ကြည်နူးဖွယ် × × ထူးတဲ့သေ လာမဟီ ဟောဝန်နန်း ရေတံခွန် စမ်း ဟောဝန်နန်းလွမ်းဖွယ်စုံညီ...

www.burmeseclassic.com



'ရွှေတိုင်ညွန့်' ရေးဖွဲ့ခဲ့သော သီချင်း ဖြစ်သည်။ ခေတ်တွေဘယ်လိုပြောင်းပြောင်း၊ အသစ်တွေဘယ်လိုပြောင်း မပေါင်းနိုင်မရိုးနိုင်သည့် သီချင်းတစ်ပုဒ်ဖြစ်သလို ယခု သီဆိုတီးခတ်နေသူ၏အသံက ကြည်လင်အေးမြနေသလို၊ တီးဟန်ကလည်း လက်ချောင်းလှလှလေးများကို လှပစွာ ဆော့ကစား နေသလိုပါပဲ။

"အဲဒါ... 'ကိုကျော်ဇေယျ' ရဲ့အမေဟုတ်လား"

"ဟုတ်တယ်လေ"

သုံးယောက်လုံး ပါးစပ်ဟောင်းလောင်းလေးများဖြစ်ကုန်ရပြီ။

'ကိုကျော်ဇေယျ' နှင့် ရုပ်ရော၊ အသားအရည်ရော တူလွန်းနလွန်းသဖြင့် မောင်နှမဟုပင် ထင်ပါသည်။

ဘေးတိုက်မြင်နေရသော်လည်း ဗိုက်သားချပ်ချပ်၊ ခပ်သေးသေး၊ တင်ကားကားနှင့် လှယဉ်ကျေးမယ်ကိုယ်လုံးလိုပါပဲ။ နှာခေါင်းလေးချွန်ချွန်၊ ပါလေးမို့မို့၊ လည်တိုင်လေးကျော့ကျော့နှင့်ပန်းပုထုထားသည့် အချိုးအဆစ်မျိုး။

"အော်... သားငယ်ပါလား... ဧည့်သည်တွေလည်းပါလာတာကို... လာ... လာ... သမီးတို့ ထိုင်ကြပါဦးလား"





စန္ဒယား၏နောက်ဖက်တွင် ဆိုဖာတစ်ခုံရှိပါသည်။

သူတို့၏ အခန်းဖွဲ့စည်းပုံက ကောင်းသည်။

စင်္ကြန်မှ ကိုယ့်အခန်းကိုယ်ဝင်ပြီး တံခါးပိတ်ထားလိုက်လျှင် သီးသန့်ဖြစ်သွားအောင် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ဤအခန်း၏ဖွဲ့စည်းပုံက ခေတ်မီပါသည်။ နံရံကိုဖြူစွတ်နေအောင် ဆေးမှုတ်ထားပြီး လိုက်ကာဖြူဖြူ၊ စားပွဲခင်း၊ အိပ်ယာခင်း၊ ရှိသမျှ အဖြူတွေသာဖြစ်သည်။ အခန်းနံရံတွင်ပန်းချီကားချပ်ကြီးတစ်ခုနှင့် ဓါတ်ပုံတစ်ချို့ကို လှပစွာ ချိတ်ထားသည်။

ပန်းချီကားချပ်ကြီးထဲတွင် အလွန်လှပသော အမျိုးသမီးတစ်ယောက်က နန်းတွင်းအဝတ်အစားဖြင့် ခပ်နွဲ့နွဲ့လေးရပ်နေပါသည်။ သေချာကြည့်တော့ 'ကိုကျော်ဇေယျ' ၏ မိခင်နှင့်တူပါသည်။

"ဒါ... ကိုယ်တို့အဖွား 'နန္ဒမာလာ' ရဲ့ပုံလေ... 'ဘိုးဘိုးဦးသူရိန်' ရဲ့ သမီးအငယ်ဆုံးလေ"

"ဟုတ်လား... 'စုံပွင့်' က ဒီ အန်တီ့ပုံမှတ်နေတာ"

အန်တီကပြုံးရင်း ...

www.burmeseclassic.com



"ဟုတ်တယ်... 'အန်ကီနွယ်' နဲ့ မေမေနဲ့ အရမ်းတူတယ်လို့ ပြောကြတာပဲ"

"အန်တီ့စိတ်ထဲမှာ မတူဘူးလို့ ထင်လို့လား"

"'အန်တီနွယ်' မမှတ်မိခင်အရွယ်မှာပဲ မေမေဆုံးသွားခဲ့လို့ပါကွယ်... သားရေ... ဧည့်သည်တွေကို တစ်ခုခုကျွေးချင်တယ်ကွယ်... မေမေ့ကို ဆိုဖာပေါ်ရွှေ့ဖို့ 'ကျားပေါက်' ကိုခေါ်ပေးပါကွယ်"

"ရတယ်လေ... ကျွန်တော် ပွေ့ပေးမှာပေါ့"

"နေပါစေကွယ်... 'ကျားပေါက်' ကိုသာခေါ်လိုက်ပါ... နိုင်းစရာလည်း ရှိလို့ပါ"

နာမည်နှင့်လိုက်အောင်ပင် ထွက်လာသော အမျိုးသမီးက တုတ်တုတ်ခဲခဲကြီးဖြစ်သည်။ ဝလွန်းအားကြီး၍ မျက်ခွံတွေအိကြနေပြီး မေးစေ့မှ အသားများမှာ တွဲကျနေပါသည်။

"တွန်းလှည်းယူခဲ့ရမလား 'မေမေနွယ်'"

"ရတယ်... မယူနဲ့တော့ ... ပွေ့ပြီး ဆိုဖာပေါ်ချပေး"

'စုံပွင့်' တို့ ပါးစပ်အဟောင်းလောင်းဖြင့် အံ့သြရပြန်ပါပြီ။ ရှိသည့်အသက်ထက် ပိုနုပျိုပြီး လှလွန်းပါသည်၊ ပြည့်စုံလွန်းပါသည်ဆိုသော မိန်းမသည် အောက်ပိုင်းသေနေရှာပါ





လား။

"အန်တီ့ခြေထောက်က ဘာဖြစ်လို့လဲဟင်'ကိုကျော်ဇေယျ'"

"ကားမှောက်ပြီး ခုလိုဖြစ်သွားတာပဲ"

'စုံပွင့်' က ဘွဲ့ဝတ်စုံနှင့် 'အန်တီနွယ်' ၏ ဓါတ်ပုံကို လက်ညှိုးထိုးပြရင်း ...

"ဒါဆို အန်တီဘွဲ့ယူတုန်းကရော"

"ဘွဲ့ယူပြီးမှ နိုင်ငံခြားမှာ ပညာသင်ပြီးပြန်လာမှ ကိုယ်တို့ညီအစ်ကိုနှစ်ယောက် မွေးပြီးမှ ဖြစ်သွားတာပါ"

"အော်"

"'ကိုကျော်ဇေယျ' ရဲ့ ဖေဖေကရော"

"ဖေဖေဆုံးသွားခဲ့ပြီ"

ဖခင်ဖြစ်သူ၏ ဓါတ်ပုံကိုမတွေ့သဖြင့် မေးမည်လုပ်နေစဉ်။

"သမီးတို့က ရန်ကုန်ကပဲလား"

"ဟုတ်ပါတယ်"

"'ဇေယျ' နဲ့ခင်တာကြာပြီလားကွယ်"

ထိုစကားကြောင့် 'မြလေးခန့်' ခေါင်းငုံ့သွားသည်။

www.burmeseclassic.com



'ကျော်ဖေယျ' က ရယ်ရင်း ...

"အကြာကြီးခင်ခဲ့ဘူးတဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို ကျွန်တော် ဒီ 'နန္ဒမာလာ' ထဲ တစ်ခါမှ ခေါ်မလာဖူးခဲ့ဘူးလေ... 'မြလေးခန့်' တို့နဲ့ ဒီတစ်ခေါက် ရန်ကုန်က ပြန်လာတုန်းကမှ မြင်ဖူးတာပါ... ခင်လည်းခင်ခဲ့တယ်ဆိုပါတော့... တစ်ခါမနေ့ကမှ ဈေးလေးရှေ့မှာ ရုတ်တရက်ပြန်တွေ့လိုက်ရတော့ အရမ်းအံ့သြ ဝမ်းသာသွားမိတယ်... ဒီလိုပြန်ဆုံရလိမ့်မယ်လို့ တကယ်ကို မမျှော်လင့်ထားဘူး... ဒီနေရာကို ရန်ကုန်မြို့သူတွေ မျက်စေ့လည်ပြီး ရောက်လာတာပဲဖြစ်မယ်"

ထိုအပြောကြောင့် 'မြလေးခန့်' ရှက်သွားသည်။

သူမမျှော်လင့်ပဲတွေ့ဖို့အတွက် 'မြလေး' တမင်သက်သက်ရောက်အောင်လာခဲ့ခြင်းဆိုတာ 'ခင်သက်မှူ' သိနေတာကို က ရှက်စရာကောင်းနေပါသည်။

'အန်တီနွယ်' က အပျိုမသုံးယောက်ကို အကဲခတ်သလို ကြည့်ရင်း ပြုံးပြုံးလေးခေါင်းတညိတ်ညိတ်လုပ်နေပါသည်။

လိမ္မော်ရည်သောက်ပြီးသည်နှင့် 'ခင်သက်မှူ' က နာရီကို ကြည့်ရင်း ...

"ဟင်... ဆယ့်နှစ်နာရီတောင် ထိုးနေပြီပဲ... ဖွားလေး





မျှော်နေရှာမယ်... ပြန်ကြတော့မှထင်တယ်"

ထိုစကားကြောင့် 'မြလေးခန့်' လှုပ်ရှားသွားသလို 'ကျော်ဖေယျ' ကလည်း အမှတ်မထင်လှမ်းကြည့်သဖြင့် မျက်လုံးချင်းဆုံသွားကြသည်။

"'မြလေးခန့်' တို့ ဘယ်နေ့ပြန်ကြမှာလည်း ကျွန်တော်လည်း အလုပ်ကိစ္စနဲ့ ရန်ကုန်ဆင်းစရာရှိတယ်... ကျွန်တော့်ကားနဲ့ ကြုံရင်လိုက်ခဲ့နိုင်ပါတယ်... တကယ်လို့ ရက်ညှိချင်လည်း ညှိပေါ့... ကျွန်တော် စောင့်နိုင်ပါတယ်"

"ကျွန်မကို့က မန္တလေးမှာ ကြာဦးမှာ... ပြီးတော့ အပြန်ကြရင် လာကြိုမယ့်ကားကို ကြိုတင်ပြောထားပြီးသားဖြစ်နေပြီ 'ကိုကျော်ဖေယျ' ရဲ့"

'သက်မှူ' ပြောတာအမှန်ပါပဲ။ ဒါပေမယ့် 'သက်မှူ' တစ်ယောက် ဘာကြောင့် 'ကိုကျော်ဖေယျ' နဲ့နီးစပ်မှာကို ကြောက်နေပါလိမ့်။ 'မြလေး' ချမ်းသာသွားမှာစိုးလို့လား။ ဒါမှမဟုတ် 'ကိုရဲရင့်' နှင့် နီးစပ်စေချင်၍လား။

'သက်မှူ' အရမ်းရိုင်းသည်ဟုထင်မိသလို ဝမ်းနည်းသလိုကြီးခံစားနေရသည်။ အမှန်အတိုင်းပြောရလျှင် ယခုလို တွေ့ဆုံရချိန်တွင် အေးအေးဆေးဆေး စကားပြောချင်သေးသည်။

www.burmeseclassic.com



ခုတော့ ပြန်ခဲ့ရပြီ။

"မပြန်ခင် နောက်တစ်ခေါက်လာလည်ကြဦးလေ... အိမ်ကြီးရဲ့ အပေါ်ထပ်မှာ ရှေးခေတ် အနုပညာလက်ရာတွေ ရော... 'ဖွားလေး ဝါနု' နဲ့ချစ်ခဲ့ဖူးတဲ့ 'ဦးမောင်မောင်ကြီး' နဲ့ 'ဖွားလေးဒေါ်ဝါနု' သိပ်မုန်းတဲ့ 'ဦးမောင်မောင်လေး' ဆိုတဲ့ ဖိုးလေး တွေနဲ့ တွေ့ပေးချင်သေးတယ်လေ"

ထိုစကားကြောင့် 'ခင်သက်မူ' မျက်လုံးများ အရောင် တဖြတ်ဖြတ်လက်ပြီး စိတ်ဝင်စားပုံရသွားသည်။

"ဟုတ်လား... အခုပဲ တစ်ခါတည်းဝင်တွေ့သွားလိုက် မယ်လေ"

'ကျော်ဇေယျ' ပြုံးရင်း...

"အင်း... ဒီအချိန်ဆို သူတို့အိပ်တဲ့သူကအိပ်... တရားထိုင် တဲ့လူကထိုင်နေကြလောက်ပြီ... ဘယ်နေ့ပြန်မလဲ မသိဘူး ... မပြန်ခင်တစ်ရက် လာလည်ကြဦးလေ... လက်ဆောင်ပစ္စည်း လည်း ပေးချင်သေးတာ"

ထိုစကားကြောင့် 'ခင်သက်မူ' ၏ မျက်နှာမှာ တင်းသွား ပြီ...

"တိတိကျကျပြောလို့မရဘူးလေ... လာခေါ်တဲ့လူ





ရောက်လာရင် ချက်ချင်းပြင်ဆင်ပြီး လိုက်သွားကြရမှာ"

"ဒါဆို... မနက်ဖြန်လာကြမလား"

"ဖွားလေး လွှတ်မှလာလို့ရမှာပါလေ... ကဲ... 'သက်မူ' တို့ ပြန်ပါဦးမယ် 'အန်တီနွယ်' "

'မြလေး' က ကားပေါ်တက်ရင်း အောက်ထပ်ရှိ အခန်း များစွာနှင့် အပေါ်ထပ်ကို မော့ကြည့်နေမိသည်။

ဤအိမ်ကြီး၏ အခန်းနှစ်ခန်းကိုသာ ရောက်ခဲ့ပါသေး သည်။ တစ်ခန်းထဲတွင် လူနေမှုစရိုက်တစ်မျိုးစီ၊ ပုံစံတစ်မျိုးစီနှင့် လူပုံစံများက စိတ်ဝင်စားစရာကောင်းသည်ဟု ထင်မိသည်။

နောက်ထပ် အခန်းပေါင်းများစွာထဲတွင်ရော ဘာတွေ ထူးခြား နေဦးမည်နည်း။

'ဦးမောင်မောင်ကြီး' ဆိုတဲ့လူဟာ 'ဖွားလေးဝါနု' ၏ ချစ်ခဲ့ဖူးသူတဲ့။

'စံပွင့်' အရမ်းအံ့သြမိသည်။

ဒါကြောင့် ဖွားလေး ဤနေရာမှ မခွာနိုင်ရှာတာလား။ ဤမျှထည်ဝါခမ်းနားချမ်းသာသော အသိုင်းအဝိုင်းထဲသို့ ဖွားလေး ရောက်အောင်ဘာကြောင့် မလာနိုင်သနည်း။

ဆင်းရဲလို့လား။

www.burmeseclassic.com



ကားစက်နှိုးနေသော 'ကိုကျော်ဇေယျ' ရှိရာသို့ စောစောကတွေ့ခဲ့ရသော 'ကျားပေါက်မ' နှင့် မောင်နှမဖြစ်ဟန်တူပြီး ရုပ်ရော၊ အလေးချိန်ပေါင် (၂၀၀) လောက်ဝတာရော၊ တူနိုင်လွန်းသည့် လူတစ်ယောက်ရောက်လာပြီး...

"ဘိုးဘိုးပေးခိုင်းလိုက်တာပါ ကိုလေး"

ကော်ဖူးနီနီလေးနှစ်ခု။ ဖွင့်ကြည့်သောအခါ ငွမ်းဖြူဖြူပေါ်တွင် ပတ္တမြားလက်စွပ်လေးနှစ်ကွင်း။

"ဘာလုပ်ဖို့လဲ 'ဆင်ပေါက်'"

"သူတို့နှစ်ယောက်ကို ဖိုးဖိုးလက်ဆောင်ပေးခိုင်းလိုက်တာ"

'မြလေးခန့်' နှင့် 'စုံပွင့်' တို့ကို လက်ညှိုးထိုးပြရင်းပြောခြင်းဖြစ်သည်။ ထိုစကားကြောင့် 'ခင်သက်မှူ' မျက်နှာမှာ ညှိုမဲပုပ်သိုးသွားပြီး 'ဦးသူရိန်' ရှိရာအခန်းဘက်ဆီသို့ မျက်စောင်းထိုးပြီး လှမ်းကြည့်ကြောင်း တွေ့လိုက်ရသည်။

'ခင်သက်မှူ' ၏ မိုက်ရိုင်းမှုကို အသက် (၁၀၀) ရှိပြီဖြစ်သည့် 'ဦးသူရိန်' ကလည်း ပြန်၍ ရိုင်းပြလိုက်ခြင်းဖြစ်သည်။





## ၁၁

"တောက်... သိပ်လူပါးဝတဲ့ ဘိုးတော်ကြီးပဲ... အသက်ကြီးပြီး လုံးဝအချိန်မစီးဘူး... အစတည်းက မလိုက်ချင်ပါဘူးလို့ ပြောထားလျှက်နဲ့ ခုတော့ အစော်ကားခံလာခဲ့ရတယ်... ဒါ 'မြလေး' ကြောင့် ..."

'ခင်သက်မှူ' က အိပ်ခန်းထဲတွင် ကြမ်းပြင်ကို ခြေနှင့်ဆောင့်ရင်း ဒေါသူပုန်ထနေခြင်းဖြစ်သည်။

"ဟဲ့... ဟဲ့... ဘယ်လိုဖြစ်လာကြတာလဲ... ဘာလို့ဒီလိုအော်ဟစ်နေရတာလဲ... ကလေးလည်းမဟုတ်ဘဲနဲ့... အောက်

www.burmeseclassic.com



ထပ်မှာ တခြားခြံတွေထဲက လူတွေလည်းရောက်နေတဲ့ အချိန်ကြ မှများကွယ်... 'မြလေးခန့်' ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောနေရအောင် ဘာတွေဖြစ်လာကြလို့လဲ... ဘယ်အဖိုးကြီးက စော်ကားလွှတ်လိုက်လို့လဲ... 'နန္ဒမာလာ' ခြံထဲကလား... အစထဲ ကဒါကြောင့် မသွားစေချင်ခဲ့တာပေါ့"

'မြလေးခန့်' ကြောက်ပြီး ဒူးပင်တုန်နေပါပြီ။ မိမိကြောင့် သူတို့ ပြဿနာတွေတက်ကြတော့မှာလား။ ဒီလိုတွေဖြစ်မယ်မှန်း သိရင်အစက ထမင်းစားဖို့ မသွားခဲ့ပါဘူး။

ခုတော့ 'သက်မူ' ရဲ့မျက်လုံးအကြည့်တွေက 'မြလေး' ကို အထင်သေးခြင်း၊ ရွံ့ရှာခြင်း၊ မုန်းတီးခြင်းတွေနှင့်ပါလား။ မိမိကတော့ 'သက်မူ' ကို ဘာတစ်ခုမှ မစော်ကားခဲ့သေးပါ။

"'ကျော်ဇေယျ' ရဲ့အဘိုးဆိုတဲ့ လူကြီးဟာ အသက်သ (၁၀၀) ပြည့်သွားပေမယ့် လုံးဝလူကြီးမဆန်ဘူး... သူ့ကို ဇာတ်ထောင်ဘူးသလား... ရုပ်ချောလို့ ဇာတ်မင်းသားလုပ်ခဲ့ဘူး သလားလို့မေးလိုက်မိတာနဲ့ ယမ်းပုံမီးကျဖြစ်ပြီး အစိမ်းသရဲက သလိုမျက်နှာကြီး နဲ့ လူကိုဝါးစားတော့မလို ကြည့်ပြီးဒေါသ တကြီးအော်ငေါက်နေလိုက်တာ အရွယ်နဲ့တောင်မလိုက်ဘူး... သေခါနီးအရွယ်ကြီးအထိ ရန်လိုအမျက်ကြီးနေမှတော့ အသက်





ငယ်ငယ်တုန်းကဆို ဘယ်လောက်များ မောက်မာရိုင်းဆိုင်းမယ် မသိဘူး"

"အမယ်လေး... ဘာပြောကောင်းမလဲ... ဒေါသလည်း ကြီး... သတ္တိလည်းရှိ... မာနကြီး... ဘဝလည်းမြင့်... စိတ်ကောင်း လည်းရှိ... စိတ်ယုတ်မာလည်းရှိတဲ့လူကြီးလို့ ပြောရမှာပဲ... ဓါးပြ သူပုန်နဲ့လည်း ခံသတ်ချင်သတ်တာတဲ့... သူ့တစ်ကိုယ်လုံး ဒဏ်ရာတွေကြီးပဲတဲ့... တချို့ကတုတ်ပြီး... ဓါးပြီးနေတယ် လို့တောင်ထင်ကြတာ... သူ့မိဘဘိုးဘွားလက်ထက်ထဲက ချမ်းသာလာတဲ့လူဆိုတော့ ဇာတ်ထောင်ထားသလား... ဇာတ်မင်းသားလာမေးတော့ ဒေါပွမှာပေါ့လေ... သူတို့က သူတို့ နှစ်သက်တဲ့ ဇာတ်ဆို ဘုရားပွဲအခါမျိုး... မင်္ဂလာယူတဲ့အခါမျိုးဆို အဖွဲ့လိုက်ငှားပြီး အေးအေးဆေးဆေးထိုင်ကြည့်တဲ့ လူမျိုးတွေ လေ... လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ဘဝမှာ နေခဲ့ရတော့ မာနကြီး နိုင်တာပေါ့လေ... သူတို့နဲ့အဆင်ပြေအောင်နေနိုင်တဲ့လူ... ထားနိုင်မြှောက်နိုင်တဲ့လူမျိုးကို ပေးရကမ်းရမှာ မနှမြောပေမယ့် သူတို့ကို ထော်လော်ကန့်လန့်လုပ်တဲ့လူ စော်ကားတဲ့လူမျိုး ကိုတော့ တစ်ပြားတစ်ချပ်မှ မပေးတဲ့အပြင် ရန်ငြိုးလည်းအရမ်း ထားတတ်တယ်"

www.burmeseclassic.com



"ဟုတ်တယ်... ဟုတ်တယ်... အခုလည်းသူ့ကို နှိမ်ရ မလားဆိုပြီး 'သက်မှူ' ကို အပြုံးထားပြီးပြန်ခါနီး 'စုံပွင့်' နဲ့ 'မြလေး' ကို ပတ္တမြားလက်စွပ်တစ်ကွင်းစီ လက်ဆောင်ပေးလိုက် တယ်လေ... ဟွန်း"

'သက်မှူ' က အံကြိတ်နေသည်။

"ပြစမ်းပါအုံးကွဲ့... သူပေးလိုက်တဲ့ လက်စွပ်လေးတွေ... အော်... အရည်ကောင်းတဲ့လုံးချောလေးတွေပဲ... တော်တော် တန်ဖိုးရှိတာပဲ... ရွှေမပါဘဲနဲ့ကို သိန်းချီတန်နိုင်တယ်နော်... ရွှေကတင် တစ်မတ်သားလောက်ရှိတယ်"

ထိုစကားကြောင့် 'သက်မှူ' ပို၍ခံရခက်နေပါတော့ သည်။



၁၂

နောက်တစ်နေ့နံနက်' ဈေးလေးသွားဖို့ ခေါ်သော်လည်း 'မြလေးခန့်' ခေါင်းကိုက်သည်ဟု အကြောင်း ပြကာ အိပ်ယာထဲခွေနေခဲ့ပါသည်။ နောက်ထပ်ပြဿနာ ထပ်မ တက်ချင်တော့ပါ။

"ဟဲ့... 'သက်မှူ' ရော... ဘယ်ကျန်ခဲ့လဲ"

"ဈေးထိပ်မှာ မန္တလေးသွားမယ့်ကားကြီးနဲ့တွေ့လို့ ရှုခန်း ကလူတစ်ယောက်စာ လွတ်တယ်ဆိုတာနဲ့ ပြန်တော့မယ် ဆိုပြီး တက်လိုက်သွားပြီ"

www.burmeseclassic.com



"ဟယ်... ဒီကောင်မလေးမပြောမဆိုနဲ့ ပြန်ခေါ်စမ်း... ပြန်ခေါ်စမ်း... နင်ကရော မတားဘူးလား"

"တားတာပေါ့... 'မြလေး' ကို တာဝန်ယူပြီး ခေါ်လာတာ... 'မြလေး' နဲ့မှအတူပြန်ပါလို့ပြောတော့ 'မြလေး' က ဒီမှာအလုပ်လုပ်ချင်တဲ့သူဆိုတော့ သူ့ကြောင့် အနှောင့်အယှက် မဖြစ်စေချင်ဘူးတဲ့... ပြီးတော့ ဒီမှာနောက်တစ်ရက်ဆက်နေဖို့ ဆန္ဒကိုမရှိတော့လို့ 'ကိုရဲ' လာတဲ့အထိလည်း မစောင့်နိုင်တော့ဘူးတဲ့...'စုံပွင့်' ပြန်ရင် 'မြလေး' ကိုပါခေါ်ချင်ခေါ်ခဲ့တဲ့... အားလုံး ကိုယ်စိတ်ချမ်းသာသလို နေကြတာကောင်းတယ်တဲ့"

"ခက်တယ်... ခက်တယ်... စိတ်တွေက လက်တစ်ဆစ် ပဲရှိကြလွန်းတာကိုး... ငါစိတ်ပူအောင်တယ်လုပ်တာကိုး... ငါ့ဟာ ငါတစ်ယောက်တည်း နေတဲ့နေရာအထိလိုက်လာပြီး အပူပေးကြ တာတော့ မကောင်းဘူးထင်တယ်... တစ်ယောက်တည်း ကားပေါ် တက်လိုက်သွားတာ အရေးမကြီးဘူး... တော်ကြာလမ်းမှာကား ပျက်ရင်ရော" "ကားပေါ်မှာ မိန်းမနှစ်ယောက်လည်းပါပါတယ်"

"အဲဒီ မိန်းမနှစ်ယောက်က ပိုင်းလုံးမတွေဆိုရင်ရော... မိန်းမပျက်တွေဆိုရင်ရော... ငါပါနောက်ကလိုက်သွားချင်လာ ပြီကွယ်... တခြားထွက်မယ့်ကား ရှိသေးသလား စုံစမ်းခိုင်းဦး





ပါပဲ"

ဖွားလေး ပွစိပွစိပြောပြီး ထွက်သွားခဲ့သည်။

"'သက်မှူ' ကို စိတ်မဆိုးပါနဲ့ 'မြလေး' ရယ်... သူအရမ်း ရှက်နေတာ... ဒီမှာဆက်နေရင် 'ဦးသူရိန်' အကြောင်းပဲတွေးပြီး ခံပြင်းနေလို့ဖြစ်မှာပါ"

"ဒါဆိုလည်း မြလေးကိုပြောပေါ့... 'မြလေး' က သူ့မျက်နှာနဲ့ လိုက်လာခဲ့ရတဲ့သူလေ... ခုလိုကြီး သူစိမ်းတွေအလယ်မှာ တစ်ယောက်တည်းထားသွားတာတော့ ဘယ်ကောင်းမလဲ"

ပြောရင်းက 'မြလေးခန့်' ငိုပါတော့သည်။

"ကိုယ်လည်းရှိနေတာပဲကွာ... ကိုယ်ရှိလို့ အဖော်ရှိလို့ လည်းထားသွားတာပါ... မနေ့တစ်နေ့ကမှ တွေ့ကြပေမယ့် 'သက်မှူ' ကို ခင်သလိုခင်နိုင်ပါတယ်... ယုံကြည်နိုင်ပါတယ် 'မြလေး' ရယ်"

"သူ ခုလိုကြီးစိမ်းစိမ်းကားကား လုပ်သွားတဲ့အတွက် 'မြလေး' အရမ်းခံစားရတာပဲ... 'ကိုရဲ' လာတဲ့အထိစောင့်လည်း ရတာပဲ... 'နန္ဒမာလာ' နဲ့ကလိုက်သွားလို့တွေ့ရတာပါ... မသွား ရင်ဒီအဖိုးကြီးကို တွေ့စရာမှမရှိတော့တာ"

"'သက်မှူ' ကို စိတ်မခုပါနဲ့ 'မြလေး' ရဲ့... သူကဒီမှာ

www.burmeseclassic.com



တစ်ဂျက်တောင်ဆက်မနေချင်ပေမယ့် 'မြလေး' ဒီမှာအလုပ်လုပ်ချင်မှန်းသိလို့ အဆက်အသွယ်ရအောင် အစဉ်ပြေအောင်ထားပေးသွားတာဖြစ်မှာပါ"

ဖွားလေး ပြန်တက်လာပြီး ...

"နောက်ထပ်ထွက်ဖို့ကားက ဒီနေ့မရှိတော့ဘူး... မနက်အစောကြီးတုန်းက (၂) စီးထွက်သွားပြီးပြီတဲ့... 'သက်မှူ' အတွက်ဟိုရောက်မရောက်သိချင်ရင် 'နန္ဒမာလာ' က 'ကျော်ဇေယျ' နဲ့ခင်နေတာပဲတဲ့... သူ့ဆီကလက်ကိုင်ဖုန်းနဲ့ မန္တလေးကိုခေါ်ကြည့်ပေါ့တဲ့"

သူနဲ့တွေ့ဖို့ အရင်က တစ်ချိန်လုံးတောင့်တမိနေသော်လည်းယခု 'သက်မှူ' လုပ်ရပ်ကြောင့် စိတ်ခါတ်ကျတာတော့အမှန်ပါပဲ။ ဒါပေမယ့် ဖွားလေးစိတ်အေးအောင်တော့ တစ်ခုခုစီစဉ်ပေးရမှာပါပဲ။

"ဒါဆိုရင် ဒီခြံထဲမှာ 'ကိုကျော်ဇေယျ' နဲ့ခင်တဲ့လူအဲဒီအိမ်ထဲ ဝင်နိုင်ထွက်နိုင်တဲ့လူ မရှိဘူးလား"

'ဘကြီးလွန်း' က မျက်နှာကိုမဲ့၍ လက်ခါပြရင်း ...

"ငါတို့က သူတို့ခြံနဲ့ ပတ်ကိုမပတ်သက်တာ... ဒီ 'ကျော်ဇေယျ' ဆိုတဲ့ကောင်ကလည်း ဒီခြံထဲသိပ်နေတာမှ မဟုတ်ဘဲ...



ငယ်ငယ်တည်းက ရန်ကုန်မှာ ဘော်ဒါနေတယ်... ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်တက်တယ်... ပြီးတော့ နိုင်ငံခြားမှာကျောင်းဆက်တက်တာလား... အလုပ်လုပ်တာလားတော့ မသိဘူး... ဒီမှာနေတာမတွေ့ပါဘူး.... မတွေ့ဆို ငါတို့ကသူတို့ခြံနဲ့မပတ်သက်သလို... သူတို့ခြံထဲက လူတွေကလည်း ခြံကျယ်ကြီးထဲ တသီးပုဂ္ဂလ နေနေကြတာဆိုတော့ သူ့အကြောင်းကိုယ်မသိ... ကိုယ့်အကြောင်း သူမသိဆိုသလိုပဲပေါ့...လွန်ခဲ့တဲ့(၂) နှစ်လောက်ကမှ ဒီဘက်မှာ စီးပွားရေးလုပ်ကွက်တွေ ကျယ်ပြန့်လာလို့ဒီကောင်ပြန်လာတာလား... ဒါမှမဟုတ် ဒီကောင်ကပဲ ဒီလုပ်ငန်းတွေကိုချဲ့ထွင်တာလား... အတတ်မပြောတတ်ဘူး... တခြားခြံကလူတို့... ဈေးလေးကဆိုင်တချို့ကတော့ သူတို့နဲ့ပတ်သက်ပုံရတယ်... အဲဒီမှာ သွားဆက်သွယ်မေးမြန်းကြည့်ပေါ့"

"အင်း... အဲဒါဖြစ်နိုင်တယ်... ဖွားလေးဘာမှမပူနဲ့ 'သက်မှူ' မန္တလေးရောက်မရောက်ရယ်... ဘယ်အချိန်ရောက်လည်းဆိုတာရယ်... မိုးမချုပ်ခင်သိရအောင် 'မြလေး' တို့ စုံစမ်းပေးမယ်နော်"

'မြလေး' နှင့် 'စုံပွင့်' တို့ (၁၁) နာရီခန့် အပြင်ထွက်ခဲ့ကြသည်။

www.burmeseclassic.com



လက်ဘက်ရည်ဆိုင်တွင် အလုပ်သမားအလိုရှိသည် ဆိုသော ကြော်ငြာရေး.တွင်ရပ်ပြီး အလုပ်လျှောက်ချင်ကြောင်း စပြောလိုက်သည်။ ထိုအခါ ဆိုင်ရှင်က ခါတ်ပုံတစ်ပုံ၊ အသက်၊ ပညာအရည်အချင်းနှင့် နေရပ်လိပ်စာ အပြည့်အစုံလာပေးရန် ပြောပြသည်။ မန္တလေးကိုဖုန်းဆက်သွယ်ချင်ကြောင်း ပြောသောအခါ ...

"ညီမတို့နဲ့ 'ကိုကျော်ဇေယျ' နဲ့ခင်တာပဲမဟုတ်လား... သူ့ဆီကဖုန်းနဲ့ ပြောရင်ရတာပဲ"

"အော်...သူ့ကိုလည်း အနှောင့်အယှက်မပေးချင်လို့ပါ... တခြားဖုန်းတစ်ခုခုနဲ့ ဆက်ရင်မရဘူးလား"

"တခြားဖုန်းတွေက ခြံတွေထဲမှာဆိုတော့ ဝေးတာပေါ့... ပြီးတော့မခင်ဘူးလေ... ခင်ပြီးသားနဲ့ အကူအညီတောင်းတော့ ပိုကောင်းတာပေါ့"

"'ကိုကျော်ဇေယျ' ကို သွားပြောပေးနိုင်မလားမသိဘူး"

"ညီမတို့ ခြံထဲကို ရောက်ဖူးကြတယ် မဟုတ်လား... ဝင်ဖူးကြ ခင်ဖူးကြမှတော့ ကိုယ်တိုင်ဝင်သွားရင်ရနေပြီပဲ"

"သူနဲ့ပဲခင်တာလေ... သူ မရှိမှာစိုးလို့ပါ"

"ခဏနေဦးနော်... ကျွန်တော် 'နန္ဒမာလာ' ဂိတ်မှာ သွားစုံ





စမ်းပေးမယ်"

လက်ဘက်ရည်ဆိုင်ရှင်က စက်ဘီးဖြင့် ကုန်းပေါ်တက်သွားခဲ့သည်။ ဆယ်မိနစ်ခန့်တော့ စီးသွားရပေလိမ့်မည်။

ခဏကြာသောအခါ ပြန်ရောက်လာပြီး ...

"သူလာခဲ့မယ်တဲ့... ဒီမှာပဲ ခဏစောင့်နေပါတဲ့"

"သူနဲ့ တွေ့ခဲ့လို့လားဟင်"

"မဟုတ်ပါဘူး... 'ဆင်ပေါက်' နဲ့တွေ့တာပါ... သူသွားပြောပေးတာ... အဲဒီခြံကြီးထဲမှာ 'ဆင်ပေါက်' ပဲ ကျွန်တော့်တို့ဆိုင် တစ်ခါတလေ ရောက်လာတတ်တာ"

'ဘိုးဘိုးဦးသူရိန်' များသိသွားလေမလားဟု စိတ်ပူမိသွားခဲ့သည်။ ခဏကြာသောအခါ 'ကိုကျော်ဇေယျ' ကားဖြင့်ရောက်လာခဲ့ပြီး ...

"'မြလေး' တို့ ဘာအခက်အခဲရှိနေကြသလဲမသိဘူး"

'သက်မူ' စိတ်ကောက်ပြီး ကြံ့ရာကားဖြင့် ပြန်သွားသဖြင့် ဖွားလေးစိတ်ပူနေကြောင်း မန္တလေးနှင့် ဖုန်းပြောချင်ကြောင်း ပြောပြသောအခါ ...

"ရတယ်လေ... မန္တလေးက ဖုန်းနံပါတ်ပေးထားလေ... အဆက်အသွယ်ရရင် ကိုယ်လာပြောပေးရမလား... ဒါမှမဟုတ်

www.burmeseclassic.com



ဖုန်းယူထားမလား"

"အို... ယူမထားပါဘူး... ဘယ်အချိန်ဖုန်းရမယ်မှန်းမသိတော့လာစောင့်နေဖို့ကတော့ ခက်တယ်... ဖြစ်နိုင်ရင် ဖွားလေးစိတ်အေးစေချင်လို့ တစ်ယောက်ယောက်နဲ့ လွှတ်ပြောပေးနိုင်မလားမသိဘူး"

"ပြောပေးပါ့မယ့် 'မြလေး' စိတ်ချနေပါ"

"ဒါဆို 'မြလေး' တို့ ပြန်လိုက်ဦးမယ်"

"အိမ်လိုက်လည်ကြဦးလေ"

"မလိုက်တော့ဘူး 'ကိုကျော်ဇေယျ' ... ဖွားလေးကို မပြောခဲ့ရဘူး"

"မပြန်ခင်အနီးအနားတစ်ဝိုက် လျှောက်လည်ချင်ရင်ပြောနော် ဒီကနေ (၁၀) မိုင်လောက်မှာရေတံခွန်နဲ့ရေပူစမ်းရှိတယ်... (၁၅) မိုင်မှာ ဆုတောင်းပြည့်ဘုရားရှိတယ်... ရှုခင်းတွေအရမ်းလှတယ် သွားချင်ကြလားမသိဘူး"

"အခုတော့ သွားချင်စိတ်လည်းမရှိတော့ပါဘူး... ဟိုတစ်ယောက်စိတ်ကောက်ပြီးပြန်သွားတော့ လုံးဝမပျော်တော့ဘူးပေါ့"

"ဘယ်သူ့ကို စိတ်ကောက်တာလဲ"

'စုံပွင့်' က မပြောစေချင်သော ပုံစံလုပ်နေသဖြင့်..





"ကိုယ့်ဘိုးဘိုးကြောင့်ထင်တယ်... ဟုတ်တယ်... ဘိုးဘိုးက နည်းနည်းရိုင်းသွားတယ်... ခုတော့ စိတ်ဝမ်းကွဲကုန်ကြပြီ... ဒါဆို 'မြလေး' တို့ ရန်ကုန်ပြန်ဖို့ စောင့်ခေါ်ပါ့မလား"

"ရပါတယ်... 'မြလေး' ပြန်ဝံ့ပါတယ်"

"ရောက်တုန်း အေးအေးဆေးဆေးနေကြပါဦးလား"

"နောက်တစ်ခေါက်ပေါ့ရှင်"

"နောက်တစ်ခေါက်လာချင်တဲ့ ဆန္ဒရှိကြသေးလို့လား"

"အင်း... ဖွားလေးရှိနေသေးရင်တော့ ရောက်ဦးမှာပါ... ကဲ 'စုံပွင့်'တို့ကို ခွင့်ပြုပါနော်... ဖွားလေးဝမ်းသာအောင်သွားပြောပြချင်လို့ပါ"

ညနေ (၄) နာရီခန့်တွင် 'ကိုကျော်ဇေယျ' ရောက်လာသဖြင့် 'မြလေး' တို့နှစ်ယောက် ပြာယာခတ်သွားကြသည်။

"ဖွားလေး စိတ်ပူနေမှာစိုးလို့ ဖုန်းအဆက်အသွယ်ရတဲ့အကြောင်း 'ခင်သက်မူ' မန္တလေးအိမ်ရောက်ပြီဆိုတဲ့အကြောင်းလာပြောတာပါ"

"အေးကွယ်... ကျေးဇူးအရမ်းတင်ပါတယ်... လူကလေးရယ် ဒီလိုမှတိတိကျကျမသိရရင် တစ်ညလုံးလည်းအိပ်ပျော်မှာမဟုတ်ဘူး... မနက်ကြရင် ကြုံရာကားနဲ့ ဒီကလေးမနှစ်ယောက်

www.burmeseclassic.com



ခေါ်ပြီး လိုက်သွားရကောင်းမလားတောင် စဉ်းစားနေတာ"

"ခုတော့ ဖွားလေး စိတ်ချမ်းသာသွားပြီ မဟုတ်လား... 'ခင်သက်မှူ' နဲ့ ကိုယ်တိုင်စကားပြောချင်ရင် ကျွန်တော့်မှာ တယ်လီဖုန်းပါလာတယ်လေ"

"တော်ပါပြီကွယ်... ဟိုကဖုန်းက ကိုယ်ပိုင်ဖုန်းမှ မဟုတ်တာသူများကို ဒုက္ခပေးသလိုဖြစ်နေပါ့မယ်... 'မောင်ကျော်ဇေယျ' ကို လက်ဘက်သုတ်နဲ့ အခါးရေလေးချပေးပါဦးကွယ်"

'ကျော်ဇေယျ' က ယဉ်ကျေးစွာခေါင်းညိတ်ရင်း ဖွားလေး ကျေနပ်အောင် လက်ဘက်သုတ်လည်းစားသည်။ အခါးရေလည်း သောက်သည်။

ဖွားလေးက သေချာအကဲခတ်နေပါသည်။

'စုံပွင့်' လည်း ဖွားလေးကို အံ့သြစွာကြည့်နေမိသည်။ ပြီးတော့ဖွားလေး၏ ချစ်သူဆိုသည့် 'မောင်မောင်ကြီး' ဆိုသူကို ထပ်မံတွေ့ဆုံလိုသေးသည်။

"ဒါနဲ့... 'မြလေးခန့်' တို့ အလုပ်လျှောက်ဖို့ စုံစမ်းနေတယ်လို့ လက်ဘက်ရည်ဆိုင်က ပြောလိုက်တယ်... ဘယ်သူလုပ်ချင်တာလဲ"

"သူရော... 'စုံပွင့်' ရော"





ထိုစကားကြောင့် 'မြလေး' အံ့သြရပြန်ပါပြီ။

'စုံပွင့်' လည်း ဤဒေသကို တွယ်တာသွားပြီတဲ့လား။ ယခုမှ တွယ်တာတာတဲ့လား။ သူတို့ဟိုးအရင်တုန်းကလည်း ဒီမှာလာနေဘူးကြတာပဲ ခုမှများဘာကြောင့် စိတ်ဝင်စားသွားရတာတဲ့လည်းကွယ်။

"ဘွဲ့ရပြီးမှတော့ မြို့ပေါ်မှာပဲ အလုပ်ဝင်ပါကွယ်... ဒီမှာ ကဘာမှ တိုးတက်မှုရှိမှာမဟုတ်ဘူး မြေးရဲ့"

"ရပါတယ်ဖွားလေးရဲ့... ဒီမှာက လခလည်းကောင်း တယ် ကုန်ကျစရိတ်လည်းနည်းတယ်... တီဗွီတွေ... စလောင်းတွေရှိနေတာပဲ... ခေတ်နောက်မကျနိုင်ပါဘူး... စနေ.. တနင်္ဂနွေ ဆိုဖွားလေးဆီ ပြန်လာနေလို့လည်းရတယ်... ဖွားလေးလည်း အသက်ကြီးလာပြီဆိုတော့ ပစ်မထားသင့်တော့ဘူးလည်း ထင်လို့ပါ... နောက်တစ်ခုက မန္တလေးအိမ်က အခွေဆိုင်ဖြစ်နေတော့ တစ်နေ့နေ့တော့ရောင်းရမှာပဲ... ဖွားလေးသိတဲ့အတိုင်း အားလုံး ကလည်း ချောင်လည်ကြတာမဟုတ်ဘူးဆိုတော့ ရောင်းပေး ရမယ့်တာဝန်ရှိကို ရှိနေတာလေ... မန္တလေးနဲ့ ရန်ကုန်မှာက အလုပ်ရပေမယ့် ဒီမှာလောက်လခမကောင်းဘူး... ပြီးတော့ စားရိတ်ငြိမ်းလည်း မဟုတ်ဘူး... ကားခ.. ဖယ်ရီခတွေ နှုတ်ရင်

www.burmeseclassic.com



ဘာမှကိုမကျန်ဘူးလေ... ဒီမှာ စားရိတ်ငြိမ်း... ဖယ်ရီခလည်း မရှိတော့ မဆိုးဘူးဖွားလေးရဲ့"

"အင်း... ဟုတ်တော့လည်း ဟုတ်နေတာပေါ့လေ... ညည်းကတော့ ငါတို့နဲ့ပတ်သက်နေလို့ ထားပါတော့... ဟိုကောင်မလေးက ဖြစ်ပါ့မလား... အဝေးကြီးကလာရတာ မိဘတွေကိုတိုင်ပင်ဦးလေ"

'မြလေး' က ခေါင်းငုံ့ထားရင်း အသံတိမ်တိမ်ဖြင့် ...

" 'မြလေး' က ဒီမှာမလုပ်ဖြစ်လည်းတခြားမှာ ဝင်လုပ်ကိုလုပ်မှာ 'မြလေး' အိမ်မှာမနေချင်လို့ပါ"

ထိုစကားကြောင့်'ကျော်ဇေယျ'က သေချာစိုက်ကြည့်ရင်း

"ဖွားလေးပြောတာမှန်တယ် 'မြလေးခန့်'... လူကြီးတွေကို ခွင့်တောင်းပြီးမှလုပ်ပါ... အလုပ်ရဖို့ကတော့ မပူနဲ့... အလုပ်ခန့်တဲ့အဖွဲ့ထဲကိုယ်ပါတယ်... 'မြလေး'နဲ့ 'စုံပွင့်' လုပ်မယ်ဆိုရင် တစ်လပြည့်တဲ့နေ့အထိ ကိုယ်စောင့်ခိုင်းထားမယ်... ကဲ... ကျွန်တော်ပြန်လိုက်ဦးမယ် ဖွားလေး... မနက်ဖြန် ရေတံခွန်ဖက်လိုက်ပို့ပေးမယ်... ဟိုကြမှ ထမင်းစားဖို့စီစဉ်သွားပေးမယ်... ရှစ်နာရီလောက်လာခေါ်မယ်"

မည်သူမျှ မငြင်းရသေးခင်ပင် 'ကျော်ဇေယျ' က ထပြန်





သဖြင့်

"ကားမပါဘူးလား လူလေးရဲ့"

"ဟုတ်ကဲ့... ကျွန်တော် တမင်လမ်းလျှောက်ချင်လို့ပါ... သွားပြီနော်... အားလုံးပဲ"

"အေးကွဲ့... အေး"

မနက်ဖြန် သူနှင့်အပြင်ထွက်ခွင့်ရမည့်အရေး တွေးပြီး 'မြလေး' ရင်ခုန်ပြီးကြည်နူး၊ ကြည်နူးပြီးရင်ခုန်လို့ မဆုံးတော့ပါ။ ါတောင်တစ်ချက်တစ်ချက် သံသယစိတ်လေးဝင်မိသေးသည်။ 'စုံပွင့်' များ 'ကိုကျော်ဇေယျ' ကို စိတ်ဝင်စားနေသလားမသိပါ။

ညရှစ်နာရီခန့်တွင် 'မြလေး'၏ ရင်ခုန်မှုများရော၊ သံသယများရော ရပ်တန့်ပျောက်ကွယ်သွားခဲ့ရသည်။

'ရဲရင့်' ရုတ်တရက်ရောက်လာပြီး ...

"မနက်ဖြန်မနက် (၅) နာရီလောက်ပြန်ထွက်မယ်... နင်တို့ အရန်သင့်ပြင်ဆင်ထားလိုက်ကြ"

"ဟဲ့... ကားမပါဘူးလား... 'ရဲရင့်'"

"ပါတယ် ဖွားလေး.... ခြံထဲမှာ ကုန်သွားချတယ်..."

" 'သက်မှူ' နဲ့ တွေ့ခဲ့သေးလား"

"တွေ့ခဲ့တယ်"

www.burmeseclassic.com



'ရဲရင့်' မျက်နှာက အရင်တစ်ခါတွေ့တုန်းကလိုမဟုတ်။ ခပ်တည်တည်နှင့်။ ဧကန္တ 'သက်မှူ' ဂုံးတိုက်လွတ်လိုက်ပြီ ထင်ပါရဲ့။ မြေးအဖွားနှစ်ယောက် ခပ်တိုးတိုးပြောနေတာကို 'မြလေး' ကြားနေရပါသည်။

"အစီအစဉ်မရှိပဲ သူ့များကားမောင်းတက်လာခဲ့ရတာ... 'သက်မှူ' က သူ့သူငယ်ချင်းကို သူနဲ့အတူ ပြန်ခေါ်သွားဖို့ တာဝန်ရှိနေတာလေ... သူလက်မှတ်ကြိုယူထားမှာ... သဘက်ခါမနက် ရထားနဲ့ ရန်ကုန်ပြန်မယ်တဲ့"

"အေးပေါ့လေ... အေးပေါ့... ဒါပေါ့... ဒါပေါ့"





ရထားပေါ်တွင် ခန္ဓာကိုယ်ကြီးသာ ငုတ်တုတ်ထိုင်လိုက်လာခဲ့ရပေမယ့် စိတ်ကတော့ တောင်ပေါ်မှာ ကျန်ရစ်ခဲ့ပါပြီ။

သူ့ကို သနားလိုက်တာ။

သူလာခေါ်လျှင် 'မြလေး' မရှိသဖြင့် သူရှက်သွားလေမလား။ ရထားပေါ်တွင် ခဏတဖြုတ်တွေ့ခဲ့ရသော ကောင်မလေးကို သူစိတ်ဝင်တစားရှိကြောင်း၊ တန်ဖိုးထားပြီး တလေးတစားရှိကြောင်းသိခဲ့ရသဖြင့် 'မြလေး' ကျေနပ်ဝမ်းသာရပါသည်။

www.burmeseclassic.com



ပြီးတော့ လွမ်းရပါပြီ။

ချစ်သူငယ်ချင်းဘဝမှ မုန်းသူငယ်ချင်းဘဝ ရောက်သွားခဲ့သူ 'သက်မူ' က မျက်နှာပုတ်ကြီးဖြင့် ကျောက်ရုပ်လိုထိုင်ပြီး တေမိဇာတ်ခင်းနေသဖြင့် 'မြလေး' နေရခက်လှပါသည်။

ရန်ကုန်ဘူတာကြီးရောက်တော့ မိခင်ကလည်း လာကြိုနေသည်။ မရယ်မပြုံးကြိုနေပုံကို မြင်ရယုံဖြင့် 'သက်မူ' ဂုံးချောထားပြီးမုန်း သိလိုက်ပါသည်။

အိမ်ရောက်သည်နှင့် ....

"ညည်းမရှက်ဘူးလား"

"ဟင်... ဘာဖြစ်လို့ ရှက်ရမှာလဲ"

"ဘာအူကြောင်ကြောင်လုပ်နေတာလည်း 'မိလေး' ... နင်မိန်းမနောက်ပိုးလုပ်နေတယ်ဆို"

"တိုက်ဆိုင်လို့ပါမေမေရယ်... သူရှိတဲ့နေရာကို တမင်လိုက်တာမှမဟုတ်ဘဲ... သူက 'ဖွားလေးဝါန' နေတဲ့နေရာမှာရှိနေတာ 'သက်မူ' က ရန်ကုန်မှာရှိတုန်းထဲကသူ့ 'ဖွားလေးဝါန' တို့အိမ်အထိ အလည်ခေါ်သွားမယ်လို့ မေမေ့ကို ပြောမသွားဘူးလား"

ဟုတ်တော့လည်း ဟုတ်နေသဖြင့် ...





"ဒါပေမယ့် အဲဒီ 'ကျော်ဇေယျ' ဆိုတဲ့ကောင်က ရုပ်ချောချောဆို"

"အင်းလေ"

"ညည်းကတစ်ချိန်လုံး လိုက်ချောင်းနေတာဆို"

'မြလေး' မငြင်းနိုင်ပါ။

"ညည်းကဟိုမှာ အလုပ်လုပ်မလို့ဆို"

"လခကောင်းလို့ပါ"

"ဒီလောက်ဝေးတာတစ်ယောက်တည်း ဖျားနာနေရင်ရော...ဒီတစ်ခါက် 'အောင်' ပြန်လာရင် အိမ်ရောင်းဖို့ပြောပေးမယ်... လောလောဆယ်အိမ်မှာမနေချင်ရင် အမျိုးတွေအိမ်မှာနေ... ဒါမှမဟုတ်အဆောင်မှာနေ... ငါ့ခွင့်မပြုဘဲသွားရင် ငါ့ကိုလည်း အမေလာခေါ်မနေနဲ့"

'မြလေး' နာတွေပူနေပါပြီ။

သို့သော် လွမ်းစိတ်။ တမ်းတစိတ်ကြောင့် တငေးငေးတငိုင်ငိုင်ပင် ဖြစ်နေပါပြီ။

တတ်နိုင်လျှင် အိပ်ယာထဲမှာပဲ ခွေနေချင်တော့သည်။

ထမင်းလည်း မစားချင်။

မျက်လုံးလေးမှေးပြီး စွဲလန်းမိသူ၏ ရုပ်ပုံကို မျက်ခွံပိတ်

www.burmeseclassic.com



ကားလုပ်ပြီး စလိုက်ထိုးကြည့်သလို ကြည့်နေမိတော့သည်။





"ကိုယ်မင်းကို တကယ်ချစ်တာပါ 'သီတာ' ရယ်"

"ချစ်ပေါ့... ရှင့်စိတ်နဲ့ ရှင်ချစ်တာပဲ... ဘယ်သူမှ တားဆီးပိုင်ခွင့်မရှိဘူးလေ"

" 'သီတာ့' ဆီက ချစ်ခွင့်ကို ကိုယ်စောင့်နေတာတော့ သိပါတယ်နော်"

"ဖြေပြီးပြီပဲ... မဖြစ်နိုင်ဘူး... မချစ်နိုင်ဘူးလို့"

" 'သီတာ' က အဆက်အသွယ်မလုပ်တော့တဲ့လူကိုမှ

www.burmeseclassic.com



မျှော်လင့်နေတာကိုး… ဒီလူ့ကို ‘ကိုအောင်’ ကလည်း သဘောတ
တာမဟုတ်ဘူး… ဘာမှ အခြေအမြစ်မရှိတဲ့လူကို မျှော်လင့်နေ
မယ့်အစား ကိုယ့်ကိုပဲလက်ခံစေချင်တယ်… ခုဆို ကိုယ့်ဘက်က
‘သီတာ့’ကို ကိုယ်ပိုင်အိမ်နဲ့ ထားနိုင်ပြီ… နောက်တစ်ခေါက်ပြ
လာရင် ကားဝယ်ပေးမယ်ကွာ”

‘သီတာ’ မခိုးမခန့်ရယ်ရင်း …

“ဒါပေ့ါ… ယောက်ဖက သဘော်တင်ပေးပြီးပြီက
နောက်တစ်ယောက်လည်း သဘော်တက်နေပြီဆိုတော့ ရှင်တို
မောင်နှမတွေ တွက်ကိန်းကိုက်သွားပြီပေါ့နော်… ‘ဒေါ်မြမြတ်မှ
စိတ်ထဲမှာ မောင်နှစ်ယောက်ထဲရှိတာ နည်းနေတယ်လို့တော
ထင်နေမယ်ထင်တယ်… အင်း တူတော်မောင်တွေကို ဘယ်တော
ပို့ဖို့ စိတ်ကူးနေလည်းမသိဘူး”

“‘သီတာ’က အလကားနေ မလိုမုန်းထားဖြစ်နေတ
ကိုး… သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တယ်ဆိုတ
စကားလည်းရှိသားပဲကွာ… ‘ကိုအောင့်’ အနေနဲ့ကလည်း အပ
ကြီးတဲ့ကိစ္စမှမဟုတ်တာ… ကဲ… ကိုယ့်ကို ရင်းနှီးပေးလိုက်ရ
ပိုက်ဆံလည်း ပြန်ရတာပဲ မဟုတ်လား… ကိုယ်ဆိုတဲ့ကော
ကလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ ‘သီတာ့’ ကို လက်ထပ်ပြ





ရာသက်ပန် ပေါင်းသင်းသွားမယ့်ကောင်ပါ”

“အခု ရှင်အရောင်ထွက်လာပြီပဲ… ကြိုက်မယ့်သူတွေ ပိုပေါပြီး… သားမက်တော်ချင်တဲ့လူတွေလည်း များလာပြီပဲ… ခေါင်းခေါက်ရွေးလို့ရပြီပဲ”

“ဒါပေမယ့် ကိုယ်က ‘သီတာ’ ကလွဲရင် ဖွဲနဲ့စကွဲပဲ… ရှေ့ လထဲ ‘ကိုအောင်’ ပြန်လာရင် လက်ထပ်ပေးမယ်ပြောတယ် ‘သီတာ့’ စိတ်ကြိုက်စီစဉ်စရာရှိတာ စီစဉ်ထားတဲ့… ‘မမြတ်’ ကလည်းကိုယ့်နဲ့ ‘သီတာ့’ ကို သိန်း (၂၀) လက်ဖွဲ့မယ်တဲ့… ကိုယ်ကလည်း ကိုယ်စုထားတဲ့ငွေကို ဘဏ်ကထုတ်ပြီး ‘သီတာ့’ လက်ထဲ အကုန် လာအပ်ထားတာရော့… ယူနော်… အားလုံးသိန်း (၅၀)‘သီတာ’ ကြိုက်တာဝယ်”

ငွေထုပ်ကို လက်ဆွဲ၍ အသာထည့်ပေးလိုက်ခြင်း ဖြစ်သည်။

“ဘယ်သူက ချစ်တယ်ပြောလို့ ဇက်ရဲလက်ရဲဖြစ်နေတာလဲ… ငွေမက်တဲ့ကောင်မမှတ်လို့ ငွေနဲ့ပေါက်နေတာလား…ရှင့်ကို ဒီဘဝမပြောနဲ့ နောက်ဘဝတောင်မချစ်ဘူးသိရဲ့လား… သွား… ခုထွက်သွား… ရှင့်ငွေလည်း မယူဘူး… ရှင့်ကိုလည်း မယူဘူး”

‘သီတာ’က လူကိုလည်းတွန်းလွှတ်ပြီး ငွေထုတ်ကိုလည်း

www.burmeseclassic.com



ပစ်ပေါက်ပစ်သဖြင့် 'မင်းခိုင်' ဒေါသပေါက်ကွဲထွက်သွားပြီး ...

"ဟာ... မင်းသိပ်ဘဝင်မြင့်ပါလား... လူကြီးတွေအတင်း စီစဉ်ပေမယ့် ငါမတရားမသိမ်းပိုက်ချင်လို့ မင်းမေတ္တာနည်းမျိုးစုံနဲ့ တောင်းခံနေတာကွ... မင်းကိုလေးစားမြတ်နိုးလွန်းလို့ မင်းကျေနပ်အောင် အထင်ကြီးအောင် ငါကြိုးစားပြတာကွ... မင်းက ငါ့အစ်မကိုမုန်းတာနဲ့ ငါတို့အားလုံးကိုလည်း အမြဲရန်လိုနေတာပဲ... ကဲ... မင်းကို ငါရအောင်ယူလို့ရတယ်ဆိုတာ မင်းသဘောပေါက်... သဘောပေါက်"

'မင်းခိုင်'က အံကြိတ်ပြီး ရက်ရမ်းရမ်းလေပြီ။ 'မြမြတ်မူ' ကလည်း အနုနည်းဖြင့်မရလျှင် သည်တစ်ခါက် အပိုင်သာ ကြံတော့ဟု မြှောက်ပေးထားပြီးသား။

'သီတာ' ကလည်း 'မင်းခိုင်' ကို မုန်းလွန်းလို့တော့ မဟုတ်ပါ။ ယောင်းမဖြစ်သူ လူပါးဝလွန်းသဖြင့် တမင်ကိုငြင်းနေခြင်းဖြစ်သည်။

"လွှတ်နော်... နင် အနိုင်မကျင့်နဲ့"

"ချစ်တယ်လို့ပြော... လက်ထပ်မယ်လို့ပြော"

"မချစ်ဘူး... မပြောဘူး"

"မချစ်ဘူးလား... မပြောဘူးလား"





"လွှတ်... လွှတ်.... မလွှတ်ရင် ငါထိုးထဲ့မှာနော်"

'သီတာ'က မှန်တင်ခုန်ပေါ်မှ ကပ်ကြေးကို လှမ်းဆွဲရင်း ထိုးဖို့ပြင်ရင်းပြောခြင်း ဖြစ်သည်။

"မလွှတ်ဘူးကွာ... ထိုးချင်လည်း ထိုးကွာ... ဒါမှ ငါ့အချစ်ကို မင်းယုံမှာ... ထိုး... ထိုးစမ်း"

ထိုအသံများကြောင့် အိပ်ပျော်နေသော 'မြလေး' လန့်နိုးလာပြီး တစ်ဖက်ခန်းသို့ ပြေးထွက်ခဲ့မိသည်။

'မြလေး' အခန်းဝရောက်လာချိန်တွင် 'သီတာ' က 'မင်းခိုင်' ကို အားနှင့်မာန်နှင့် ထိုးချိန်နှင့် တိုးနေသဖြင့် ...

"အမယ်လေး... သေပါပြီ... မလုပ်ပါနဲ့... မထိုးပါနဲ့... 'မြလေး' တောင်းပန်ပါတယ်... 'လေးလေးခိုင်' ကလည်း လွှတ်လိုက်ပါနော်... လွှတ်လိုက်ပါ"

www.burmeseclassic.com



"လွတ်ပါ... လွတ်လိုက်ပါ... မြလေး' တောင်ပန်ပါတယ်"

"ဟိတ်... ဘယ်လိုဖြစ်နေတာလည်း 'မြလေးခန့်'... ဟင်... ဘာလဲ အိမ်မက်ထဲမှာ မိန်းမနောက်ပိုးလုပ်နေတာတော့ မဟုတ်ပါဘူးနော်... ဘယ်သူက အတင်းဖက်နေလို့ လွတ်ခိုင်းနေရတာလဲ"

ဒေါ်သတကြီးအော်ငေါက်ဆူပူနေသော မိခင်ဖြစ်သူကို 'မြလေး'က ပြူးပြူးပြဲပြဲပြန်ကြည့်နေပါသည်။ သူမတကိုယ်လုံး



တုန်ရီနေပြီး ချွေးတွေလည်း ထွက်နေပါသည်။

"'မသီတာ'နဲ့ 'လေးလေးခိုင်'အကြောင်း အိပ်မက်ထဲမှာ မက်နေတာပါမေမေရယ်"

"ပြောလိုက်ရင် ဒီဘူတာပဲ ဆိုက်တာပဲ... ထ... ထ.... တယ်လီဖုန်းလာနေတယ်"

"ဟင်ဘယ်ကလည်း ဘယ်သူလဲဟင်"

"'စုံပွင့်'တဲ့... 'ခင်သက်မှု'ရဲ့ ညီမဝမ်းကွဲမဟုတ်လား"

"အော်... ဟုတ်တယ်... ဟုတ်တယ်"

'မြလေး'၏ ထိုင်းမှိုင်းမှုများ ချက်ခြင်းပျောက်ကွယ်သွားခဲ့ပါပြီ။ တယ်လီဖုန်းရှိရာ အမြန်ပြေးသွားပြီး ...

"ဟဲလို... 'မြလေး'ပြောနေပါတယ်... 'စုံပွင့်'လားဟင်"

"ဟုတ်တယ် 'မြလေး'... အိပ်နေတာဆို"

"ဟုတ်တယ်...အိပ်မက်တွေတောင်မက်နေတာ"

"အဟား... ဘာလဲ အိမ်မက်ထဲမှာ ရွှေမင်းသားက နတ်မြင်းပျံကြီးနဲ့ ကမ္ဘာတစ်ပါတ်မကဘူး... စကြာဝဠာပါပါတ်ဖို့ ခေါ်သွားနေတာလား"

"မဟုတ်ပါဘူးကွာ"

"ဒီမှာ... ဒီမှာ... ရွှေမင်းသားခမြာ သနားစရာနော်...

www.burmeseclassic.com



ချိန်းထားတဲ့အချိန် ဖွားလေးဆီရောက်သွားတယ်တဲ့... ပြန်သွားပြီဆိုတာသိရတော့ အံ့ဩသလို စိတ်မကောင်းလည်း ဖြစ်ရတယ်တဲ့... သူ့ခမြာ ဒံပေါက်တွေဘာတွေဖေါက်ပြီး ရေခဲဗူးတွေ... ဖျော်ရည်ပုလင်းတွေ ကားထဲထည့်ပြီးယူလာခဲ့တာတဲ့... နှုတ်မဆက်ပဲပြန်သွားလို့... သူရှက်တာထက် ပိုပြီးခံစားရတယ်တဲ့"

" 'စုံပွင့်' ကို ဘယ်သူပြောပြတာလဲ"

"သူကိုယ်တိုင်ပဲလေ... နောက်တစ်နေ့ မန္တလေးမှာရှိနေအုံးမယ်ထင်ပြီး လိုက်လာတာတဲ့"

"အို...ဟုတ်လား... စိတ်မကောင်းလိုက်တာ... 'စုံပွင့်' ကိုယ့်အဖြစ်ကို ပြောမပြလိုက်ဘူးလား"

"ပြောပြတယ်... သဘောလည်း ပေါက်သွားပုံရတယ်... အလုပ်ကိစ္စအတွက်ရော ဘာစိတ်ကူးရှိလဲ"

"မေမေကတော့ ပွမ်နေတာညံ့နေတာပဲကွာ... အဲဒီအလုပ်သွားလုပ်ရင်သူ့ကို အမေလာမခေါ်နဲ့တဲ့"

"ကိုယ်တော့ သွားလုပ်ဖြစ်ဖို့များတယ်... ကိုယ့်အတွက်တော့ သေချာအလုပ်ချန်ထားပေးဖို့ပြောထားတယ်... သူက မင်းကိုပါမေးခိုင်းတာ"

" 'စုံပွင့်' က တကယ်သေချာလား"





"သေချာတယ်... သေချာတယ်... မန္တလေးအိမ်ကိုဆွေမျိုးတွေကရောင်းပြီး အမွေခွဲချင်နေကြတာ... မယုံကြည့်နေ... ကိုယ် ဟိုမှာသွားနေရင်လည်း ဖွားလေးအမွေကိုမက်လို့သွားနေတာလို့ပြောခံရအုံးမှာ... ဖွားလေးဆီကလည်း လာလုကြအုံးမှာ... ကိုယ်ကတော့ လခကောင်းတာကြောင့်ရော... ဖွားလေးနဲ့နီးနီးနားနားနေလို့ရတာကြောင့်ရော... ပြီးတော့ အလုပ်လုပ်ရင်းသင့်မြတ်တဲ့လူ ပိုက်ဆံချမ်းသာတဲ့လူနဲ့တွေ့ရင် အိမ်ထောင်ပြုလိုက်ဖို့ စိတ်ကူးထားတယ်... မှီခိုနိုင်မယ့်သူမျိုးပေါ့ကွာ... မင်းသိတဲ့အတိုင်း အဲဒီဘက်မှာက လုပ်ငန်းရှင်မျိုးစုံတွေရော... အဆောက်အဦးတွေဆောက်ဖို့ အင်ဂျင်နီယာတွေရော... ဆေးရုံအတွက် ဆရာဝန်တွေရော... အားလုံးသွားနေကြပြီဆိုတော့ ဟဲ... ဟဲ... တစ်ယောက်လောက်တော့ ချိတ်နိုင်မယ်ထင်ပါရဲ့"

စကားအဆုံးကြမှ ဟင်းချနိုင်ပါတော့သည်။

သို့သော် 'ကိုကျော်ဇေယျ' သာကမ်းလှမ်းလာလျှင် 'စုံပွင့်' က လက်ခံမည့်ပုံစံမျိုး မဟုတ်ပါလား။

"မင်းဆီ သူဖုန်းဆက်မယ်ထင်တယ်... ကိုယ့်ဆီက ဖုန်းနံပါတ်တောင်းထားတယ်"

"ဟင်... ဟုတ်လား"

www.burmeseclassic.com



ခုချိန်ထိတော့ မဆက်သေးပါလား။

"'မြလေး' လာဖြစ်အောင်လာခဲ့ပါလား... နှစ်ယောက်ဆို တော့အဖော်ရတာပေါ့... စနေတနင်္ဂနွေဆို ဖွားလေးအိမ်မှာ ဆုံဖြစ်တာပေါ့"

နောက်မှတွေ့ရ ခင်ရပေမယ့် 'စုံပွင့်' က 'သက်မူ' ထက်ပေါင်းရသင်းရတာ ပိုအဆင်ပြေသလိုပါပဲ။

"ကိုယ်လည်းလာချင်တာပါပဲလေ... ကံကြုံရင်ပြန်ဆုံ ချင်ပါတယ် 'စုံပွင့်' ရယ်နော်"

"ပြန်ဆုံချင်ပါသေးတယ်... 'မြလေး' ရယ်နော်"



## ၁၃

ပန်းခြံထဲတွင်ဖြစ်သည်။

"'မြလေး' က ဒီအိမ်ကို အရမ်းရောင်းချင်နေတယ်ဆို"

"အော်... 'ဦးအောင်' နောက်မှာရောက်နေတာ 'မြလေး' မသိလိုက်ဘူး"

သဇင်ပန်းတိုင်များကြားတွင်ရှိနေသည်ကို တော်ယုံလူဆို မမြင်နိုင်ပါ။ သို့သော် 'မေအောင်' က စကားပြောချင်နေ၍ တမင် ရှာပြီးလိုက်ခဲ့ခြင်းဖြစ်သည်။ 'မေအောင်' နောက်ကလိုက်သွား သည်ကို ဘုရားခန်းမှ 'မြမြတ်မူ' ကလည်း မြင်လိုက်ပါသည်။

www.burmeseclassic.com



"အိမ်ကိစ္စကတော့ 'မြလေး'နဲ့ မဆိုင်လို့ ဘာမှပြောခွင့်လည်းမရှိပါဘူး... ပြောဖို့လည်းမသင့်ပါဘူး... ပထမတုံးက ရောင်းစေချင်တာက 'မြလေး'ဒီမှာနေရတာ စိတ်မသန့်လို့ပါ... ဒါပေမယ့် 'ဦးအောင်' တို့ မောင်နှမနှစ်ယောက်ပိုင်တဲ့အိမ်ကို 'မြလေး'ဘာမှ ဝင်စွက်ဖက်စရာမလိုဘူးဆိုတာ အသိတရားနဲ့ ယှဉ်ပြီး တစ်နေ့တစ်ခြားသိလာခဲ့ပါတယ်"

" 'ဦးအောင်'လက်ခံတယ်... 'မြလေး'ဟာ ငယ်ငယ်လေးထဲက ယဉ်ကျေးသိမ်မွေ့ပြီး လိမ္မာရေးခြားရှိတယ်ဆိုတာ 'ဦးအောင်'အကဲခတ်မိတယ်... ခုချိန်မှာ 'သီတာ'မရှိတော့သလို 'သားထွေးလေး' လည်းမရှိတော့ဘူးဆိုတော့ 'မြလေး' ဟာ ကိုယ်တို့ရဲ့ တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသူဖြစ်နေပြီလေ... 'မြလေး' စွက်ဖက်ခွင့်ရှိပါတယ်"

"အို... 'မြလေး'အဲ့သလိုမခံယူပါဘူး... 'မြလေး'နဲ့လည်း ဒီအိမ်ဘာမှကို မပတ်သက်ပါဘူး... 'မသီတာ'မရှိတော့ပေမယ့် 'သားထွေး'ရှိတုံးက 'မသီတာ'အမွေရော... 'ဦးအောင်'အမွေရော... 'သားထွေး'နဲ့ပဲပတ်သက်တာပါ... ဒီအိမ်ရဲ့ အမွေအနှစ်က 'မြလေး'နဲ့ဘာမှမဆိုင်ဘူးဆိုတာ 'မြလေး'အသိစိတ်မှာ သိထားပြီးသားပါ"





'မေအောင်' က ယဉ်ကျေးစွာပြုံးရင်း ခေါင်းခါသလို 'မြလေး' ၏ ပခုန်းကို ညင်သာစွာကိုင်ရင်း ...

"ပတ်ဝန်းကျင်ရဲ့ ပြောဆိုမှုဒဏ်တွေကို 'မြလေး' သိပ်ကြောက်နေပြီထင်တယ်ကွာ... ဘာပဲဖြစ်ဖြစ် ကိုယ့်ဇနီးဖြစ်နေခဲ့ဖြစ်တဲ့ 'မြမြတ်မူ'ရဲ့ ဝေစုကို 'မြလေး'ပိုင်ဆိုင်ခွင့်ရှိပြီးသားပါ... တခြားဘယ်မှာမှ သွားနေစရာလည်းမလိုဘူး... ဝေးဝေးလံလံတွေမှာ အလုပ်ထွက်လုပ်စရာလည်းမလိုဘူး... 'မြလေး'ဓိမ်နဲ့ထိုင်စားလို့ရတယ်... 'သီတာ'မရှိတော့ဘူးဆိုတော့ 'မြလေး'တို့ကို ပြဿနာလုပ်မယ့်လူလည်း မရှိတော့ဘူးလေ... လွတ်လွတ်လပ်လပ်သာနေ 'သီတာ့' အမွေကိုလည်း 'ဦးအောင်' ပဲ ရထားပြီဆိုတော့ နောက်ထပ် သားသမီးမရတော့ဘူးဆိုရင် ဟောဒီ 'မြလေးခန့်'လေးကိုပဲ ပေးမယ်နော်"

ကလေးမဟုတ်တော့သော 'မြလေး' ၏ ဦးခေါင်းကို ညင်သာကြင်နာစွာပြောနေသည်ကို အပေါ်ထပ်မှ မြင်နေရသော 'ဒေါ်မြမြတ်မူ'တစ်ယောက် အိမ်မြှောင်အမြီးပြတ်သလို ဖြစ်နေတော့သည်။

" 'မြလေး' အပေါ်စေတနာထားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် 'ဦးအောင်'... 'မြလေး' အမွေမမက်

www.burmeseclassic.com



ပါဘူး... 'ဦးအောင်' ရဲ့စေတနာကိုလည်းနားလည်ပါတယ်... ဒါပေမယ့် ဒီအိမ်နဲ့ပတ်သက်တဲ့ အမွေကို 'မြလေး' လုံးဝမယူဘူး လို့ ယတိပြတ်ပြောရဲပါတယ်... 'မြလေး' အဝတ်တွေစိမ်ထားတာ ရှိသေးလို့ သွားလျှော်လိုက်ဦးမယ်"

"နေဦး... နေဦး... ခဏဒီမှာထိုင်ဦး... လာ... လာ..."

လက်ကိုလှမ်းဆွဲထားသလို ဒန်းပုခက်တွင် အတူယှဉ်တွဲ၍ အတင်းထိုင်ခိုင်းသဖြင့် ပူးကပ်စွာ ထိုင်လိုက်သလိုဖြစ်သွားသည်။ 'မြလေး' ရင်တွေတဖြတ်ဖြတ်ခုန်လာသလို အသားတွေ တဆတ်ဆတ်တုန်ပြီး အဖျားတက်ချင်သလိုပင် ဖြစ်လာခဲ့ပြီ။

ထိုမြင်ကွင်းကို လှမ်းမြင်နေရသော 'မြမြတ်မူ' အတွက်ကတော့ ရင်ထဲတွင် မိုင်းဗုံးအလုံးပေါင်းများစွာ ပေါက်ကွဲခြင်းခံလိုက်ရသလို မျက်လုံးထဲတွင်လည်း မီးပန်းတွေဖြာ၍ ထွက်ကုန်ပါပြီ။

" 'မြလေး' ရဲ့ အမေက ဟောဒီ 'မြလေး' အတွက်ပဲ ပူနေတာ ဒီအိမ်မှာမနေချင်ရင် ဒီအိမ်ကို ပြန်ငှားပြီး တို့တွေ ကွန်ဒိုတိုက်ခန်းဝယ်ပြီးနေကြမယ်... ညည်းတခြားမှာ သွားနေစရာမလိုဘူး... အလုပ်ထွက်လုပ်စရာမလိုဘူး... 'ဦးအောင်' ရှာတာ ညည်းအတွက်ပဲ... ဘာမှအားနာစရာမလိုဘူး... ညည်း





ဘာလိုချင်လည်းပြော... ကားအသစ်လဲချင်လား... လက်ဝတ်လက်စားလိုချင်လားပြော"

ပခုန်းကိုဖက်ရင်း အပြောခံရသဖြင့် 'မြလေး' ကြက်သီးတွေထနေပါသည်။

ဟိုအရင်အခေါက်တွေတုံးကလည်း 'မြလေး' ကို တရင်းတနှီးနေခဲ့ပါသည်။ သို့သော် ထိုစဉ်က 'မြလေး' ငယ်သေးသည်။ သုံးနှစ်ခန့် နိုင်ငံခြားသင်္ဘောပေါ်ပါသွားတတ်ပြီး ရန်ကုန်သို့ ခေတ္တလာနားတတ်သူဖြစ်သလို၊ ပြန်လာတိုင်း 'မသီတာ' ရှိနေသဖြင့်လည်းကောင်း၊ ပြဿနာတွေတတ်နေသဖြင့်လည်းကောင်း၊ နာရေးတွေတစ်ခုပြီးတစ်ခု ဖြစ်နေသဖြင့်လည်းကောင်း ရန်ကုန်ပြန်ရောက်တိုင်း စိတ်မချမ်းမြေ့စရာက ခပ်များများ။

ဒီတစ်ခေါက်တော့ တအိမ်လုံးပြေးကြည့်မှ ဤသုံးယောက်သာရှိသည်။ 'မင်းနိုင်' သင်္ဘောမှ နားသည့်အခါနှင့် 'ဦးအောင်' နားသည့်အခါပင်မဆုံတတ်။

မိခင်ဖြစ်သူက 'ဦးအောင်' ခရီးထွက်သည့်နှင့် အစ်မရင်းများ၊ ဝမ်းကွဲများကို အိမ်ပေါ်ခေါ်တင်ထားတတ်သည်။

'မြလေး' ရိပ်မိသည်။

'မြလေး' ပြန်ရောက်သည့်နေ့ထဲက 'ဦးအောင်' အိပ်ခန်း

www.burmeseclassic.com



ထဲအထိ လိုက်ဝင်လာတတ်သည်။ ငယ်ငယ်တုံးကလည်း ဝင်ဖူးတာပါပဲ။

ဒါပေမယ့် ယခုအခေါက်မှီခင်မပါဘဲ အခန်းပေါက်ဝရောက်လာတတ်ပြီးမှ ပြန်လှည့်ထွက်သွားတာ ခဏခဏမြင်နေရသည်။

ဒီတစ်ခေါက် ဘာဖြစ်လို့ အမူအယာတွေ၊ အပြောအဆိုတွေ၊ ပြောင်းသွားတာပါလိမ့်။ သူ့မျက်လုံး၊ သူ့အပြုံးတွေက ခါတိုင်းနှင့် မတူဘူးဟုထင်နေမိသည်။

○○○





"ညည်းကို သူဘာတွေလာပြောနေတာလဲ... အကြာကြီးပဲ"

'မြလေး' စဉ်းစားသလိုလုပ်နေပြီးမှ ...

"မေမေ မြင်တာလား"

"ဟုတ်တယ်... ဘာလုပ်တာလဲ... ခေါင်းပုတ်... ကျောပုတ်နဲ့"

"အရင်ကလဲ ဒီလိုလုပ်နေကြပဲလေ"

"ညည်းက ပြီတီတီလုပ်နေလို့ နေမှာပေါ့"

www.burmeseclassic.com



မိခင်၏စကားကြောင့် 'မြလေး' ရင်ထဲအောင့်ကန်
ဖြစ်သွားရသည်။

"သွားမရောနဲ့... ပထွေးဆိုတာ မယားပါသမီးကို ကြံတဲ့
လူကခပ်များများ"

"မေမေရာ... ဒီလိုသိထားလျှက်နဲ့ ဘာကြောင့်များ
နောက်အိမ်ထောင်ပြုဖြစ်သေးတာတုံးနော်"

"ဒါတော့ ဘဝအတွက်ကြည့်ရသေးတယ်လေ... ညည်း
အဖေက 'ရိုးရိုးကြီးဖေဖျ' လုပ်ပြီး မိန်းမနဲ့သမီးအတွက် ဘာမှ
စုဆောင်းပေးမသွားလို့ပေါ့... ပြီးတော့ 'မေအောင်' က အရှုးအမူး
ဖြစ်ခဲ့သလို 'မေအောင်' ရဲ့အလုပ်ကိုင်နဲ့ အမွေအနှစ်ကလည်း
ငါလိုကလေးတစ်ယောက်အမေ မုဆိုးမမပြောနဲ့ အပျိုစင်တွေ
တောင်မက်လောက်တာပဲ... ငါကံကောင်းလို့ သူ့ကိုရအောင်ယူ
နိုင်ခဲ့တာပေါ့... ဦးနှောက်ကောင်းတဲ့ ငါ့လိုမိန်းမကို ဘယ်သူမှ
လွယ်လွယ်တော့ တွက်လို့မရပါဘူးနော်"

"အမေရာ... အမဲ့ယောကျ်ားကို စိတ်နဲ့တောင်မပြစ်မှားပါ
ပါဘူး... ဒီစကားတွေပြောရတာ အောက်တန်းအရမ်းကျတာပဲ"

"ညည်းကစိတ်မဝင်စားပေမယ့် သူက ညည်းအတွက်
တော့ သူစိမ်းယောကျ်ားတစ်ယောက်ပဲလေ... သိပ်တော့စိတ်ချရ



မရဘူးပေါ့"

"ဒါဆိုလည်း လကုန်ရင် ဟိုမှာပဲ အလုပ်သွားလုပ်လိုက်
တော့မယ်"

"အဲဒီက ဝေးလွန်းတယ်အေ... ရန်ကုန်မှာပဲရှာစမ်းပါ"

"ရန်ကုန်မှာဆို 'ဦးအောင်' တကောက်ကောက်လိုက်နေ
မှာပေါ့"

"ဟင်... ညည်းစကားကတမျိုးကြီးပါလား... ညည်းကို
တကယ်ကြံနေလို့လား"

'မြလေး' က နည်းနည်းကို ပိုပြောခြင်း ဖြစ်သည်။
ဒါမှ ...

"ဒီတစ်ခေါက် မရိုးသားတာတော့အမှန်ပဲ... အခန်းဝကို
လည်း အမေမပါပဲ ခဏခဏရောက်လာတတ်တယ်... 'မြလေး'
တောင်ဝင်ရှုလည်ပြီလားလို့ တွေးနေမိတာ"

"ဘာဝင်ရှုလည်တာလဲ"

"အော်... အရင်တုန်းက 'မသီတာ' ကိုကြံဖို့ မေမေက
တစ်ချိန်လုံး 'လေးလေးခိုင်' ကို သင်ပေးမြှောက်ပေးနေခဲ့တာ
မဟုတ်လား.. အခု အမေ့သမီးကို 'မသီတာ' အစ်ကိုက ကြံစည်
နေပြီလေ"

www.burmeseclassic.com



'ဒေါ်မြမြတ်မူ' တစ်ယောက်ကို အံကိုတဂျစ်ဂျစ် ကြိတ်ရင်း...

"ကိုယ်လက်ခံမှဖြစ်တာပါအေ... 'သီတာ' ဆိုသူမ ကြိုက်တော့ သေတာသွားရော 'မင်းခိုင်' ကပ်လို့တောင် မရဘူး မဟုတ်လား... ဟိုကအပျိုနဲ့လူပျိုမို့ ငါကဖြစ်စေချင်လို့မြှောက်ပေးတာ... ညည်းနဲ့အဖြစ်ချင်းမတူဘဲ... ဘာမှဝင်ရှုပ်စရာ မလိုဘူး... မတော်မတရားကြံစည်လို့ကတော့ ငါ့မျက်နှာကို ထောက်နေစရာမလိုဘူး တစ်ခါထဲသာ အသေသတ်ပြစ်လိုက်"

"အမယ်လေး... 'မြလေး' သွေးထွက်အောင် ဘယ်သူ့ကိုမှ မလုပ်ရဲပါဘူးအမေရယ်"

"ဟင်... ညည်းစကားကဘာလဲ ကြံစည်ရင် လက်ခံမယ် သဘောလား"

"အမေနော်... 'မြလေး' ကို အပေါစားမှတ်လို့လား... တလောကလုံးယောကျ်ားတွေပေါလွန်းလို့... 'ကိုကျော်ဇေယျ' ဆိုရင် သူ့ဆီကိုလာစေချင်လွန်းလို့ လွမ်းဆွေးကျန်ရစ်ခဲ့တာ 'မြလေး' နဲ့တွေ့ဦးမယ်မှတ်ပြီး မန္တလေးအထိလိုက်လာသေးတာ"

"ဒါဆို မနေ့ညက ဖုန်းဆက်တာ သူထင်တယ်"

"ဟင်... မေမေဘာလို့ ခေါ်မပေးတာလဲ"





"ငါကိုင်တာမဟုတ်ဘူး... 'အောင်' ကိုင်တာ... ယောကျ်ားတစ်ယောက်ဆက်တာလို့ ပြောလို့ ပြန်ချခိုင်းလိုက်တာ"

"ဟာ... ဒုက္ခပါပဲ... အဲဒါ 'ကိုကျော်ဇေယျ' ပဲနေမှာ"

'မြလေး' က ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ဒိုတော့ မလိုပုံဖြင့် ပြောနေခြင်းဖြစ်သည်။

"'ကျော်ဇေယျ' က ဘယ်လိုပုံစံလဲ"

"ချောတယ်... ချောတယ်.. အရပ်အမြင့်ကြီးပဲ... ယိုးဒယားက နာမည်ကြီးမင်းသား 'ထုံချိုင်း' သိလား... သူ့ထက်တောင် ချောသေးတယ်"

"ဘယ်လိုလုပ်သိမှာလဲ... ယိုးဒယားမင်းသားကို"

"ဟာ.. အမေကလည်း ဗွီဒီယိုသီချင်းခွေထဲမှာ ပါတာလေ"

"မကြည့်မိပါဘူးအေ"

"မြန်မာပြည်က ရန်အောင်တို့... လွင်မိုးတို့လို သားသား နားနားပုံမျိုးပေါ့ အမေရာ... 'သက်မူ' ပြောမပြဘူးလား"

"ပြောတော့ပြောပါတယ်... ဘဝခပ်မြင့်မြင့်ဆိုလား... သူ့အဖိုးဆိုရင် အသက် (၁၀၀) သာရှိသွားတာ... တအားရိုင်းတာ

www.burmeseclassic.com



ပဲဆို မတူမတန်သလို ဆက်ဆံတယ်ဆို"

"'သက်မှု' သက်သက်မဲ့ပြောတာ... အဖိုးကြီးကို 'သက်မှု' က အရင်စော်ကားတာ... မေမေဆူမှာဆိုးလို့ အဖိုးကြီးပေးတဲ့ ပတ္တမြားလက်စွပ်ကို 'မြလေး' ချွတ်သိမ်းထားတာ... 'သက်မှု' တို့ ဖွားလေးပြောတာတော့ သိန်းချီတန်တယ်လို့ပြောတာပဲ"

"ဟုတ်လား... ပြစမ်းပါဦး"

'မြလေး' ပြသည့် လက်စွပ်ကိုအံ့သြသော မျက်လုံးများ ဖြင့်စိုက်ကြည့်ရင်း ...

"ဟုတ်ပါရဲ့... အရည်ကောင်းလိုက်တာနော်... တစ်ခါ ထဲတွေ့ဘူးတာနဲ့ ဒီလိုတန်ဖိုးရှိတဲ့ လက်စွပ်မျိုးကို လက်ဆောင် ပေးသတဲ့လား... ရက်ရောလှချည်လား... အရမ်းချမ်းသာတာ ပဲလား"

'မြလေး' က ခေတ်အဆက်ဆက်က ချမ်းသာလာခဲ့ ကြောင်း၊ ခြံကြီးမှာတမျှော်တခေါ်ကျယ်ဝန်းပြီး တိုက်ကြီးမှာ နန်းတော်ကြီးတစ်ခုလို ခမ်းနားလှကြောင်း၊ မြင်တွေ့ခဲ့သမျှ ကြားသိခဲ့သမျှကို ဖောက်သည်ချနေတော့သည်။

"အင်း... 'ခင်သက်မှု' က ညည်းအရမ်းချမ်းသာသွားမှာ ကို မနာလိုဖြစ်ပြီး မနီးစပ်အောင် တမင်ရန်လုပ်တာဖြစ်မှာပေါ့...



အဖိုးဖြစ်တဲ့ သူကတောင် ဧည့်သည်လာတာကို သိန်းချီလက် ဆောင်ပေးနိုင်သေးရင် မြစ်တစ်ယောက်ဖြစ်တဲ့ 'ကျော်ဇေယျ' မင်္ဂလာဆောင်ရင် ဘယ်လောက်လက်ဖွဲ့မယ်... ဘယ်လောက် အမွေတွေရမယ်ဆိုတာ တွေးကြည့်ရင်ကိုမနည်းဘူးအေ့... အင်း... ငါတို့သားအမိနှစ်ယောက်ကတော့ လင်ရကံကောင်းဖို့ ဇာတာပါ တယ်ထင်ပါရဲ့"

"အို... 'မြလေး' က 'ကိုကျော်ဇေယျ' ကို ယူဖို့အထိလည်း စိတ်မကူးသေးပါဘူး... ရထားပေါ်မှာ မေမေ့ကိုနှုတ်ဆက်ရင်း ဖြုတ်ကျမလိုဖြစ်လို့ သူကဖမ်းဆွဲပေးထားလို့ ကျေးဇူးတင်မိတာ ရယ်... မမျှော်လင့်ဘဲတောင်ပေါ်မှာ ပြန်ဆုံတွေ့ခွင့်ရတာရယ်... ပြီးတော့ 'မြလေး' ကိုယ်တိုင်အရင်ထဲက အဆောင်နေချင်တာ... အလုပ်ရှာနေတာ မေမေလည်းသိသားပဲ... တောင်ပေါ်မှာ 'ကိုကျော်ဇေယျ' နဲ့ ပြန်မတွေ့လည်း အလုပ်ကောင်းကောင်း ရရင်ဝင်လုပ်မှာပဲ"

"ခုတော့ ဘုရားလည်းဖူး လိပ်ဥလည်းတူးပေါ့ကွယ်"

'မြလေး' စိတ်ခုမိပါသည်။

မနေ့ကတော့ 'မြလေး' ကို အလုပ်မဝင်စေချင်၍ အဝေး ကြီးမှာမနေစေချင်၍ ဆူပူငေါက်ငန်းပြီး သေရင်တောင်မလာနှင့်

www.burmeseclassic.com



ဟု ပြောခဲ့ပြီးယခုတော့ သူ့ယောကျ်ားမူမမှန်သဖြင့် သူ့ယောကျ်ားနှင့် နီးစပ်မှာဆိုး၍ အဝေးကို သွားစေချင်နေတော့သည်။

အင်းလေ... 'ကမ္ဘာမီးလောင်သားကောင်ချနင်း' ဆိုတဲ့ စကားလည်းရှိသားပဲ။ လူဆိုတာ ပထမဦးဆုံးကိုယ့်ကိုယ်ကို အချစ်ဆုံး မဟုတ်ပါလား။





## ၁၄

" 'မ' သမီးဖုန်းစကားပြောနေတာ ကြာလှချည်လား မောင်သွားကိုင်လိုက်တိုင်း စကားပြောနေတာနဲ့ကြီးတိုးနေတာပဲ ပြီးတော့ယောကျ်ားသံနဲ့"

"သူ့ရည်းစားနေမှာပေါ့"

"သူ့မှာ ရည်းစားမှ မရှိတာ"

"ဟင်... အပျိုပဲ ရှိချင်ရှိမှာပေါ့... မောင်က တစ်နှစ်မှာ နှစ်လ၊ သုံးလလောက်အိမ်ပြန်ရောက်တာ... ခါတိုင်းလည်း သူဒီလိုပြောနေကြပဲ"

www.burmeseclassic.com



"ယောကျ်ားလေးတစ်ယောက်နဲ့ သည်လောက်အကြာကြီးစကားပြောနေတာကို 'မ' က ခွင့်ပြုထားတာပဲလား"

"မောင်ရယ်... တစ်နေ့ သူယူမယ့်ယောကျ်ားနောက် ကောက်ကောက်ပါအောင် လိုက်သွားရင်တောင် ခွင့်ပြုရမှာပဲ မဟုတ်လား ဒါနိယာမပဲလေ"

"'မြလေး' ယောကျ်ားယူပြီးရင်လည်း အိမ်မှာပဲ ခေါ်ထားပေါ့... မောင်ခရီးထွက်ရင် 'မ' လည်း အဖော်ရအောင်ပေါ့"

"နောက်နှစ်ခေါက်သွားပြီးရင် နားတော့မယ်ဆို"

"အိမ်အကျယ်ကြီးဆိုတော့ အဖော်ရတာပေါ့"

"သူ့ယောကျ်ားက လိုက်နေဦးမှကိုး... သူ့ကိုကြိုက်နေတဲ့ကောင်လေးက အရမ်းချမ်းသာတာတဲ့... ဘိုးဘေးဘီဘင်ထဲက ကျိကျိတက်ချမ်းသာတာတဲ့... အခုထိလည်း ချမ်းသာတုံးပဲ"

"'မ' က လူတစ်ယောက်ရဲ့ မေတ္တာကိုငွေနဲ့ပဲ ဆုံးဖြတ်တတ်တာကိုး... ကဲ... ရိုးရိုးသားသားချမ်းသာတာလား... မျိုးရိုးကောင်းသလား... စေ့စပ်ထားတဲ့လူရှိသလား... ချစ်သူရှိသလား... လူပျို၊ လူလွတ်လား... ပွေသလား ရှုပ်သလား... လောင်းကစားတတ်သလား... သောက်စားတတ်သလား... ဒါတွေတော့ မစုံစမ်းဘူးလား"





'မြတ်မူ' သိတာပေါ့၊ သူ သမီးကို တွန့်တိုနေမှန်း။

သူ့သမီးမဟုတ်သည့်အတွက် သူစိတ်ပူနေစရာမလို၊ ကန့်ကွက်နေစရာမလိုပါ။

'မြလေး' ကံကောင်းတာတော့အမှန်။

မန္တလေးသွားဖို့ နှစ်ရက်သာလိုတော့သဖြင့် ပစ္စည်းတွေ စိတ်ကူးရတိုင်း ဝယ်ထည့်၍မဆုံးတော့။

ထိုညတွင် ...

"ဟိုကိုလိုက်ပို့မှာလား 'မ'"

"မပို့တော့ပါဘူး... ဟိုမှာ ကြိုမယ့်သူရှိတယ်"

"အဲသလို မျက်နှာလွှဲခဲပြစ် မလုပ်နဲ့လေ 'မ' ရယ်... ကိုယ်တိုင်လိုက်ပို့တော့ 'မြလေး' ပိုမျက်နှာရှိတာပေါ့... 'မောင်' လည်း အားနေတာပဲ အလုပ်စခန်းအထိ လိုက်ပို့ပေးကြရအောင်"

ဒီလူဘာဖြစ်လို့ 'မြလေး'နောက်ကိုလိုက်ချင်နေတာလဲ။

မရိုးသားတာတော့ အမှန်ပါပဲ။

သို့သော် ကံကောင်းသွားသည်။

'မေအောင်' လိုက်ခွင့်မရပါ။

နောက်တစ်နေ့နံနက်တွင် 'မေအောင့်' ဘကြီးဆုံးသွားသောကြောင့် ကျန်ရစ်ခဲ့သည်။ ဒါတောင် မိမိကို အတင်းလိုက်ခိုင်း

www.burmeseclassic.com



သဖြင့် လက်မှတ်တစ်စောင်ထပ်ဝယ်ပြီးလိုက်ခဲ့ရသည်။ သားအမိနှစ်ယောက်ရထားတတွဲတည်း အတူစီးခွင့်မရတော့။ အသုဘကိစ္စ၊ ရက်လည်ကိစ္စပြီးလျှင် သူတောင်ပေါ်အထိ လိုက်ကြိုမည်ဆိုသဖြင့် 'မြမြတ်မူ' ဒေါ်သဖြစ်ရသေးသည်။

'မြလေးခန့်' ကို ဒင်း...ဝင်ချုပ်ကိုင်၊ ချုပ်ခြယ်စရာမလိုပါ။ ထို့ကြောင့် တောင်ပေါ်လိပ်စာမသိသော သူ့ကို မန္တလေးအိမ်တွင် ပြန်စောင့်နေလိုက်မည်။





"ဘာသဘောလည်း 'မ'... တောင်ပေါ်အထိမလိုက်စေချင်လို့ ဒီမှာ ပြန်ဆင်းစောင့်နေတဲ့သဘောလား"

သူ့အသံကမာလှချည်လား၊ မျက်နှာကလည်း ထန်လို့ပါလား။

"ရော... 'မောင်' က ထင်ရာစွတ်ပြောနေတော့တာပဲကိုး... 'မြလေး' တို့က ဟိုရောက်တာနဲ့ အလုပ်တန်းဝင်ရတာ... 'မ'က 'ဒေါ်ဝါနု' အိမ်မှာ 'မောင့်' ကို လေးငါးရက်ထိုင်စောင့်နေလို့ဖြစ်မလား... ဒါကြောင့်ကားကြုံရှိတုံး ပြန်ဆင်းခဲ့ရတာ...

www.burmeseclassic.com



စိတ်ပူစရာတော့ မရှိပါဘူး... နယ်ခံ 'ဒေါ်ဝါနု' ရဲ့ မြေးနှစ်ယောက် အဖြစ်နဲ့ အလုပ်ဝင်ကြတာလေ... စနေ၊ တနင်္ဂနွေဆို 'စိုးပွင့်' နဲ့ 'မြလေး' တို့ 'ဒေါ်ဝါနု' အိမ်မှာ ဆုံကြမှာ... သီတင်းကျွတ်ရင် ခွင့် (၁၀) ရက်ရမယ်တဲ့... အဲဒီတော့ ပြန်လာခဲ့မယ်တဲ့"

"အင်းပေါ့လေ... 'မြလေး' က ကိုယ့်သမီး... ကိုယ့်သွေးမှ မဟုတ်ပဲ... ကိုယ်ဘယ်ပိုင်ပါ့မလဲ... ဘယ်ပြောပိုင်ခွင့်ရှိပါ့မလဲ... 'မ' နဲ့ စတွေ့ခါစက 'မ' နဲ့စယူခါစက 'မြလေး' ကို သမီးအရင်းလေးလို ချစ်ပါ... ဂရုစိုက်ပါ တတွတ်တွတ်ပြောပြီး ဘွဲ့ရတဲ့အထိ ကိုယ့်ကို ကျွန်ခံခိုင်းပြီး အခုအရွယ်ရောက် အတောင်စုံလာတော့ ကိုယ်နဲ့ဘာမှ မဆိုင်သလို... ဘာပြောပြော ဘာအကြံပေးပေး လက်မခံတာကိုမြင်ရတော့ ကိုယ်ရှက်လည်းရှက်တယ်... ဝမ်းလည်းနည်းတယ်... ရယ်လည်းရယ်ချင်တယ်... ပတ်ဝန်းကျင်က ပြောသလိုကိုယ်ကတော့၊ အကြီးဖြစ်နေပါလားဆိုတာ တစ်နေ့တစ်ခြားသိလာတယ်... ဒီကနေ့ပိုပြီးသိရတယ်... ကိုယ့်ကြောင့် ကိုယ့်နှမလေးအဖြစ်ဆိုးနဲ့ ကြုံရတာကို ကိုယ်နောင်တရပြီးရင်ရနေတာ ကြာပါပြီ"

'မအောင်' ၏ အသံများက တုန်ခါနေသလို မျက်ရည်ဝဲနေကြောင်းလည်း တွေ့ရသည်။





မေးကြောကြီးများထောင်နေသည်အထိ သူရှက်နေပါသည်။ ခံပြင်းနေပါသည်။

ထိုအချိန်မှစ၍ 'မြမြတ်မူ' ကို မလိုအပ်လျှင် စကားမပြောသလို၊ ဆက်ဆံရေးလည်း တင်းမာသွားခဲ့ပါသည်။

သမီးနှင့် ငြိမှာဆိုး၍ သမီးကို အဝေးသို့မောင်းထုတ်ခဲ့ပြီးမှ သမီးကိုလည်းဆုံးရှုံးသွားသလို ခင်ပွန်းသည်ကလည်း ခပ်ခွာခွာ ခပ်စိမ်းစိမ်းလုပ်နေသဖြင့် 'မြမြတ်မူ' အထီးကျန်ခြင်းဝေဒနာ၊ အသဲကွဲခြင်းဝေဒနာတို့ကို ပူးတွဲခံစားနေရတော့သည်

ဤအခါက် မိန်းမနှင့် အေးအေးဆေးဆေး အနားယူမည်၊ ခြောက်လလောက်နားမည်ပြောထားပြီး ယခုနှစ်လမပြည့်ခင်ပင်ပြန်ဖို့ကြိုးစားနေကြောင်း သိလိုက်ရသဖြင့် ရှက်ခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် သိမ်ငယ်၍ နေပါတော့သည်။ နောက်ဆုံး မိမိကပင် အရှုံးပေးပြီး လိုက်ချော့ရတော့သည်။

" 'မောင်' "

"အင်း... ဘာပြောစရာရှိလို့လဲ"

တစ်ယောက်တစ်ခန်းစီ ပြောင်းအိပ်သည့်ဘဝကို ပ
ရောက် နေပြီဖြစ်သလိုအကြောင်းရှိ၍ အနားလာသည်ကို ပ
ကြိုက်သလို ကြီးပါလား။

www.burmeseclassic.com



"'မောင်' ဘာဖြစ်နေတာလဲ... အခုလည်း ပြန်ဖို့စီစဉ် နေတယ်ဆို"

"ဟုတ်တယ်"

"'မြလေး' ကို အဝေးမှာ အလုပ်လုပ်ခိုင်းတာနဲ့ 'မြလေး' ကို လိုက်ပို့ခွင့်... တွေ့ခွင့်မရတာနဲ့ ကိုယ့်မိန်းမ တစ်ယောက် လုံးကိုမခေါ်နိုင်၊ မပြောနိုင်ဖြစ်နေရသလား 'မောင်' ... ဒီကို ပြန်လာတုံးက 'မ' နဲ့အတူ ကြည်ကြည်နူးနူးအေးအေးဆေးဆေး နေချင်လို့ဆိုပြီးပြန်လာခဲ့ပြီး အခု...တစ်ခန်းထဲတောင် အတူမနေ ချင်လောက်အောင် 'မြမြတ်မူ' က ဘာအပြစ်တွေ လုပ်ထား လို့လဲ... 'မြလေးခန့်' က 'မ' ထက်ပိုအရေးပါနေတဲ့ သဘောလား"

'မြမြတ်မူ' အသံက ငိုသံပါသလို၊ စူးရှမာကြောနေ ပါသည်။

"ဟာ... သွားစမ်းပါကွာ... မင်းစိတ်နဲ့နှိုင်းပြောမနေစမ်း ပါနဲ့... မင်းသာလိုချင်တာရှိရင်ရအောင်ယူပြီး အကောက် ကြံတတ်တဲ့မိန်းမ... ငါ့ကိုမရခင်တုံးက ငါ့နှမကို ဖူးဖူးမှုတ်ပြီး ခေါင်းပေါ်တင်ထားတာ... ရပြီးတော့ ငါ့နှမဘဝကို နင်းချေပြီး တဲ့မိန်းမ... မင်းကြောင့်ငါသူ့အပေါ် စိမ်းကားမိခဲ့တယ်... ရိုင်းပြ ခဲ့တယ်... 'မယားပြောတော့တည' အချိုးမျိုး ချိုးခဲ့မိတယ်... အခု





မင်းလိုချင်တာတွေ အားလုံးရပြီမဟုတ်လား... မင်းကျေနပ် တော့... မင်းပဲ အားလုံးယူလိုက်တော့... ဒီတစ်ခေါက်သွားပြီးရင် ငါပြန်မလာဘူးသိလား"

'မေအောင်' က 'မြမြတ်မူ' ကို တွန်းထိုးပြစ်ပြီး ဒေါသ တကြီး၊ နာကြည်းစွာ ပြောနေခြင်းဖြစ်သည်။

'မြမြတ်မူ' ကလည်း 'မေအောင့်' ကို ထုရိုက်ရင်း...

"မင်း ဒီစကားမပြောနဲ့... မင်းမွှန်နေတုံးကတော့ ငါ့ အမျိုးမျိုးတားခဲ့ တောင်းပန်ခဲ့တဲ့ကြားက မရရအောင်ယူခဲ့တာ မဟုတ်လား... တစ်နေ့ဒီလိုအပြောခံရမှာဆိုးလို့ ငါမငြင်းခဲ့ဘူး လား... မင်းအမျိုးတွေ အဲဒီတုံးကလည်း သွေးထိုးတာပဲ... ဘာလို့ နားမထောင်တာလဲ... ဒီကနေ့ ဒီအချိန်ရောက်မှ သူများသွေးထိုး တာကို မင်းယုံသလား... 'မြလေး' နဲ့ပတ်သက်ပြီးမှ စိတ်ထား ပြောင်းတယ်ဆိုတာ အသိသာ ကြီးပဲ"

"ဟုတ်တယ်လေ... ကျုပ်နဲ့ပတ်သက်တဲ့အမွေ... ကျုပ် နှမနဲ့ ပတ်သက်တဲ့အမွေ... ခင်ဗျားအကုန်အပိုင်စီးချင်လို့ 'သီတာ့' ကို နည်းမျိုးစုံနဲ့ ညှင်းဆဲခဲ့တယ်... အခု ခင်ဗျားအားလုံး ပိုင်ပြီလေ... ကျေနပ်ပေါ့"

"နင်တစ်ယောက်ထဲ ဆိုးရွားတာလား... ငါ့မောင်ရော...

www.burmeseclassic.com



ငါ့ သားရော... မဆုံးရှုံးခဲ့ဘူးလား... နင့်နမတစ်ယောက်ထဲ ဆုံးရှုံးခဲ့တာလား... နင့်သားဆုံးရှုံးတာရော ထည့်မတွက်တော့ဘူးလား"

"ဆုံးရှုံးရတာတွေများလွန်းလို့ ကျုပ်အားလုံးကို အရှုံးပေးထားပြီ... ဒါပေမယ့်ခင်ဗျားမှတ်ထား... သားသေတာ နောက်မိန်းမထပ်ယူပြီး မွေးလို့ရတယ်... နမသေတာ အစားမရဘူးသိလား"

"ငါသိပါတယ်... မင်းကို မျက်စောင်းထိုးအိမ်က 'ဟန်ဝင်း' တို့သားအမိတွေ သွေးထိုးနေတာ မဟုတ်လား"

"အို... တစ်လမ်းလုံးဗျာ... တစ်ဆွေလုံး တစ်မျိုးလုံးဗျာ"

"ဘာလဲ... မင်းက ငါ့ကိုမပတ်သက်ချင်တော့ဘူးဆိုတဲ့သဘောလား"

"အရင်ကလည်း အတူမနေရတာခပ်များများပါဗျာ... ယူပြီးထဲက တစ်ခေါက်ပြန်လာတစ်မျိုး ပြဿနာတက်နဲ့ ပျော်ရတာကိုးမရှိသလောက်ပါပဲ... ခင်ဗျား သဘော်ပေါ်လိုက်လည်ပြီးလေချိုသွေးတဲ့အချိန်မှာတော့ ပျော်စရာကောင်းတယ်ထင်မိသား... ဒါပေမယ့် ကျုပ်ကမျက်နှာများတတ်တဲ့ လူမျိုးမဟုတ်တော့ တစ်လင်တစ်မယားစနစ်ပဲ ကျင့်သုံးပြီး နေခဲ့တဲ့ကောင်ပါ...





ဒီကိစ္စတွေမှာ ငတုံးငအမို့ခင်ဗျားဖမ်းလို့ရတာလည်း နေမှာပေါ့လေ"

"မင်းစကားတွေ သိပ်တစ်ဖက်သတ်ဆန်ပြီး သိပ်တရားလွန်နေပြီ 'အောင်' ချစ်နေတုံးက အပြစ်မမြင်ပဲ အခုမချစ်ချင်တော့တာနဲ့ အပြစ်တွေမြင်နေတာပေါ့လေ"

"ဟုတ်တယ်... ခင်ဗျားသိပ်လည်တယ်... သူများဆီကယူဖို့ဝန်မလေးသလောက်... ခင်ဗျားပစ္စည်းကိုကြတော့ထိမှာကြောက်လိုက်တာ"

"ဟင်... နင်ပြောပုံက ငါ့သမီးကို ကြည်ကြည်ဖြူဖြူမင်းလက်ထဲအပ်ရမယ့်ပုံပါလား... မင်း တကယ်ကြံစည်နေတာလား မင်းကိုအဲ့သလိုလူစားမျိုးလို့ ငါမထင်ဘူး... ထင်လည်းမထင်ပါရစေနဲ့... ငါချစ်တဲ့လူကို သမီးလက်ထဲမပြောနဲ့ တခြားဘယ်သူ့လက်ထဲမှ မထည့်နိုင်ဘူး"

"ဟား...ဟား...ဟား ကျုပ်အရင်ကလို ငတုံးငအမဟုတ်တော့ဘူး... ခင်ဗျားသင်ပေးလို့ ပညာတွေတတ်နေပြီ... အသက်ကြီးကြီးမိန်းမကို ယူပြီးပြီဆိုတော့ နောက်တစ်ခါယူရင် ခပ်ငယ်ငယ်ပဲ ယူဖို့စဉ်းစားထားတယ်"

"ဘာပြောတယ်... ဘာပြောတယ်... ယူကြည့်လေ...

www.burmeseclassic.com



သတ္တိရှိရင် ယူကြည့်လေ... နှစ်ယောက်လုံးကိုသတ်ပစ်မှာ"

"ဟား... ဟား... ဟား ရာဇဝတ်မှုလုပ်တာများ လွယ်လွယ်လေးထင်လို့လားဗျာ... အိမ်ကြီးစံဘဝက ထောင်နန်းစံဘဝရောက် သွားမှာပေါ့... ဒီအိမ်ရောင်းမယ်... တစ်ဝက်က 'သီတာ့' ဟာ... ကျန်တစ်ဝက်ထဲက ခင်ဗျားတစ်ဝက် ကျုပ်တစ်ဝက်ဆိုင်တယ်... ပြီးရင် ခင်ဗျားကိုကွာမယ်... နောက်ထပ်ငယ်ငယ်ချောချောလေးယူမယ်... ကျုပ်ပစ္စည်း... ကျုပ်နှမပစ္စည်းတွေမက်သေးတယ်ဆိုရင် ခင်ဗျားအမျိုးထဲက ကောင်မလေးတစ်ယောက်နဲ့ လော်ပေးလေ... ရုပ်က 'မြလေးခန့်' တို့လို ရုပ်မျိုး၊ အရွယ်ကလဲ"

"ခွေး... ခွေး.. တိရစ္ဆာန်... နင် အရမ်းပြောင်းလွဲသွားခဲ့တာပါပဲလား... နင် 'မေအောင်' အစစ်မှ ဟုတ်ရဲ့လား"

'မြမြတ်မူ'က 'မေအောင့်' ကို မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်ရင်း လက်ညှိုးငေါက်ငေါက်ထိုး၍ တုံတုံရီရီပြောနေခြင်းဖြစ်သည်။

"ဟား... ဟား... ဟား ခင်ဗျားပုံစံကြီးကို ကြည့်ရတာ အရူးမကြီးတစ်ယောက်လိုလို... အစိမ်းသရဲကပ်နေသလိုလို ကြောက်စရာကြီးပါလားဗျာ...ဧကန္တကျုပ်ဆီကမိထားတဲ့ဆေးဝါးတွေ ခင်ဗျားဆီကိုရောက်ကုန်ပြီထင်တယ်... ကျုပ်အရင်က





'မေအောင်'နဲ့ မတူတော့ဘူး ခင်ဗျားထင်ရင်တော့ ကျုပ် လူသစ်စိတ်သစ်ဖြစ် သွားတာလား... ဒါမှမဟုတ် ခင်ဗျားနဲ့ မယူခင်က စိတ်အခြေအနေကို ပြန်ရောက်သွားတာလား... မပြောတတ်ဘူးလေ... ကဲ... ကျုပ် သွားမယ်... ကျန်တဲ့အိမ်ကိစ္စ... ကွာရှင်းဖို့ကိစ္စတွေကို တရားရုံးကပဲ တဆင့်ဆက်သွယ်တော့မယ်"

"အို... မသွားပါနဲ့.... 'မ' တောင်းပန်ပါတယ်... ဒါ 'မောင့်' အိမ်ပဲ... 'မောင်' သွားစရာမလိုပါဘူး... 'မောင်' မနေစေချင်ရင် 'မ' ပဲ ဆင်းသွားပါ့မယ်"

ထိုစကားကြောင့် အခန်းဝရောက်နေသော 'မေအောင်' က ပြန်ဝင်လာပြီး ...

"တကယ်လား... ဒါဆိုလည်း ဆင်း... မတရားမလုပ်ပါဘူး မီးခံသေတ္တာထဲမှာရှိတဲ့ ငွေတွေရော... လက်ဝတ်လက်စားတွေရော ယူသွားနိုင်တယ်... ရသင့်ရထိုက်တာကိုလည်း ပို့ပေးမယ်"

တကယ်ဆင်းခိုင်းသောအခါ 'မြမြတ်မူ' ဝေခွဲမရသလို ဖြစ်နေသည်။

ဆင်းသွားပြီးလျှင် ပြန်ဝင်ဖို့မလွယ်၊ မီးခံသေတ္တာထဲမှ ပစ္စည်းများ တိတ်တဆိတ်ယူပြီး အိမ်ပေါ်မှ ဆင်းသွားသည်ဟု

www.burmeseclassic.com



သတင်းစာထဲထည့်ပြီး အကွက်ဆင်အရှက်ကွဲလျှင်ရော။

သူ့ကို ယုံ၍မရတော့ပါ။

"ကဲ... ဘယ်လိုလဲ 'ဒေါ်မြမြတ်မူ' ဆင်းမယ်ဆို... ဟား... ဟား... ဟား... ခင်ဗျားက မိန်းမလည်သိန်းကြွယ် စာရင်းထဲပါတဲ့ အမျိုးသမီးဆိုတာ ကျုပ်သိပါတယ်ဗျာ... ခင်ဗျား ဘယ်ဆင်းပါ့မလဲ... ကဲ... ကျုပ်ပဲသွားပါ့မယ်"

ပြောပြောဆိုဆို သားရေသေတ္တာငယ်ထဲ အဝတ်အစားလေးငါးစုံကောက်ထည့်သည်။ မှတ်ပုံတင်နှင့် အရေးကြီးသောစာရွက်စာတမ်းများ၊ မီးခံသေတ္တာထဲမှ ငါးသိန်းထုတ်နှစ်ထုတ်။

"မနက်ကြမှ သွားလေ... အခုမှောင်နေပြီ"

"မကြောက်ပါဘူးဗျာ"

သူမတစ်ယောက်တည်း မနေဝံ့၍ ပြောနေမှန်းသိပါသည်။ မိမိထွက်သွားသည်နှင့် သူမဖုန်းဆက်၍ အမျိုးတွေကိုခေါ်ပေလိမ့်မည်။

ထို့ကြောင့် သူမ မမြင်အောင် ဖုန်းကြိုးကို ဖြတ်ခဲ့ပါသည်။

ပြီးလျှင် မီးကြိုးဖြတ်ရပါဦးမည်။

ဟား... ဟား... ဟား သရဲမကြောက်တတ်သော





'မြမြတ်မူ' တစ်ယောက် ကိုယ့်အရိပ်ကိုယ်ပင် သရဲဟုထင်ပြီး လိပ်ပြာလွင့်နေမှာ မြင်ယောင်ပါသေးသည်။

www.burmeseclassic.com



## ၁၅

ယောကျ်ားလေးယာဉ်ကွင်း မရောက်ခင် နာရီပိုင်းအလိုတွင် ရုပ်ရှင်ရုံခါသလို ခါထားတတ်သလောက်၊ ယောကျ်ားခရီးထွက်ပြီး လေယာဉ်ပေါ်၊ ရထားပေါ်တက်သည်နှင့် ရှိသမျှအမျိုး အိမ်ပေါ်ပင့်ဖိတ်၍ အလှူကြီး၊ အတန်းကြီးပေး၍ သူဌေးမကြီးလုပ်နေတတ်သူ 'ဒေါ်မြမြတ်မှူ' တစ်ယောက် မျက်ရည်စက်လက်ဖြင့် ဖုန်းကောက်လှည့်ပါတော့သည်။

"ဟင်... ဖုန်းပျက်နေပါလား"

အပေါ်ထပ်တက် ဆက်မည်လုပ်ပြီးမှ ကြက်သီးထသလို





ဖြစ်ပြီး ဧည့်ခန်းထဲမှာပင် တုန်ရီစွာ ရပ်နေမိပါသည်။

"သူ.. ဖုန်းကြိုးကို ကပ်ကြေးနဲ့ ညှပ်သွားခဲ့တာပဲ... ယုတ်မာလိုက်တာ...'အောင်' ဘာဖြစ်လို့ ခုလိုစိတ်ထားပြောင်းလွဲသွားခဲ့တာပါလိမ့်... 'သီတာ' သေတာ (၄) နှစ်ကျော်ပြီပဲ... အရင်က ဘာမှမဖြစ်ခဲ့ပါဘူး... ဒီတစ်ခေါက် သူနာကြည်းသွားလောက်အောင် သွေးထိုးတဲ့လူတွေက ထိုးကြပြီထင်ပါရဲ့"

"ဟောတော့... မီး... မီးပျက်သွားပြီ... 'အောင်' ပဲဖျက်သွားတာထင်ပါရဲ့... ဘေးအိမ်... ရှေ့အိမ်တွေ အကုန်မီးလာနေတာပဲ... ရက်စက်လိုက်တာ 'အောင်' ရယ်... စိမ်းကားလိုက်တာ... 'အောင့်' အပေါ်မှာ 'မ' ဘာမှ မစော်ကားခဲ့ပါဘူး... အီး... ဟီး... ဟီး"

ကားမီးရောင်ကြောင့် ဧည့်ခန်းထဲသို့ အလင်းရောင်တန်းများ ဝင်လာချိန်တွင် 'မြမြတ်မှူ' ၏ ပြူးကျယ်တောက်ပြောင်နေသော မျက်လုံးအစုံနှင့် အခြားပြူးကျယ်တောက်ပြောင်နေသော မျက်လုံးနီနီကြီးတစ်စုံတို့ အကြည့်ချင်းဆုံသွားချိန်တွင် ထိုမျက်လုံးပိုင်ရှင်က သွားကြီးများဖြဲကာ တခွီးခွီးအော်ရင်း 'မြတ်မှူ' ကို ခုန်အုပ်ပါတော့သည်။

"အမယ်လေး... 'ရွှေဝါ' မဟုတ်လား... သွားစမ်း... ဖယ်

www.burmeseclassic.com



စမ်း အား... ကျွတ်...ကျွတ်... အသားတွေပွဲ့ကုန်ပြီထင်ပါရဲ့... သွား... သွား... ရှူး... ရှူး"

အိမ်တွင်အလုမွှေးထားသော အမွှေးရှည်ရှည်၊ ကြောင်ဝဝကြီးကလည်းမှောင်ထဲတွင် လန့်ပြီးခုန်အုပ်လိုက်ခြင်းဖြစ်သည်။

အိမ်ပေါ်ထက်တက်ပြီး ပိုက်ဆံအိတ်ပြေးယူချင်ပါသော်လည်းမတက်ရဲပါ။ ပိုက်ဆံမပါပဲ အပြင်ထွက်ဖို့မလွယ်၊ အင်း... ကားငှားစီးသွားပြီး အမျိုးအိမ်ကြမှ ပိုက်ဆံပေးလျှင်တော့ အဖြစ်သား။ အိမ်တံခါးကို သော့ခတ်ပြီးသွားမှဖြစ်မည်။

အပေါ်ထပ်တံခါးတွေ ပွင့်နေတာကတော့ ကိစ္စမရှိ၊ သံတိုင် တွေရှိနေတာပဲ။

အောက်ထပ်တံခါးကို သော့ခတ်ဖို့တော့လိုသည်။

အမြဲအိမ်စောင့်ထားပြီးမှ အပြင်ထွက်လေ့ရှိသဖြင့် သော့ခလောက် အလွယ်တကူမထားမိ။ တီဗွီစင်အောက်က အံဆွဲထဲမှာတော့ သော့တွဲတွေ၊ သော့ခလောက်တွေ အမြဲတွေ့နေရတတ်သဖြင့် တီဗွီရှိရာမှန်း၍ လျှောက်လာခဲ့မိသည်။

"အမယ်လေး... ဘယ်သူလဲ 'အောင်' လား"

တစ်စုံတစ်ယောက်နှင့် ဝင်တိုးမိသလို ဖြစ်သွားသဖြင့်



တွန်းထုတ်လိုက်ရင်း အသံတုန်တုန်ကြီးဖြင့် အော်လိုက်မိသည်။

"ဘယ်သူတုံး"

ထိုစဉ် ကားမီးရောင်ကြောင့် အလင်းရောင်ကိုမြင်ရစဉ်၊ တီဗွီအံဆွဲကို အမြန်ဆွဲဖွင့်သော့ကို အမြန်နှိုက်၍ရှာနေစဉ် မီးရောင်ကြောင့် တီဗွီမှန်သားပြင်တွင် အရိပ်တွေပြေးလွှားနေတာကို မြင်နေရပါသည်။

"ဟင်"

မှန်သားပြင်ထဲတွင် ဆံပင်ဖားလားနှင့် ဝတ်ရုံဖြူလွှလွှခြုံထားသော မိန်းမတစ်ယောက်လှစ်ကနဲ ဖြတ်သွားသည့်ပုံစံကို မြင်လိုက်ရသဖြင့်လန့်ပြီး ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေမိသည်။

အပေါ်ထပ်တက်သည့် လှေကားကွေ့ချိုးဆီလောက်တွင် မြင်နေရခြင်းဖြစ်၍ သော့ခလောက်ပင်ပြုတ်ကျခဲ့ပြီး 'မြတ်မူ' ဖရိုဖရဲ ထွက်ပြေးခဲ့ပါသည်။

အိမ်တံခါးမကြီးကိုဖွင့်နေစဉ် ကားမီးရောင်ကြောင့် ထိုဝတ်ရုံဖြူဆံပင်ဖားလားသဏ္ဌာန်မှာ တီဗွီနားကို ရောက်နေပြီဟုထင်လိုက်ရသဖြင့် ချွေးစီးတွေပြန်လာပြီး ကြောက်အားလန့်အားဖြင့် အပြင်တွန်းဖွင့်ရမည့်အစား အထဲကိုဆွဲဖွင့်နေမိခြင်းဖြစ်

www.burmeseclassic.com



သည်။

"အမယ်လေး"

တံခါးပွင့်သွားပြီး အပြင်ကိုထွက်နေစဉ်အတွင်းမှ မိမိ၏ အင်္ကျီခါးသားကို ဆွဲခြင်းခံရသဖြင့် ကြောက်အားလန့်အားအော်ရင်း အတင်းရုန်းထွက်လိုက်မိသည်။

ပြီးတော့ ခြံပြင်သို့ရှိသမျှခွန်အားဖြင့် ပြေးထွက်ခဲ့ပါတော့သည်။ ကြောက်လွန်းသဖြင့် ဘာပစ္စည်းမျှ မမက်တော့ပါ။ အိမ်ပေါ်ထပ်တက်ပြီး ဘာပစ္စည်းမျှမယူဝံ့ပါ။

ခြံပြင်ရောက်ပြီး အကြောက်ပြေသလိုဖြစ်လာပြန်တော့ အိမ်ပေါ်ထပ်ရှိအိပ်ခန်းတံခါးပေါင်းလောင်း၊ မီးခံသေတ္တာသော့၊ အဝတ်ဘီရိုသော့တွေ ဘာတစ်ခုမျှ မသိမ်းခဲ့ရသဖြင့် မှောင်ကျနေသော အိမ်ကြီးကိုပစ်ပြီး အဝေးကြီးသွားရမှာ စိတ်မချပြန်။

ရှေ့အိမ်၊ မျက်စောင်းထိုးအိမ်၊ ဘေးအိမ် (၂) ဘက်တို့တွင် အကူအညီတောင်းကြည့်ဘို့ ဆုံးဖြတ်မိသည်။

မိမိကိုဥ္စလမ်းထဲရှိ လူအတော်များများက အရောတဝင်မနေကြပါ။ အရင်ကတော့ အမျိုးတွေအားကိုးဖြင့် မည်သူမျှ မခေါ်လည်း ဂရုမစိုက်ပါ။

ခုတော့လမ်းထိပ်ကို ထွက်သွားလျှင်အိမ်ကြီးထဲ သူခိုးဝင်





မှာ စိုးရိမ်သဖြင့် ဘေးအိမ်များကို အောက်ကျခံပြီး ဖုန်းဆက်ခွင့်တောင်းဖို့ ကြိုးစားရတော့သည်။

"ကျေးဇူးပြုပြီး ဖုန်းခဏဆက်ခွင့်ပြုပါနော်... ကျွန်မတို့အိမ်မှာ တယ်လီဖုန်းလည်းပျက်... မီးလည်းပျက်နေလို့ပါ"

"ဖုန်းပျက်နေတယ်လို့ ပြောလိုက်ဟေ့"

အိမ်ထဲမှ လှမ်းပြောခိုင်းနေခြင်းဖြစ်သည်။

ဘယ်အိမ်မျှ အကူအညီတောင်းမရသဖြင့် နောက်ဆုံးလမ်းထိပ်ကို ရောက်ခဲ့တော့သည်။ ကိုယ်ပိုင်ခြံများနှင့် လမ်းသွယ်များဖြစ်၍ လမ်းမကြီးပေါ်ရောက်ဖို့နာရီဝက်ခန့် လျှောက်ရသေးသည်။ တချို့နေရာတွင် လမ်းမီးများကျွမ်းနေသဖြင့် မှောင်မဲနေသည်။ စိတ်ခြောက်ခြားအားငယ်နေ၍လားမသိ၊ နောက်မှတစ်ယောက်ယောက်လိုက်လာသည်ဟု ထင်မိပြီးမကြာခဏလှမ်းကြည့်မိသည်။ လှည့်ကြည့်လိုက်တိုင်း တစ်ယောက်ယောက်က သစ်ပင်များနောက်သို့ ပြေးပုန်းသလိုပုံစံမျိုး မြင်လိုက်ရစမြဲ။

ပထမခင်ပွန်းဖြစ်သူဟု ထင်မိသော်လည်း ဆံပင်ဖားလားနှင့် မိန်းမပုံသဏ္ဌာန်မျိုးဖြစ်နေသည်ဟုသာ မြင်ယောင်နေမိသည်။

လမ်းမကြီးပေါ်ရောက်မှ အားရှိလာပြီး တက္ကစီတစ်စီး

www.burmeseclassic.com



လက်ပြတားပြီး မြို့ထဲပို့ပေးရန်ပြောရသည်။

သို့သော်ကားဆရာက မြို့ထဲမမောင်းဘဲ ကန်တော်ကြီးဘက်မောင်းလာသဖြင့် ...

"မဟုတ်ဘူးလေ... ဟိုက်ဘက်ကိုချိုးရမှာမှားနေတယ်"

"ဟုတ်ကဲ့... ပြီးရင်ပြန်ချိုးပြီးပို့ပါ့မယ်... အခုလောလောဆယ်ဒီဘက်မှာ ကိစ္စလေးတစ်ခုရှိလို့ပါ"

ပြောပြောဆိုဆိုနှင့် လူပြတ်သည့်လမ်းကွေ့တွင် ကားကိုရပ်တန့်ပြီး ...

"ကဲ... အစ်မကြီး အသားမနာချင်ရင် ပါတာလေးတွေအကုန်ချွတ်ပေးပါနော်... ကောင်းကောင်းချွတ်မပေးရင် ဟောဒီမှာတွေ့လား... နားရွက်ပြတ်သွားမယ်... လက်ချောင်းပြတ်သွားမယ်... လည်ပင်းပြတ်သွားမယ်... အော်ရင်လျှာပါပြတ်သွားမယ်"

စောစောကအရိပ်ကို အကောင်ထင်ပြီးကြောက်ခဲ့ရပြီ။ ယခု အကောင်က တောင်းသည့်ပစ္စည်းမပေးလျှင် သတ်ပေတော့မည်။ ယနေ့သည် မိမိအတွက် ကံဆိုးမိုးမှောင်ကျသည့်နေ့ပါကလား။

နောက်ဆုံး အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ကားပေါ်မှ



တွန်းချခြင်းကို ခံခဲ့ရသဖြင့် လမ်းမကြီးပေါ်ပြန်လျှောက်ခဲ့ရပြီး ဆိုက်ကားတစ်စီးငှား၍ အစ်မဖြစ်သူ၏ အိမ်ကိုရောက်ခဲ့ရသည်။ (၁၂) နာရီပင် ထိုးလုပါပြီ။

"ဟယ် 'မြတ်မူ' ရယ်... နင်ဘယ်လိုဖြစ်လာတာလဲ"

"နောက်မှပဲပြောပြပါ့မယ်... အခုဆိုက်ကားဆရာကိုပိုက်ဆံပေးလိုက်ပါအုံး"

ညီမဖြစ်သူပြောပြသည့် စကားများကို နားထောင်ပြီးနောက် 'ဒေါ်တင်ထက်' က ခါးနှစ်ဖက်ထောက်၍ ...

"အောင်မာ... ဒီကောင်အတော် ပုံစံပြောင်းသွားတာပါကလား... ဒါမျိုးလုပ်လို့ဘယ်ရမလဲ... ငါ့ရှေ့မှာ ဒါမျိုးလာချိုးလို့ကတော့ ပါးတောင်ဆွဲတီးပြစ်လိုက်အုံးမယ်... ဒီညဒီမှာပဲအိပ်လိုက် မနက်ကြမှသွားကြမယ်"

"မဖြစ်ဘူးထင်တယ်... အိမ်က သော့ခတ်ခဲ့တာမဟုတ်ဘူး"

"ငါ့အိမ်မှာလည်း ကြီးကြီးနဲ့ငါပဲရှိတာ... ကျန်တာတွေဘုရားဖူးထွက်သွားကြတယ်လေ... ညည်းယောကျ်ားပြန်ရောက်တုံးမို့ လွတ်လို့ရတာ"

"ကြီးကြီးကိုပါခေါ်ခဲ့လိုက်လေ... ဒီအိမ်က သော့ခတ်ခဲ့

www.burmeseclassic.com



လို့ရသေးတယ်လေ... သိတဲ့အတိုင်း ဟိုမှာက ပစ္စည်းတွေအများကြီး"

'ဒေါ်တင်ထက်' သိပ်မလိုက်ချင်။ ခါတိုင်းသွားနေတုံးက လူ(၁၀) ယောက်ခန့်သွားနေကြတာ၊ ဒါတောင် ညအိပ်လျှင် 'ဒေါ်တင်ထက်' အလည်ကအိပ်တတ်သူ။ အပေါ့အပါးပင် ထမသွားတတ်။

'မြလေးခန့်' နှင့် 'မင်းနိုင်' တို့ တူဝရီးများက အစိမ်းသေ သေတာများသည့် အိမ်ဖြစ်၍ မကျွတ်ကြဘဲ မကြာခဏ အခြောက်ခံရသည်ဟု ပြောတတ်လွန်းသည့်အပြင် 'မြလေးခန့်' ကိုယ်တိုင် ဤအိမ်ကြီးတွင် မနေလိုသဖြင့် မိမိတို့ မြို့ထဲတိုက်ခန်းတွင် သွားနေလိုက်၊ သူငယ်ချင်းများအိမ်တွင် သွားနေလိုက်လုပ်ရာက ယခု တစ်မြို့တစ်ရွာတွင် သွားအလုပ်လုပ်နေပြီ။

ကြောက်လှပါသော်လည်း ညီမဖြစ်သူအဖြစ်ကို မကြည့်ရက်သဖြင့် ညသန်းခေါင်မှာပင် အိမ်ကြီးဆီသို့ရောက်ခဲ့ရသည်။

လက်နှိပ်ဓါတ်မီး၊ ဖရောင်းတိုင်တို့ဖြင့် စွန့်စွန့်စားစားဝင်ခဲ့ကြပြီး အသဲတလုပ်လုပ် ရင်တဖိုဖိုနှင့်ပင် အိမ်ပေါ်ထပ်သို့ ရောက်ခဲ့ကြသည်။ အရိပ်မြင်တိုင်း ကြောက်နေကြသဖြင့် ဘာလုပ်လုပ် ဘာကိုင်ကိုင် လိုတာထက်ပိုကြာနေကြသည်။





"အောင်မယ်လေးတော့... ဂွမ်း... ဂလုံး... ဂလုံး"

'ဒေါ်တင်ထက်' ခမြာ တံခါးရွက်ကြီး၏ တွန်းရိုက်ခြင်းကို ခံလိုက်ရသဖြင့် လက်ထဲမှ ဖရောင်းတိုင်ထွန်းထားသောဒန်ခွက် အရင်ပြုတ်ကျသွားပြီး လူလည်း မှောက်လျက်လဲကျသွားခဲ့သည်။

"ဟင်... မမ ဘာဖြစ်သွားသေးလဲ... ဒုက္ခပါပဲ... ဘယ်လိုဖြစ်တာလဲ"

"တံခါးနဲ့ အတင်းရိုက်ထည့်လိုက်သလိုပဲ... လေလည်းမတိုက်ဘဲနဲ့ တံခါးက ဘာလို့ရွေ့ရတာလဲ... ဒါမရိုးသားဘူး... ငါစိတ်တိုလာပြီနော်... လူပဲဖြစ်ဖြစ်... အစိမ်းပဲဖြစ်ဖြစ် သတ္တိရှိရင်ထွက်ခဲ့ဟေ့... နပန်းလုံးပြစ်လိုက်မယ်... ဟွန်း... ဟွန်း... ဟွန်း"

'ဒေါ်တင်ထက်' ကြောက်ဖြီး ဖြီးလေပြီ။

အစ်မဖြစ်သူကို ဓါတ်မီးနှင့် ထိုးကြည့်နေသော 'မြတ်မူ' မှာ အစ်မ၏ မျက်လုံးပြူးကြီးဖြင့် နတ်ပူးသလို အော်ဟစ်နေသောပုံစံကြီးကိုကြည့်ပြီး ကြောက်လွန်းသဖြင့် သေးများပင်ထွက်ကြကုန်ပါတော့သည်။

ညီအစ်မနှစ်ယောက်နှင့် ကြီးဒေါ်ဖြစ်သူတို့ သုံးယောက်

www.burmeseclassic.com



ပေါင်းပြီး ဘုရာခန်းထဲတွင် ခြင်ထောင်တစ်လုံးတည်းထောင်၍ စုအိပ်ကြပါသည်။

အိပ်ချိန်ကလည်း သိပ်မရှိတော့ပါ။

ကြောက်လွန်း၍ အိပ်၍လည်း မပျော်ပါ။

ထို့ကြောင့် တံခါးဖွင့်သံ ပိတ်သံတွေကြားလို့ကြား၊ လှေကားထစ်တွင်အဆင်းအတက်လုပ်သည့် အသံများကြားလို့ကြား။

ပစ္စည်းပစ္စယ ပြုတ်ကျသံများ ကြားလိုကြားသည့်အပြင် ...

ကြမ်းပြင်ကို ရပ်တိုက်လမ်းလျှောက်သံများလည်း ကြားနေရသလိုပါပဲ။

မိုးစင်စင်လင်းမှ ခြင်ထောင်ထဲမှ ထွက်ဝံ့ကြသည်။

ဒါတောင် တစ်ဦးတစ်ယောက်စီခွဲ၍ ဘယ်ကိုမျှ ဝေးဝေးမသွားဝံ့။ ကိုယ့်နောက်ကျောကိုယ်မလုံသဖြင့် ပြန်လှည့်ကြည့်နေတာနှင့် အချိန်ကုန်နေပါသည်။

"ဟင်... တီဗွီတွေ.. ကက်ဆက်တွေ မရှိတော့ပါလား... မှန် ဘီရိုထဲက ငွေထည်ပစ္စည်းတွေလည်း မရှိတော့ပါလား... ဒုက္ခပါပဲ 'မမတင်' ရယ်... တော်ကြာ 'မြတ်မူ' ရောင်းစားတယ်ထင်ရင်တော့ ဒုက္ခပါပဲ"



"ဒါ မရိုးသားဘူး... ငါတို့ညက ပြန်ရောက်တုန်းက ရှိသေးတာပဲ... ငါတို့ အပေါ်ထပ်တက်အိပ်မှ ဝင်ယူသွားတာဖြစ်မှာ... ညည်း ဒီအိမ်မှာ မရှိတဲ့အချိန် အိမ်ကြီးထဲ လူဝင်နေတာပဲဖြစ်မယ်... ငါ ထင်တယ် မဟုတ်မှလွဲရော ညည်းယောကျ်ားလက်ချက်လည်း ဖြစ်နိုင်တယ်"

"သူ ဘာဝင်ခိုးစရာလိုလဲ... သူပိုင်တဲ့ပစ္စည်းပဲ... တခြားသူစိမ်းတွေပဲဖြစ်မှာပါ... မဟုတ်မှလွဲရော... ဒီဘေးအိမ်တွေကများဖြစ်မလားမသိဘူး... 'မြတ်မူ' တယ်လီဖုန်းဆက်ချင်လို့ သွားတောင်းပန်သေးတယ်... 'မြတ်မူ' အိမ်မှာ မရှိတာကိုလည်း အဲဒီ (၂) အိမ်ကပဲသိတာ... အိမ်ရှင်တွေ မခိုးရင်တောင် သူတို့အိမ်မှာခိုင်းထားတဲ့ အလုပ်သမားတွေခိုးတာပဲနေမှာ... ဘာပဲဖြစ်ဖြစ် ရက်ကွက်ရုံးကို သွားအကြောင်းကြားမှဖြစ်မယ်"

"အေး... ကောင်းတယ်... ကောင်းတယ်"

ရပ်ကွက်ရုံးမှ ပြန်လာပြီးသောအခါ အိပ်ခန်းထဲရှိအဝတ်ဘီရိုကိုဖွင့်လိုက်သောအခါ ရင်ဝကို စောင့်ကန်ခြင်းခံလိုက်ရသလို ခံစားလိုက်ရပါတော့သည်။

ဘီရိုကို မိမိကိုယ်တိုင် သော့ဖွင့်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘီရိုထဲတွင် ဘာပစ္စည်းမျှ မရှိတော့။

www.burmeseclassic.com



ကံကောင်းတာက မီးခံသေတ္တာသော့ကို တွေ့မသွား သဖြင့်ညတွင်းချင်းသော့တူနှင့် ဖွင့်ချိန်မရ၍ထင်သည်။ လက် ဝတ်လက်စားနှင့် ငွေသားအချို့ မပျောက်မရှ ရှိနေသည်။

"အင်း... ဒါဆိုရင်တော့ 'မေအောင်' မဟုတ်တာ သေချာ တယ်... သူဆိုရင် ဘာကိစ္စ အဝတ်အစားတွေယူမလဲ... မီးခံ သေတ္တာသော့ထားတဲ့နေရာလည်း သူသိနေတာပဲ"

ညီအစ်မနှစ်ယောက် ငိုင်တွေနေစဉ် ရပ်ကွက်လူကြီးများ နှင့် ရဲများရောက်လာသဖြင့် ညကအဖြစ်အပျက်နှင့် ပစ္စည်းများ ပျောက်သည့် အကြောင်းကို တိုင်ချက်ဖွင့်လိုက်ရတော့သည်။





၁၆

စနေ၊ တနင်္ဂနွေဖြစ်၍ 'စုံပွင့်' ခွင့် (၂) ရက်ရသ ဖြင့်ဖွားလေးထံ ပြန်ခဲ့သည်။

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား မြေးရဲ့"

"ပြေပါတယ် ဖွားလေး... ကလေးတွေဆိုတော့ အာ ပေါက်အောင်ပြောရတာ မောတော့မောတာပေါ့... သူတို့က ခွင့် (၂) ရက်ကိုတောင် တတ်နိုင်ရင် မယူစေချင်ဘူး... အိုဗာတိုင်ဆဲင်း စေချင်တယ်... အဲဒီ (၂) ရက်အတွက် သတ်သတ် အပိုကြေးပေး မယ်တဲ့လေ"

www.burmeseclassic.com



"ဘယ်လောက်ပေးမှာတဲ့လဲ"

"တစ်ရက်တစ်ထောင်တဲ့... ကလေးတွေကို အပျင်းပြေ လျှောက်လည်ပေးရမှာတို့... ပုံပြောတာတို့... ဗဟုသုတရတဲ့ဇာတ်လမ်းမျိုးတွေ ဖတ်ပြရမယ်... ပြောပြရမယ်... အင်္ဂလိပ်ကားတွေကို မြန်မာလိုနားလည်အောင် ပြောပြပေးရမယ်တဲ့လေ"

"အင်း... ဒီမှာလာနေလည်း ပျင်းနေမယ့်အတူတူ ပိုက်ဆံလည်းရ... အပျင်းလည်း ပြေအောင် ခွင့်မယူချင်လည်းနေလေ... တစ်လနှစ်ရက်လောက်ပဲ နားချင်နားပေါ့"

"ပိုက်ဆံတော့ လိုချင်ပါရဲ့... ဒါပေမယ့် ကလေးတွေ ဒဏ်ခံရတာ နှစ်ရက်သက်သာလည်း မနည်းဘူး ဖွားလေးရဲ့... ဒါနဲ့ 'မြလေး' ရဲ့အမေ ဒီမှာ ဘယ်နှစ်ရက်နေသွားသေးလဲ"

"နောက်တစ်ရက် ကားကြုံနဲ့ ချက်ခြင်းပြန်သွားတာပဲ... သူ့အမေက 'ကျော်ဇေယျ' နဲ့တွေ့ချင်လို့ လိုက်လာပုံရတယ်... 'ကျော်ဇေယျ' ခရီးထွက်နေလို့ ချက်ခြင်းပြန်သွားပုံရတယ်... ဒါနဲ့ 'ကျော်ဇေယျ' ပြန်ရောက်ပြီလား"

"မသိဘူးလေ... 'စုံပွင့်' က ငါးမိုင်စခန်းမှာရှိတဲ့ ကာဖီခြံထဲက မိသားစုဆီမှာ သွားနေရတာ"

"သဘောကောင်းကြရဲ့လား... အစားအသောက်ရော



အဆင်ပြေရဲ့လား... လုံခြုံမှုရောရှိရဲ့လား"

"လုံခြုံပါတယ်... ပိုင်ရှင်မိသားစုအပြင် အလုပ်သမားမိသားစုတွေပါ အိမ်တန်းလျားအရှည်ကြီးတွေနဲ့ နေကြတာလေ... စစ်သားတွေနေတဲ့ ဘားတိုက်လိုပေါ့... လုပ်ငန်းရှင်နေတဲ့ တန်းလျားကတော့ အုပ်နဲ့လုပ်ထားတာလေ... အိမ်သာ.. ရေချိုးခန်းပါ ထည့်လုပ်ထားတော့ ပိုအဆင်ပြေသွားတာပေါ့... 'စုံပွင့်' ကို ဆယ်ပေပတ်လည် အခန်းသီးသန့်ပေးထားတယ်... အလုပ်ရှင်ရဲ့ သားသမီးနှစ်ယောက်အပြင် အလုပ်သမားတွေရဲ့ ကလေးငါးယောက်လည်းလာသင်တယ်... သူတို့ဆီက တစ်လငါးရာရမယ်"

" 'မြလေးခန့်' ကြတော့ရော... ဘယ်မှာသွားပြရတာလဲ"

"သူက သုံးမိုင်က ခြံမှာထင်တယ်... 'ကိုကျော်ဇေယျ' ခရီးထွက်စရာရှိလို့ ခဏစီစဉ်ပေးသွားခဲ့တာလို့ လက်ဘက်ရည်ဆိုင်ကပြောပြပြီး လိုက်ပို့ပေးတာ... 'စုံပွင့်' တို့ မကြိုက်ရင် နောက်ထပ် အလုပ်ခန့်မယ့် လုပ်ငန်းရှင်တွေရှိသေးတယ်... လောလောဆယ် အစမ်းသဘောပေါ့... မကြိုက်ရင် နောက်တစ်နေရာပြောင်းပြီးရင်တော့ စာချုပ်အတိုင်းပေါ့"

"အင်း... မဆိုးပါဘူးအေ... လခလည်းကောင်းကောင်းရ

www.burmeseclassic.com



သေးတယ်… အောက်ဆိုက်လည်းရှိတယ်… နေရထိုင်ရစားရ သောက်ရတာလည်း အဆင်ပြေတယ်ဆိုတော့”

“ဒါပေမယ့် အနေအထိုင်မတတ်ရင်တော့ ခြေဆော့လက်ဆော့လုပ်ချင်တဲ့ လုပ်ငန်းရှင်ရဲ့ ဆွေမျိုးသားချင်း တူ သားတွေ ရှယ်ယာဝင်တွေလည်း ရှိတာပေါ့… စာသင်ရင် လာထိုင်ကြည့်နေကြတာ… အလုပ်အားတာနဲ့ စကားပြောချင်လို့ အရောဝင်ချင်လို့ ချောင်းနေကြတာ… ‘မြလေးခန့်’ ဆိုရင်တော့ ပိုဆိုးမှာပေါ့… သူက အရမ်း ချောတာဆိုတော့”

“ကောင်မလေးကို ကြည့်ရတာ ‘ကျော်ဇေယျ’ နဲ့ နီးစပ်ချင်လို့ ဒီမှာအလုပ်လာလုပ်တာထင်တယ်… သူ့အမေပုံစံကလည်း ‘ကျော်ဇေယျ’ ကို တွေ့ချင်လို့ လိုက်လာပုံရတယ်… ခရီးထွက်နေတယ်လည်း ပြောရော… ချက်ခြင်းကောက်ပြန်တော့တာ… လွန်ခဲ့တဲ့ သုံးလေးရက်လောက်က ကြားတဲ့သတင်းအတိုင်းဆို ‘ကျော်ဇေယျ’ ဟာ လူပျိုမဟုတ်ဖူးဆိုပဲ”

“ဟင်… ဖွားလေး ဘယ်ကကြားထားတာလဲ”

“ ‘မောင်လွန်း’ ကြားလာတာ… ရွာမြောက်ဘက်က ‘စံထွန်း’ ရဲ့အလုပ်ရှင်က ‘ကျော်ဇေယျ’ ရဲ့သူငယ်ချင်းလေ… တက္ကသိုလ်မှာ ဘွဲ့အတူတူရခဲ့ကြတာ… ‘ကျော်ဇေယျ’ မှာ ရည်း





စားရှိပေမယ့် သူ့ အိမ်က အတင်းခွဲပြီး နိုင်ငံခြားကို ပို့လိုက်တာတဲ့… ကောင်မလေးက ချစ်လွန်းအားကြီးလို့ နိုင်ငံခြားအထိ လိုက်သွားပြီး ဟိုမှာ တိတ်တိတ်လေး လက်ထပ်ပြီး အတူတူနေကြတာတဲ့”

“ဟုတ်လား… ‘မြလေး’ သိရင်တော့ အံ့ဩသွားမှာပဲ… စိတ်မကောင်းလည်း ဖြစ်သွားမှာပဲ… ရှက်လည်း ရှက်သွားမှာပဲ… သူက အရမ်းစွဲလမ်းနေတာ”

ညနေစောင်းသည်အထိ ‘မြလေး’ ပေါ်မလာသဖြင့် ‘စုံပွင့်’ စိတ်တိုနေသည်။

“ကြည့်ရတာ အလုပ်ရှင်တွေပဲ မလွှတ်တာလား အောက်ဆိုက်ရလို့များ ပြန်မလာတာလား… ဒီမှာပြောစရာရှိလို့ စောင့်နေတာကိုကွာ… မနက်ဖြန်မနက်မှ ရောက်မလာရင် ရထားလုံးနဲ့ လိုက်သွားမယ်”

နောက်တစ်နေ့ နံနက် (၁၁) နာရီတွင် ‘စုံပွင့်’ သုံးမိုင်ခရီးကို ထွက်ခဲ့ပါသည်။

ဟိုရောက်တော့ ‘မြလေး’ ဖျားနေကြောင်းတွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားမိသည်။

“အတော်လေး ပိန်ကျသွားတာပဲ… ဘယ်လိုဖြစ်တာ

www.burmeseclassic.com



လဲ… အအေးမိတာထင်တယ်”

“ဟုတ်တယ်… ကိုယ်ထိန်းရတဲ့ ကလေးတွေက ရေခဏခဏ ချိုးနေကြတယ်လေ… အငယ်လေးတွေကြတော့ ကိုယ်တိုင်ရေချိုးပေးရတာ… ပြီးတော့ ကိုယ့်နေတဲ့အခန်းက နေရောင်မရဘူး… ရေချိုးပြီးပြန်လာရင် အချမ်းတက်ချင်သလို ဖြစ်နေတာ”

“ဟင်… ဘာဆိုင်လို့ ရေချိုးပေးရတာလဲ… မင်းက ကလေးထိန်းမှ မဟုတ်တာ”

“ကိုယ့်အလုပ်ရှင်ကလည်း အားနာနေတာပါပဲ… လောလောဆယ် ကလေးထိန်းရှာမရသေးလို့ အကူအညီတောင်းရှာတာပါ… သူတို့ လင်မယားနှစ်ယောက်လုံးက လုပ်ငန်းထဲ နှစ်ယောက်လုံးဝင်ရတာ… လူခွဲသိပ်မရှိဘူး… လုပ်ငန်းထဲ ငွေတွေအများကြီး မြှုပ်နေလို့ ငွေလည်း သိပ်မလည်ဘူးထင်ပါရဲ့… ‘မြလေး’က သူတို့ ကို ပြန်သနားနေရပြီး မီးဖိုထဲလည်း ဝင်ကူရ… အိမ်ကိစ္စတွေလည်း အမြင်မတော်တာကူရနဲ့ အားကို မအားရပါဘူး”

အော်… အလုပ်ဝင်တာခြင်း အတူတူ ‘စုံပွင့်’ကမှ ကံကောင်းပါသေးသည်။



“နင် အဆင်မပြေတာသိရင် ‘ကိုကျော်ဇေယျ’ ပြန်လာရင် နေရာ သစ်ထပ်ရှာခိုင်းလိုက်ပေါ့”

‘မြလေး’ ခေါင်းခါရင်း …

“သူ့ကိုလည်း ခဏခဏ အပူမပေးချင်ပါဘူးဟာ… ငါ ပိုက်ဆံလိုချင်လို့ ငါ့အိမ်မှာ မနေချင်လို့ ဒီမှာအလုပ်လာလုပ်တာပဲ… ဈေးများမနေချင်ပါဘူး… ပင်ပန်းဒဏ်ကို ငါခံနိုင်တယ်… သဘောလည်း ကောင်းကြပါတယ်… ဒါပေမယ့် အလုပ်ရှင် အမျိုးသားက လက်ရဲ ဇက်ရဲ သိပ်နိုင်တယ်… သူ့မိန်းမကို အလုပ်ထဲမှာထားခဲ့ပြီး အိမ်ကို ပြန် ပြန်လာပြီး ငါ့ကို ပယောပယ သိပ်လုပ်လွန်းတယ်… သားပြော မယားပြောတွေပြောလွန်းတယ်… လက်ရဲဇက်ရဲနဲ့ စကားပြောရင် လက်မောင်းကိုဆွဲလိုက်… ကျောကုန်းကိုပုတ်လိုက်နဲ့… ကြာကြာနေရင် ငါ့ကိုဆွဲလား လွဲလားလုပ်မှာတောင် ကြောက်လာတယ်”

“ဟာ… ဒါဆိုရင် နင့်အတွက် မလုံခြုံဘူးဘဲ… တခြားတနေရာသာ ပြောင်းလိုက်ပါဟာ”

“တော်ပါပြီဟာ… ငါ တစ်လလောက်တော့ အောင့်အီးပြီးလုပ်မယ်… လခထုတ်ပြီးရင် ပြန်တော့မယ်”

“ဟင်… ဘာဖြစ်လို့လဲ… တခြားမှာ ပြောင်းလုပ်ရင်

www.burmeseclassic.com



ကောင်းချင်ကောင်းမှာပါ... စိတ်ရှည်ရှည်ထားလေဟာ"

"'ကိုကျော်ဇေယျ' တကယ်လို့ ရောက်လာရင် ဆွဲလား လွဲလားလုပ်တာတွေ ဘာတွေ သွားမပြောနဲ့ဦးနော်... တော်ကြာ သူများတွေသိပြီး ငါ့ကို အထင်သေးသွားမှာကြောက်သလို... သူ့ မိန်းမသိသွားရင်လည်း မကောင်းဘူးလေ... သူ့ယောကျ်ားကို သိပ်ချစ်ပြီး သိပ်အထင်ကြီးတာ... အဲဒီလူကလည်း ကွယ်ရာမှာ သာ လက်ကမြင်းချင်တာ... လူရှေ့ သူရှေ့ဆိုရင် တကယ့်ဝါ တော်ရပုဂ္ဂိုလ်ကြီးလား အောက်မေ့ရတာ"

"အေးပါ... 'ကိုကျော်ဇေယျ' လည်း လမကုန်ခင်တော့ ပြန်လာမှာပါ"

"တကယ်တော့ ဒီအလုပ်လာလုပ်တာ သူ့ကို အားကိုးပြီး လာလုပ်တာမှ မဟုတ်ဘဲ... လက်ဘက်ရည်ဆိုင်က ကြော်ငြ လေးတွေ့လို့ အလုပ်လည်း တကယ်လုပ်ချင်လို့ အိမ်မှာမနေရပြီ ရော... အိမ်နဲ့ဝေးရင်ပြီးရောဆိုပြီး လုပ်ခဲ့တာပဲ... သူပြန်မလာ လည်း 'မြလေး' ပြန်တော့မယ်... ဟိုမှာပဲ လခနည်းချင်လည် နည်းပစေတော့ သွားလုပ်တော့မယ်"

"ဧကန္တ... 'မြလေး' ဟိုသတင်းကြားပြီးလို့ ထင်တယ်"

"ဟင်... ဘာသတင်းလဲ"





"'ကိုကျော်ဇေယျ' သတင်းလေ"

"သူ ဘာဖြစ်လို့လဲ"

"သူ လူပျိုမဟုတ်ဘူးဆိုတာလေ"

"ဟင်... ဘာဆိုင်လို့လဲ... သူလူပျိုမဟုတ်တာနဲ့ 'မြလေး' ဒီမှာ အလုပ်မလုပ်ချင်တာနဲ့ ဘာဆိုင်လို့လဲ... သူနဲ့ 'မြလေး' နဲ့ဘာဆိုင်လို့လဲ... 'စုံပွင့်' ကပါ အထင်သေးနေတာကိုး"

"ဟာ... မဟုတ်ပါဘူး... 'မြလေး' ဆီကို ဒီသတင်းထူး ကြားလို့ ကိုယ်လာပြောတ... ကိုယ်တို့ လူလွတ်တစ်ယောက်လို့ ထင်ပြီး 'မြလေးခန့်' နဲ့ သဘောတူနေတာ... နီးစပ်စေချင်တာ... နှစ်ယောက်လုံး ရုပ်တွေချောပြီး ဖြူသန့်နေကြလို့ သိပ်အတွဲညီမှာ ပဲ... ပြီးတော့ 'ကိုကျော်ဇေယျ' တို့က အရမ်းချမ်းသာတော့ မြလေး' တို့ယူဖြစ် သွားရင် 'စုံပွင့်' တို့လည်း အားကိုးလို့ ရတာ ပေါ့... ဒါပေမယ့် 'မြလေး'ကို ကောင်းစားစေချင်တာပဲရှိတယ်... ကွရောက်မှာကို မိန်းမသားချင်း ကိုယ်ချင်းစာပြီး မလိုလားဘူး လေ... ဒါကြောင့် သူ့ဘက်က လူပျိုပုံဖမ်းပြီး ချစ်ရေးဆိုလာရင် ငြင်းနိုင်အောင်လို့ ကိုယ်ကြိုသတိပေးဖို့ လာခဲ့တာ"

"ခက်တယ် 'စုံပွင့်' ရယ်... ဒီစကားတွေ သူကြားရင် တာင် ရှက်စရာကောင်းနေမှာ အမှန်ပဲ... မင်း... သိတဲ့အတိုင်း

www.burmeseclassic.com



သူနဲ့ကိုယ်နှစ်ယောက်တွဲပြီး နှစ်ကိုယ်ကြားတောင် စကားမပြော…ဖူးသေးပါဘူး"

"ဒါပေမယ့် သူကတော့ 'မြလေး' ကို စိတ်ဝင်စားနေတာ… အမှန်ပဲ… 'မြလေး' ပြန်သွားတုံးက သူမျက်စေ့မျက်နှာပျက်ဖြစ်… သွားတာကို ဖွားလေး မြင်လိုက်တယ်တဲ့… နောက်တစ်နေ့ မြ… လေး ရောက်လာတာပဲကြည့်"

"နဂိုတည်းက သူ နိုင်ငံခြားသွားပြီး ပစ္စည်းတွေ သယ်… ကိစ္စက ရှိပြီးသားပါကွာ"

"ကဲပါလေ… မိန်းမရှိတော့လည်း ပိုကောင်းတာပေါ့… ဘာမှ ပြန်စရာမလိုဘူး… ဘာမှ မဆိုင်တာပဲနော်"

'မြလေး' ပြန်ဖို့ ခက်ပြီပေါ့၊ ပြန်လျှင် လူပျိုမဟုတ်… စိတ် ခါတ်ကျပြီး ပြန်ပြေးပြီဟု ကွယ်ရာမှ လှောင်ကြအုံးမည်…

ပြန်ဖို့ကိစ္စ ရပ်တန့်လိုက်မိသည်။



## ၁၇

"ဟော… 'မောင်ကျော်ဇေယျ' ပါလား… ဘယ်…တုန်းကရောက်တုန်းကွဲ့"

"ညက မိုးချုပ်မှရောက်တယ် ဖွားလေး… ဒါက ဖွားလေး…အတွက်… ဒါက 'မြလေးခန့်' တို့နှစ်ယောက်အတွက်… ဒီနေ့ …တို့ပြန်ရောက်နေကြပြီမဟုတ်လား"

'မျက်လုံး' များက ရှာဖွေရင်း မေးခြင်းဖြစ်သည်။

"အရင် စနေ တနင်္ဂနွေက 'စုံပွင့်' ပြန်လာတယ်… 'မြ…လေးခန့်' တို့က အလုပ်များလို့ ပြန်မလာဖြစ်ဘူး… ဒီတစ်ပါတ် …ပွင့်' လည်း ပြန်မလာဘူးဟော့"

www.burmeseclassic.com



"ဒါဆို... ကျွန်တော်လိုက်သွားတွေ့လိုက်ဦးမယ်"

'ကျော်ဖေယျ'က 'မြလေး'အံ့သြစေချင်သဖြင့် ကားကို ခြံဝတွင်ရပ်ခဲ့ပြီး လက်ဆောင်ပစ္စည်းထုတ်ဖြင့် ရောက်ခဲ့ခြင်းဖြစ် သည်။

"ကိစ္စရှိရင် အပြင်မှာပဲရပ်စောင့်ပါ 'ဦးထွန်းမင်း'ကျွန်မ အဝတ်အစားလဲပြီး ဧည့်ခန်းကို ထွက်ခဲ့ပါ့မယ်"

ထိုစကားကြောင့် ဧည့်ခန်းဝ ရောက်နေသော 'ကျော်ဖေ ယျ'၏ ခြေလှမ်းများတန့်သွားခဲ့သည်။

'ဦးထွန်းမင်း' ကို မိမိတို့အားလုံး ရှိသေလေးစားကြ သည်။ အထင်ကြီးကြသည်။ ရိုးရိုးသားသားစကားပြောချင်၍ ဖြစ်ပါလိမ့်မည်။ ထိုအတွေးဖြင့် ဧည့်ခန်းထဲ မဝင်ဘဲ အောက်ပြန် ဆင်းခဲ့သည်။

"လွှတ်..နော်... လွှတ်... သည်လို အကြံမပက်စက်နဲ့... ရှင် လူကြီးလူကောင်းမဟုတ်ဘူးလား"

"ဒါက ကိုယ့်အိမ်တွင်းရေးလေ... ကိုယ့် ကိုယ်ရေးကိုပ တာလေ... မင်းလို နတ်သမီးလေးလို ပြုံးပျက်လှပနေတဲ့ မိန်းက လေး တစ်ယောက် ကိုယ့်လက်တကမ်းမှာ ရောက်နေတာ ကိုယ့် မဟုတ်ဘူး... တခြားယောကျ်ားတွေလည်း စိတ်ကစားမှာပဲ...





ဖောက်ပြန်မိမှာပဲ... ဘာသားနဲ့ထုထားတာမှတ်လို့ကွာ... ဒါပေ မယ့် ကိုယ် ကျောရယုံကြံတာ မဟုတ်ဘူး... မင်းကို အတည်တ ကျလက်ထပ်ယူမှာပါ"

"ရှင်... ခွေးစကားမပြောနဲ့... ကျွန်မ သူများအိမ်ထောင် ရေးကို ဘယ်တော့မှ မဖျက်ဆီးဘူး... နားလည်လား"

"သူ့ကိုလည်း ထိုက်သင့်သလောက် ပေးပြီးကွာရှင်းမှာ ပါ... ကိုယ့်မှာ မန္တလေးက တိုက်နဲ့ ရန်ကုန်ကတိုက်တွေရှိသေး တယ်... သိန်းထောင်ချီတန်တာတွေကြီးပဲ... အားလုံး 'မြလေး' နာမည်နဲ့လွှဲပေးမယ်"

—"ဒီမှာ 'ဦးထွန်းမင်း' 'မြလေး' ကို ငွေမက်တဲ့မိန်းမ မှတ် နေလား... 'မြလေး'နေတဲ့ ရန်ကုန်က တိုက်က သိန်းနှစ်ထောင် လောက်တန်တယ်... ဒါပေမယ့် 'မြလေး'အဲဒါတွေကို မမက်လို့ အဲဒီအိမ်မှာ မနေချင်လို့ ထွက်အလုပ်လုပ်တာပါ... အထူးသဖြင့် 'မြလေး'ယောကျ်ားယူရင် လူပျို.. လူလွတ်ကိုပဲယူမယ်... ငွေမက် ပြီး သူများအငယ်အနှောင်းလည်း အဖြစ်မခံဘူး... သူများလင် ကိုလည်း မလုဘူး... ယောကျ်ားတွေပေါလွန်းလို့ပါနော်"

"အေးပေါ့လေ... ကောင်းကောင်းမွန်မွန် တန်ဖိုးထားပြီး တောင်းဆိုနေတာကို လက်မခံရင် တန်ဖိုးမထားဘဲ တောင်းဆိုရ

www.burmeseclassic.com



တော့မှာပဲ"

"ရှင်နော်... ရှင်... ကျွန်မကို မထိနဲ့... ကျွန်မအသက်ပဲ အသေခံသွားမယ် သိရဲ့လား"

'မြလေး' အသံက ကြောက်ရွံ့သံ၊ စိုးရိမ်သံ၊ ငိုသံပင်ပါနေပြီ။

အခြေအနေမကောင်းသဖြင့် 'ကျော်ဇေယျ' မြွေမသေ တုတ်မကျိုးလေအောင် ခြံဝဆီသို့ အားကုန်ပြေးထွက်ခဲ့ပါသည်။ ဤမျှအချိန်လေးဖြင့်တော့ 'မြလေး' ဘဝ အညွန့်မကျိုးနိုင်ပါ။

ကားပေါ်အမြန်တက်၊ စက်နှိုးပြီး ခြံထဲပြန်မောင်းဝင်ခဲ့ပါသည်။

ကားပေါ်မှ ဆင်းလာသော 'ကျော်ဇေယျ' ကို 'ဦးထွန်းမင်း' က သွားကြားလေးထိုးရင်း ရယ်ကြဲကြဲဖြင့် ...

"ဟော... ဘယ်သူများလဲလို့ ညီလေးပြန်ရောက်လာပြီကိုး... ကိုကြီးလည်း ခုပဲထမင်းစားပြီးတယ်... မင်းရောစားသွားမလား... 'မြလေးခန့်' ကို ပြင်ခိုင်းလိုက်မယ်"

"မစားတော့ဘူး ကိုကြီး... 'မြလေးခန့်' ကို လာခေါ်တာ"

"ဟင်... ဘယ်သွားမှာမို့တုန်း"

"အော်... သူ့ကို ကျွန်တော်ပြန်မလာခင် ကိုကြီးတို့အိမ်မှာ



ပဲ စိတ်ချလို့ အလုပ်ဝင်ခိုင်းထားတာလေ... အခု ကျွန်တော်တို့ခြံထဲမှာ အလုပ်ခန့်ဖို့ လာခေါ်တာ"

'ဦးထွန်းမင်း' ရယ်သံဖြင့် ...

"မလုပ်ပါနဲ့ကွာ... လောလောဆယ် ငါတို့မှာ 'မြလေး' ကို အားကိုးနေရတာ... ကလေးတွေနဲ့လည်း ခင်နေပြီ... လူသစ်ရရင်တော့ ပြန်ပေးပါ့မယ်ကွာ"

"ကျွန်တော်နဲ့အတူ မန္တလေးက အလုပ်ဝင်ချင်တဲ့သူတွေ ကုန်ကားတစ်စီးအပြည့်ပါလာတယ်... 'မြလေးခန့်' နဲ့ 'စုံပွင့်' က 'အဘိုးဦးသူရိန်' ကိုယ်တိုင် နဂိုထဲက အလုပ်ခန့်ပြီးသားလေ... မယုံမေးကြည့်လေ... သူတို့နှစ်ယောက်ကို ပတ္တမြားလက်စွပ် တစ်ကွင်းစီတောင်ပေးထားတာ... လခက တစ်လငါးသောင်းပေးမှာ အဘိုးရဲ့ ရှေးဟောင်းပစ္စည်းတွေ ထိမ်းသိမ်းဖို့နဲ့... သူ့အတွေ့အကြုံတွေကို စာအုပ်တစ်အုပ်ဖြစ်အောင် လုပ်ချင်လို့တဲ့လေ"

"ဒါဆိုလည်း စောစောထဲက အဘိုးဆီပို့ရောပေါ့ကွာ... ငါတို့မှာ ကို့လို့ကန့်လန့်ဖြစ်ကုန်ပြီ"

"ကျွန်တော်မရှိတုန်း အဆင့်မပြေမှာစိုးလို့ပါ... အိမ်မှာကလည်း သိတဲ့အတိုင်း... ဂျိုကြိုးနားရွက်ပွဲတွေက ခပ်များများ... 'မြလေး' တို့ မနေတတ်မှာစိုးလို့ပါ... ကဲ 'မြလေး' ရေ"

www.burmeseclassic.com



"ဟုတ်ကဲ့... ရေချိုးနေလို့ပါ 'ကိုကျော်ဇေယျ'...ခဏလေး စောင့်ပါနော်"

'ဦးထွန်းမင်း'က္က နွေးမပျက်သလို၊ 'ကျော်ဇေယျ' ပညာသားပါသလို၊ 'မြလေးခန့်' ကလည်း သရုပ်ဆောင်အလွန်ကောင်းပါသည်။

သူ့ပစ္စည်းများ တစ်ခါတည်းထုတ်ပိုးသိမ်းဆည်းလာပြီးနောက်...

"'ဦးထွန်းမင်း' နဲ့ မမတို့လင်မယားကို ကျေးဇူးအများကြီးတင်ပါတယ်နော်"

လက်အုပ်လေးချီ၍ ဟန်မပျက်ပြောနေသော 'မြလေးခန့်' ကို 'ဦးထွန်းမင်း' က နှုတ်ခမ်းတစ်ဖက်တည်းစု၍ ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြရင်းကျန်ရစ်ခဲ့ပါသည်။

'မြလေး' မရောက်ဖူးသေးသည့် နေရာဆီမောင်းနေမှန်းသိသဖြင့် ...

"ငါးမိုင်က 'စုံပွင့်' ဆီကို သွားမလို့လား 'ကိုကျော်ဇေယျ'"

'ကျော်ဇေယျ' က 'မြလေး' ကို တစ်ချက်လှည့်ကြည့်ရင်း...

"အင်း... 'စုံပွင့်' ကိုပါ ဝင်ခေါ်မှာပါ... ဒါပေမယ့် သူ့ကို





မခေါ်ခင် ဆယ်မိုင်က စမ်းချောင်းနားက အကြော်ဆိုင်မှာ စကားပြောချင်တယ်... 'မြလေး' ခွင့်ပြုမယ်ဆိုရင်ပေါ့လေ"

'မြလေး' က ခပ်တည်တည်တစ်ချက်စိုက်ကြည့်ရင်း ...

"ခွင့်မပြုဘူးဆိုရင်ရော"

သူက အံ့ဩသလို ပြန်ကြည့်ရင်း ...

"ခွင့်မပြုရင်တော့ လှည့်ပြန်ရမှာပဲပေါ့လေ"

ပြောရင်းက ကားစက်ကိုရပ်နေသဖြင့် ...

"ဒါဆို 'မြလေး' ရဲ့ ခွင့်ပြုချက်မရသေးဘဲ... ဘာဖြစ်လို့ 'ဦးထွန်းမင်း' ရှေ့မှာ အဘိုးဆီမှာ အလုပ်ဝင်မယ့်အကြောင်း မဟုတ်ဘဲ လျှောက်ပြောသေးလဲ"

"အင်း... စိုးသောလက်မခြောက်အောင်... မမုန်းအောင်ကြံဖန်ပြီး ပြောလိုက်ရတာ... 'မြလေး' က အလုပ်မလုပ်ချင်လို့ရန်ကုန်ပြန်သွားလို့ရပေမယ့် ကိုယ်က ဒီလူတွေနဲ့ အလုပ်တွေအများကြီး လုပ်ထားတာ... အမုန်းခံလို့ မဖြစ်ဘူး... 'မြလေး' ဘဝမနစ်မွန်းအောင် ကိုယ့်ကိုလည်း မမုန်းအောင် ကြံဖန်ပြီး အိမ်ထဲဝင်လာရတာ"

"ဟင်... ဒါဆို 'ကိုကျော်ဇေယျ' စောစောထဲက...."

"ဟုတ်တယ်... ကိုယ်ရောက်နေတာကြာပြီ"

www.burmeseclassic.com



"ဒါဆို ဟို...ကိစ္စ"

"အဲဒီကိစ္စကို သိလို့ ခြံဝက ကားကို ပြေးမောင်းရတာ လူကို မေသွားတာပဲကွာ"

'ကျော်ဖေယျ'က ခေါင်းကိုခါရမ်းပြီး သက်ပြင်းရှည်ကြီး မှုတ်ထုတ်ရင်းပြောခြင်းဖြစ်သည်။

"'မြလေး'ကို ရေတိမ်မနစ်အောင် ကယ်တင်တဲ့အတွက် ကျေးဇူးအများကြီးတင်ရပါတယ် 'ကိုကျော်ဖေယျ'"

"'ကိုဖေယျ' လို့ပဲခေါ်ချင်ခေါ်ပါ... ခင်နေကြပြီပဲ... ကဲ... ကားကို ပြန်ကွေ့ရမှာလား"

"ပြောစရာရှိတယ်ဆို"

"ခွင့်ပြုမှာလား"

'မြလေးခန့်'ခေါင်းညိတ်လေမှ ကားစက်နှိုးပြီး ထွက်ခဲ့တော့သည်။

စမ်းချောင်း၊ ရေစပ်နားအထိ ကားကိုထိုးရပ်၍ရသဖြင့် လွန်စွာ ကြည်နူးပျော်ရွှင်သွားမိသည်။ ကျောက်တုံးဖြူဖြူလေးများပေါ်မှ ကြည်လင်အေးမြသော စမ်းရေများက ကမ်းစပ်တွင် မှန်ချပ်ကိုနေထိုးသလို တဖြတ်ဖြတ်လက်ပြီး ဖြတ်သန်းစီးဆင်းနေသော်လည်း ခပ်ဝေးဝေးတွင်တော့ ကျောက်ဆောင်ကျောက်





တုံးကြီးများကို ခပ်ကြမ်းကြမ်းဝင်ရောက် စီးဆင်းသောကြောင့် ရေစီးသံ၊ ရေတံခွန်သံများဖြင့် ဆူညံနေသည်။ စမ်းချောင်းအနီးရှိ အကြော်ဆိုင်ဆိုသော်လည်း လာရောက်စားသောက်သူက အများသား...

ဆိုင်ကယ်လေးစီး၊ စက်ဘီးဆယ်စီးကျော်၊ မြင်းနှင့်လာသူ၊ နွားလှည်း၊ ဂျစ်ကား စုံလို့ စျေးတန်းလေးတောင်ရှိသေးသည်။

"လူစည်သားပဲနော်... 'ကိုဖေယျ'"

"ရှေ့နားမှာ တံတားရှိတယ်လေ... မြင်းတွေက တောင်ပေါ်ကို ဆန်အိတ်... ဂျုံအိတ်... ဆားအိတ်တွေတင်ပြီး သွားကြမှာ နွားလှည်းတွေကတော့ ဒီပတ်ဝန်းကျင် လေးငါးခြောက်မိုင်က ပေါ့"

အကြော်စုံနှင့် အခါးရေအိုးရောက်လာသည်။

ဘူးသီး၊ ဂေါ်ရခါးသီး၊ မုန်လာပန်း၊ ဂျူးမြစ်၊ မြင်းခွာရွက်၊ ရွှေဖရုံသီး စုံနေအောင် ကြော်ထားသည်။

"အကြော်လေးတွေက ကြွပ်ရွပြီး စားလို့ကောင်းသားပဲနော်"

'ကျော်ဖေယျ'ကရယ်ရင်း ...

"မြို့ကြီးသူတွေ ဒီတောတောင်ထဲမှာ နေတတ်စားတတ်

www.burmeseclassic.com



ပါမလားလို့ ကိုယ်ကစိတ်ပူနေတာ... 'မြလေး' တို့ အလုပ်လာ လုပ်နိုင်တာကို ကိုယ်ချီးကျူးပါတယ်"

"ဟင်... လွင်တီးခေါင်မှာ အမိုးမပါဘဲ နေပူကြဲကြဲထဲ နေရတာမှ မဟုတ်ဘဲ... ထင်ထားတာထက် အဆင်ပြေပြည့်စုံနေလို့ 'မြလေး' တို့က အံ့သြနေတာများ"

"အင်း... ဒီလိုဖြစ်လာတာ (၂) နှစ်လောက်ပဲရှိသေးတာလေ ဒီမတိုင်ခင်က ယာတောဆန်ဆန်ပါပဲ"

"သည်လိုနေရာမျိုးမှာ 'ကိုကျော်ဇေယျ' တို့က ဟိုးနှစ်ပေါင်းရာကျော်ထဲက နေခဲ့ကြတာဆို"

"အင်းလေ... ဘာဖြစ်လို့လဲ"

"အဲ့သလို တောင်ကြိုတောင်ကြားမှာနေပြီး 'အန်တီနွယ်' တို့ 'ကိုကျော်ဇေယျ' တို့တွေက ဘွဲ့တွေရ... နိုင်ငံခြားတွေ ရောက်ခဲ့တယ်ဆိုတာ ဘယ်လိုသွားကြတာလဲ"

"အမေတင်မဟုတ်ဘူး... ကိုယ့်ဖိုးကြီး... ဖိုးလေးတွေတောင် နိုင်ငံခြားသွားနေခဲ့ကြသေးတာပဲကွာ... ရန်ကုန် မန္တလေးမှာ အိမ်ရှိတယ်လေ"

"ဘာဖြစ်လို့ အဲဒီမှာ မနေကြတာလဲ"

"ကိုယ့်အဘိုးတို့က ဒီဘက်ဒေသကိုပဲကြိုက်ကြ... နေကြ





တာ... ရှာဖွေစားသောက်တတ်ကြတာလေ... လူငယ်တွေ ပညာရေးအတွက်သာ မြို့ကြီးတွေပေါ်မှာ အိမ်တွေဝယ်ထားကြတာ... ဘိုးဘွားလက်ထက်ထဲက တရုတ်ပြည်နဲ့ တခြားနိုင်ငံဘက်ကို ကုန်အရောင်းအဝယ်ထွက်ခဲ့ကြတာလေ"

"ဘာတွေသွားရောင်းကြတာလဲ"

"အသီးအနှံ... ချည်... လက်မှုပညာ... အသားခြောက်... ငါးခြောက်အစုံပါပဲ"

"အော်... ဟိုက ဘာတွေပြန်ဝယ်လာတာလဲ"

"ဟိုဘက်ကထွက်တဲ့ ပိုးထည်... ဂွမ်းထည်... ချည်ထည်... အလှအပပစ္စည်း... ကြွေထည် လူသုံးကုန်ပစ္စည်း အစုံပဲလေ... ကိုယ့်အဘိုးရဲ့အဖေ... ဘေးခေါ်မှာပေါ့နော်... ဘေးတို့ခေတ်ထဲက နန်းတွင်းအထိ အရောင်းအဝယ်လုပ်ကြတာ... အဲဒီခေတ်တုန်းက သီပေါမင်း လက်ထက်ပဲရှိသေးတာ"

"အို...ဟုတ်လား... 'ကိုဇေယျ' ရဲ့ဘေးက နန်းတွင်းရောက်ဖူးတယ်ဟုတ်လား... နန်းတော်ထဲက နန်းတော်သူ နန်းတော်သားတွေနဲ့ ခင်တာပေါ့နော်"

"ဒါပေါ့... ကိုယ်တို့က ကုန်သည်မျိုးရိုးမှ တကယ့်အစစ်လေ"

www.burmeseclassic.com



"ဒါပေမယ့် 'ကိုဇေယျ' ပုံစံကတော့ လုံးဝခေတ်ပုံစံ ပေါက်နေခဲ့ပြီ"

ရယ်ရင်း ...

"ကိုယ့် ဖိုးလေးနဲ့... ကိုယ့်အစ်ကိုလေးနဲ့မတွေ့ဖူးသေးလို့ပါဗျာ... အဲဒီတော့မှ သဘောပေါက်မှာ"

"ဟင်... 'ကိုဇေယျ' မှာ အစ်ကိုရှိသေးတယ်ဟုတ်လား"

"ရှိတယ်... ခရီးထွက်နေတယ်... မကြာခင်တော့ ပြန်လာမယ် ထင်တယ်"

"'ကိုဇေယျ' လိုပဲ ချောလား"

"ဟင်... ကိုယ်ကချောလဲလို့လား"

'ဇေယျ' က မျက်နှာနီနီဖြင့် မနေတတ်သလိုရယ်ရင်း... ပြန်မေးသောအခါ 'မြလေး' ကရှက်ပြီး ခေါင်းငုံ့ထားပါတော့သည်။

"ကိုယ့်အိမ်က ကိုယ့်ကိုချောတယ်မထင်ကြဘူး... ကိုလေး 'နေမျိုး' ကိုမှ ချောတယ်ထင်တာ... သူက အရပ်မြင့်ပြီး ဗလကောင်းတယ်... တကယ့်ယောကျ်ားပီသတာ... ကြိုက်တဲ့လူလည်း အရမ်းပေါတာ... ကိုယ်က အသားဖြူပြီးနုလို့ ဖိုးလေးတို့က မိန်းမဆန်တယ်တဲ့"



"အင်း... စကားတော့ ပြောလို့ကောင်းပါရဲ့... နေတောင်စောင်းတော့မယ်... ပြန်မှထင်တယ်... 'မြလေး' ကို 'ဖွားလေးဝါနု' တို့အိမ်ပဲပို့ပေးလိုက်ပါ... 'စုံပွင့်' က သူ့အလုပ်နဲ့သူ အဆင်ပြေနေတာ... 'မြလေး' ကြောင့်တော့ သူ့ကို အနှောင့်အယှက်မဖြစ်စေချင်ဘူး... 'မြလေး' က 'ကိုဇေယျ' ပြန်လာရင် နှုတ်ဆက်ပြီး ရန်ကုန်ကိုပြန်တော့မလို့ စောင့်နေတာ"

"ဟာ... ဘာဖြစ်လို့တုန်း... 'မြလေး' အရင်တုန်းက ဒီမှာအလုပ် လုပ်ချင်လို့ စုံစမ်းနေတယ်ဆိုတာ ကိုယ်သိတယ်... 'ဦးထွန်းမင်း' လိုလူနဲ့တွေ့ပြီး စိတ်ပျက်သွားတာလား... စိတ်ချပါ... ကိုယ်တို့ အိမ်မှာ ဒီလိုအပြုအမူမျိုးတွေ မဖြစ်စေရဘူးလို့ ကိုယ်အာမခံပါတယ်"

"'အဘိုးဦးသူရိန်' က တကယ်အလုပ်ခန့်မှာမို့လို့လား... 'ဦးထွန်းမင်း' ရှေ့မှာ တမင်လျှောက်ပြောတာ မဟုတ်ဘူးလား"

'ကျော်ဇေယျ' လက်ကာပြရင်း ...

"အဘိုးနဲ့ တွေ့တုန်းက အဘိုးပြောတဲ့ စကားတစ်ခွန်း မှတ်မိလားမသိဘူး... 'မြလေး' တို့ကို အလုပ်လုပ်ဖို့ လာကြတာလား... ဆိုတာလေ"

"အင်း... အင်း... မှတ်မိတယ်"

www.burmeseclassic.com



"ဖိုးဖိုးက သူ့ဘိုးဘွားလက်ထက်က လက်မှုပစ္စည်းတွေ ရယ် သူ့အတွေ့အကြုံတွေရယ်... သူ့လုပ်ငန်းတွေရယ်ကို စာအုပ် တစ်အုပ်အဖြစ် စုစည်းချင်တယ်လို့ ပြောနေတာကြာပြီ... ကိုယ့်ကို ပညာတတ်မိန်းကလေးနှစ်ယောက်လောက် ရှာပေးဖို့ ပြောထားတာကြာပြီ... ဖြစ်နိုင်ရင်သူက ဒီပတ်ဝန်းကျင်က မလို ချင်ဘူး... အဝေးက လူကိုခေါ်စေချင်တာ"

"ဘာဖြစ်လို့လဲဟင်"

"အဝေးကလူဆိုတော့ အလုပ်ကိစ္စပြီးရင် ကိုယ့်နေရပ်ရှိ ရာ ပြန်သွားတတ်ကြတာလေ... အနီးအနားကဆိုတော့ အဝင် အထွက် အမြဲရှုပ်နေမှာစိုးတာလေ... ကိုယ့်ဘိုးဘွားတွေက အပြင် လူတွေဝင်ထွက်ပြီးရင် အမြဲပြဿနာဖြစ်တတ်လွန်းလို့ မိသားစုနဲ့ စိတ်ချရတဲ့လူယုံတွေကလွဲရင် အိမ်ထဲကို အဝင်အထွက်လုပ်တာ သိပ်မကြိုက်ဘူး"

"ဒါနဲ့များ ဟိုတယ်လုပ်ဖို့ ဆောက်ထားသေးတယ်"

"အဘိုးမကြိုက်လို့ ဆောက်ပြီးသမျှ အလုပြထားရသလို ဖြစ်နေတာပေါ့ကွာ... တစ်ခုတော့ရှိတယ်... အဘိုးက ကိုယ့်လုပ် ငန်းကိစ္စတွေနဲ့ အဝေးကလာတဲ့လူတို့... နိုင်ငံခြားသားဧည့်သည် တွေဘာတွေပါလာရင်တော့ ခဏတဖြုတ်မို့ တိုက်သစ်မှာပေး





တည်းလို့တော်သေးတာပေါ့... သူတို့သေရင် လုပ်ချင်တာလုပ်တဲ့"

သိတဲ့အတိုင်း ကိုယ်တို့အမျိုးက အသက်ရှည်တဲ့ မျိုးရိုးဆို တော့ ကိုယ့်ဘိုးလေးတို့က အခုမှ အသက် (၇၀) ကျော်ရှိသေးတာ နောက်အနှစ်သုံးဆယ်ဒီခြံထဲ ဘာမှလုပ်စားလို့ ရမှာမဟုတ်ဘူး... ဒါကြောင့် တခြားခပ်ဝေးဝေး မြေကွက်တွေမှာ မိတ်ဆွေတွေနဲ့ တိုင်ပင်ပြီး ဘန်ဂလိုလေးတွေ လျှောက်လုပ်နေရတာ"

"အဘိုးက 'မြလေး' တို့ကို လက်ခံပါ့မလား"

"ကိုယ်တော့ လက်ခံမယ်လို့ ထင်တယ်... ဘာကြောင့် လည်းဆိုတော့ သူကျေနပ်လို့ လက်စွပ်လေးတွေ လက်ဆောင် ပေးလိုက်တာပေါ့"

"သူ့ကိုပြန်မေးကြည့်ပါဦးလေ... တော်ကြာ 'စုံပွင့်' က 'ဒေါ်ဝါနု' အိမ်ကဆိုတော့ လက်ခံပါ့မလားမသိဘူး"

"တကယ်လို့ 'စုံပွင့်' ကို လက်မခံဘူးဆိုရင် 'မြလေး' တစ်ယောက်တည်း လာလုပ်ဝံ့သလား"

'မြလေး' က မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့ လာမလုပ်ဝံ့ရမှာလဲ"

"အော်... ခြံကအကျယ်ကြီး အိမ်ကအကျယ်ကြီး... ပြီးတော့ အိမ်မှာက လူမမာတွေ အသက်ကြီးတဲ့လူတွေများလို့

www.burmeseclassic.com



စိတ်ပျက်မှာစိုးလို့ပါ"

"လုံခြုံမှုရှိရင် နေဝံ့ပါတယ်"

"ဟင်... မြလေး' တကယ်နေဝံ့တာလား... တကယ်လုပ်မှာလား... ဒါဆို အဘိုးကို ပြောလိုက်မယ်လေ"

"ပြောလိုက်လေ... မကျေနပ်ရင်တော့ မလုပ်ပါဘူး... ဒီနေ့တော့ ဖွားလေးတို့အိမ်ကိုပဲ ပြန်တော့မယ်"

" 'စုံပွင့်' ဆီ ဝင်ဦးမှာလား"

"ခဏတော့ ဝင်နှုတ်ဆက်ချင်တယ်"

လက်ဆောင်ပစ္စည်းလာပေးသော 'ကျော်ဇေယျ' နှင့်အတူ 'မြလေး' ပါပါလာသဖြင့် 'စုံပွင့်' အံ့ဩသလို၊ 'မြလေး' တို့ကို အကဲခတ်သလို ကြည့်နေသဖြင့် ...

"ငါ 'ဦးထွန်းမင်း' ခြံမှာ မလုပ်တော့ဘူး... ပြဿနာတက်လာတယ်"

"ဟုတ်လား... စိတ်မချရလို့လား"

"အင်းပေါ့... 'အဘိုးသူရိန်' က အလုပ်သမားလိုချင်နေတယ်တဲ့... သူလက်ခံရင် ငါအဲဒီမှာ ဝင်လုပ်မလို့... တကယ်လို့ နှစ်ယောက်ခေါ်မယ်ဆိုရင် နင်ဝင်မလား"

"ခေါ်ရင်တော့ ဝင်မှာပါ...နင်နဲ့အတူတူဆိုတော့ကောင်း





တာပေါ့... မခေါ်ရင် နင်တစ်ယောက်တည်း နေရဲလို့လား... အိမ်အကျယ်ကြီးဆိုမနေရဲဘူးဆို"

'မြလေး' က တွေသွားပြီးမှ ...

"အင်း... လုပ်ကြည့်ဦးမယ်လေ... နေရဲရင် ဆက်လုပ်မယ်... မနေရဲရင် ရန်ကုန်ပဲ ပြန်တော့မယ်... လောလောဆယ်သူ့ရဲ့အခြောက်မခံရဘဲ လူခြောက်လို့ပြေးခဲ့ရတာ"

"တနင်္လာနေ့မှ အလုပ်ဝင်ပါလား... နင်နဲ့ အေးအေးဆေးဆေး စကားပြောချင်သေးတယ်"

"ရတယ်လေ"

www.burmeseclassic.com



၁၈

ဈေးလေးတွင် 'မြလေးခန့်' ဈေးဝယ်နေပါသည်။

လက်ဘက်ရည်ဆိုင်ရှင်နှင့် ခင်နေပြီဖြစ်၍ စကားပြောဖြစ်သည်။

"ညီမ အလုပ်နားသလား... 'ကိုကျော်ဇေယျ' ပြန်လာပြီလေ"

"ဟုတ်ကဲ့... 'ကိုကျော်ဇေယျ' နဲ့တွေ့ပြီးပါပြီ... တနင်္လာနေ့လောက် 'နန္ဒမာလာ' ခြံမှာ အလုပ်ဝင်ဖြစ်မယ်ထင်တယ်"





"ဟုတ်လား... ကောင်းတာပေါ့... သူတို့အလုပ်ခန့်လို့လား"

"ဟုတ်ကဲ့"

"ဟာ... ကံကောင်းတာပေါ့... သူတို့အိမ်မှာ အပြင်ကမိန်းကလေးတစ်ယောက် အလုပ်ခန့်တာ ဒါပထမဦးဆုံးပဲ... အိမ်အိပ်အိမ်စားလား"

"ဟုတ်တယ်"

ရိုးရိုးသားသားပြောပြပြီးမှ 'နန္ဒမာလာ' ၏ စည်းကမ်းကြီးပုံကို သတိရပြီး လျှာဆက်မရှည်ရဲတော့ပါ။ နှုတ်ဆက်ပြီးဝယ်စရာရှိတာဝယ်၍ ထွက်ခဲ့ပါသည်။

"အဟမ်း"

နောက်ဖက်မှ တစ်စုံတစ်ယောက်ကပ်ပြီး လိုက်လာမှန်းရိပ်မိသဖြင့် 'မြလေး' ခပ်သွက်သွက်လျှောက်မိသည်။

နောက်ကလူက ဘေးခြင်းကပ်မီအောင်လိုက်လာပြီး ချောင်းဟန့်နေသဖြင့် လှည့်ကြည့်မိသည်။

"ဟင်... 'ကိုလင်းထွတ်' ပါလား... ဟုတ်တယ်.... မဟုတ်လားဟင်"

လုံးဝမမျှော်လင့်မထားသူကို ရုတ်တရက်တွေ့လိုက်ရ·

www.burmeseclassic.com



သဖြင့် လန့်ပြီး မျက်နှာတွင် သွေးပင်မရှိချင်တော့။

"ဟုတ်ပါတယ်... ကိုယ် 'လင်းထွတ်' ပါ... မင်းမှတ်မိသားပဲ"

"'ကိုလင်းထွတ်' က ဘယ်မှာနေတာလဲဟင်"

"ဒီမှာပဲလေ... ကိုယ်လည်း 'နန္ဒမာလာ' ရဲ့ အလုပ်သမားတစ်ဦးပါပဲ"

"ဟယ်... ဟုတ်လား... ဝမ်းသာလိုက်တာ 'မြလေး'လည်း တနင်္လာနေ့ကစပြီး 'နန္ဒမာလာ' ခြံထဲမှာ အလုပ်ဆင်းဖြစ်မှာဆိုတော့... ကိုယ်နဲ့သိတဲ့လူရှိတော့... အားရှိတာပေါ့"

"ကိုယ်က 'နန္ဒမာလာ' ခြံထဲကို တစ်ခါတစ်ရံပဲရောက်တာ.. အကြိုအပို့ရှိမှ ရောက်တာ... 'နန္ဒမာလာ' မှာတစ်ခါမှ မအိပ်ဖူးဘူး"

"ဟင်... ဒါဆိုဘယ်မှာ အိပ်တာလဲဟင်"

"သူတို့ဆောက်လုပ်တဲ့ အိမ်သစ်တွေမှာအိပ်တာ... ဒါနဲ့မင်းက မြို့ပေါ်မှာ အလုပ်မလုပ်ဘဲ... ဘာဖြစ်လို့ ဒီလောက်ဝေးတဲ့ နေရာမှာလာလုပ်ရတာလဲ...ဆွေမျိုးသားချင်းလည်းရှိတာ မဟုတ်ဘဲနဲ့"

"'မြလေး' အိမ်မှာ မနေချင်လို့ပါ"



"ကိုယ်နှမလေးလို့ စေတနာနဲ့ ပြောရမယ်ဆိုရင်တော့ 'မြလေး' ကိုယ့်အိမ်မှာပဲ ကိုယ်ပြန်နေပါလား"

"ဟင်... ဒီမှာဘာဖြစ်လို့လဲ... 'နန္ဒမာလာ' မှာ စိတ်မချရလို့လား"

'မြလေး' က စိတ်ပူသလို မေးနေသဖြင့် သက်ပြင်းချရင်း...

"အဲ့သလိုလည်း ပြောလို့မရဘူးလေဟာ... ဒါကကုသိုလ်ကံနဲ့ပဲဆိုင်တာ... 'ဦးထွန်းမင်း' ဆီမှာရော စိတ်ချရလို့လား"

"ဟင်"

သူဒီကိစ္စကို သိနေလို့လား။ 'ကိုဇေယျ' ပြောပြလို့လား။

"ငါ့ကို ဘယ်သူမှ မပြောပြဘူး... နင့်ကိစ္စနဲ့ပတ်သက်ပြီး 'ဦးထွန်းမင်း' တို့ လင်မယား ရန်ဖြစ်နေတာ ငါခဏခဏ ကြားရတယ်... နင်ရောက်တာ တစ်ပါတ်အတွင်း ဆယ်ခါလောက် ရန်ဖြစ်ပြီးပြီ... ငါက သူတို့ခြံနဲ့အိမ်ကို အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ရတ်တရက်ရောက်သွားတတ်တဲ့ကောင်... နင့်ကို မမြင်ခဲ့ရပေမယ် နင် အဲဒီအိမ်မှာရောက်နေတာ ငါသိတာကြာပြီ... အေး... နင့်ကို သူ့ ယောကျ်ား ကြံစည်နေတာကို သိလို့ ခြံထဲမှာ လာလာပြီး ရန်ဖြစ်တာကို ငါကြားနေရတယ်... နင်တို့လို အပျိုတွေအတွက်

www.burmeseclassic.com



တော့ သူများအိမ်တွေမှာ မလုံခြုံပါဘူးဟာ... လခများများရရင် များများခိုင်းမယ်... ပြီးရင် လူကြီးလူကောင်းအရေခြုံထားတဲ့ လူယုတ်မာတွေနဲ့တွေ့မယ်... 'နန္ဒမာလာ'ထဲ ဝင်ပြီးရင် အပြင်နဲ့ပိုအဆက်ပြတ်မယ်... သူတို့က လူဝင်လူထွက်သိပ်မကြိုက်သလို... သူတို့ခြံထဲရောက်ပြီးရင် စည်းကမ်းအရမ်းကြီးတာ... နင်အပြင်ထွက်ချင်တိုင်း ထွက်လို့ရမှာ မဟုတ်ဘူး"

"'မြလေး'လည်းဘယ်မှ သွားစရာမရှိပါဘူး"

"ခက်တာပဲ... အဲဒီအိမ်ထဲမှာ ယောကျ်ားတွေအများကြီးပဲ"

"အားလုံး အဘိုးအိုကြီးတွေပဲ"

"ခက်ပါလား... 'ကျော်ဇေယျ'ကရော လူပျိုမှတ်လို့လား"

"သူ့မှာမိန်းမရှိတာ 'မြလေး' သိပါတယ်... 'မြလေး' အလုပ်လုပ်ဖို့လာတာပါ... အဲဒီကိစ္စအတွက် လာတာမဟုတ်ပါဘူး"

'မြလေး' အသံက ငိုသံပါနေပြီး မျက်ရည်တွေလည်း ဝဲနေပါသည်။

"ဒီမှာ 'မြလေး'ငါနင့်ကို စေတနာနဲ့ ပြောနေတာနော်... နင် တို့ 'သီတာ့'ကို အနိုင်ကျင့်ခဲ့ပေမယ့် 'သီတာ'လိုအဖြစ်ဆိုးမျိုး





နင်မတိုးစေချင်ဘူး... ဒါ ငါသစ္စာဆိုပြီး ပြောရဲတယ်"

"အို... 'မြလေး'နဲ့ 'မြလေး'မိသားစုနဲ့ စိတ်ချင်းတူတာ မဟုတ်ဘူး"

"သိတယ်... နင်က ထုံထုံအအနဲ့ စိတ်ကောင်းရှိတယ်ဆိုတာ ဒါပေမယ့် ဝဋ်ဆိုတာလည်းတတ်တယ်ဟ... ဖြူစင်တဲ့နင့်ကို ဒုက္ခမရောက်စေချင်ဘူး... နင်ရန်ကုန်ကိုသာ ပြန်ပါ"

"ရန်ကုန်အိမ်မှာ နေကိုမနေချင်တာ... 'ကိုလင်းထွတ်' မသိပါဘူး... 'မသီတာ'ရော... 'လေးလေးခိုင်'ရော... 'သားတွေ' ပါ တစ်ယောက်ပြီး တစ်ယောက် သေနေကြတော့... သူတို့ရဲ့ အရင်ကလှုပ်ရှားမှုတွေက ဝိဉာဉ်အဖြစ် 'မြလေး' ကို အရမ်းခြောက်လှန့်နေတယ်... 'မြလေး' နေရတာ မပျော်ဘူး... ကြောက်တယ်"

"အေး... အဲဒါက အမျိုးအရင်းခေါက်ခေါက်တွေ... အမြဲအတူနေတဲ့လူတွေ... ဒီမှာက ဘာမှတော်တာလည်းမဟုတ်ဘူး... အိမ်ကြီးကလည်း နင်တို့အိမ် ကြီးတယ်ဆိုတာထက် ဆယ်ဆမကကြီးတာ... ပြီးတော့ ခေတ်အဆက်ဆက်...နှစ်အဆက်ဆက်ကြာခဲ့တဲ့အတွက် သေလာခဲ့တဲ့လူတွေလည်း မနည်းဘူး... သင်္ချိုင်းကုန်းကလည်း ကပ်နေလို့ ရှင်းရှင်းပြောရရင် ငါတောင်

www.burmeseclassic.com



စိတ်မသန့်လို့ မနေရဲလို့ ညဘက်အိပ်ဖို့ စိတ်ကို မကူးဘူး... အေး... တစ်ခုတော့ရှိ တယ်... နေ့အလုပ်ဆင်းပြီး ည 'ဒေါ်ဝါနု' တို့အိမ်ပြန်အိပ်လို့ရရင်တော့ မဆိုးဘူးပေါ့လေ"

"ပြောကြည့်မယ်လေ"

"ရမှာမဟုတ်ဘူး... သူတို့ရှုပ်ရှုပ်ရက်ရက် မကြိုက်ဘူး... ကဲ ကဲ... ငါနေခဲ့တော့မယ်... စေတနာကို ဝေဒနာဖြစ်အောင် တော့ မလုပ်နဲ့ပေါ့ဟာ"

"စိတ်ချပါ"

'မြလေးခန့်' စိတ်ရှုပ်နေရပြီ။

'ကိုလင်းထွတ်' ပြောသွားသော စကားများသည် အားလုံး မှန်နေတာပါပဲ။ ဒါပေမယ့် စေတနာတကယ်ရှိလို့ ပြောတာမဖြစ် နိုင်။ သူသည် မိမိတို့ မိသားစု၏ မိတ်ရင်းဆွေရင်းမဟုတ်၊ 'မသီတာဝဏ်' နှင့်ပတ်သက်ပြီး မကျေမနပ်ဖြစ်နေသူ။

မိခင်ဖြစ်သူကိုရော၊ 'ဦးမေအောင်' ကိုရော ရန်လိုနေသူ။ 'ဦးလေးမင်းခိုင်' တို့ညီအစ်ကိုနှင့် ထိုးလား ကြိတ်လားပင် ဖြစ်ခဲ့ဖူး သူ။

မိမိတို့ မိသားစုကို မုန်းတီးနေသူ၊ အငြိုးကြီးနေသူသည် ကောင်းတာထက် ဆိုးတာကိုသာ ဖြစ်စေချင်မှာ သေချာသည်။



မိမိ 'နန္ဒမာလာ' ကိုရောက်မှာ သူကဘာကြောင့် စိုးရိမ်နေသ နည်း။

ပြီးတော့ လူကိုစော်ကားသေးသည်။ 'ကိုကျော်ဇေယျ' ကိုဖမ်းချင်၍ ဤအိမ်ကြီးထဲကိုပဲ ဝင်လာသလိုလို ပြောချင်သေး သည်။

မိမိကို 'ခင်သက်မူ' ကလည်း 'ကိုကျော်ဇေယျ' နဲ့နီးစပ် မှာ အလွန်ကြောက်သည်။ 'စုံပွင့်' ကတော့ 'ကိုဇေယျ' လူပျို မဟုတ်တာကိုသိ၍ စိတ်ပူပြီးလာသတိပေးရှာသည်။ ဒါလည်း မိမိကို တနည်းအားဖြင့် အထင်သေးတာပဲ မဟုတ်လား။ 'ကိုဇေ ယျ' ကို မိမိကြိုက်နေသည်ဟု ထင်ခြင်းပင်မဟုတ်လား။ သူကြ တော့ရော ဤပတ်ဝန်းကျင်တွင် ယခုမှ ဘာကြောင့် လာအလုပ် လုပ်လိုသနည်း။

'နန္ဒမာလာ' ခြံကသာ လက်ခံမည်ဆိုလျှင် သူလည်း အလုပ်ဝင်မှာပဲ မဟုတ်လား။

သူတို့တွေကြတော့ ဒီခြံနဲ့ပတ်သက်နေကြပြီး မိမိကိုကြ တော့ မပတ်သက်စေချင်ကြ၊ ရန်ကုန်ကိုသာ ပြန်စေချင်နေကြ သည်။ ဒါ ဘာသဘောနည်း။

အို... ကိုယ့်စိတ်ကိုယ်ပိုင်သည်။ မည်သူမျှ ချုပ်ခြယ်ပိုင်

www.burmeseclassic.com



ခွင့်မရှိပါ။ မိခင်ဖြစ်သူ မကျေနပ်လျှင်သာ မိမိလာရခက်မည်။ ယခုတော့ မိခင်ကိုယ်တိုင်က ကျေကျေနပ်နပ်ဖြင့် လာပို့သွားခဲ့ပြီ မဟုတ်လား။

ကျန်တာ မိမိနှင့် 'နန္ဒမာလာ' သဘောတူညီမှုရလျှင် ပြီးပြီ။ သူတို့အိမ်၏ အိမ်ဦးနတ်ဖြစ်သည့် 'ဦးသူရိန်' ကပင်လျှင် ပထမ တစ်ခေါက်ရောက်ယုံဖြင့် ပတ္တမြားလက်စွပ်ကို ရက်ရောစွာ လက်ဆောင်ပေးခဲ့ပြီး အလုပ်ခန့်ပြီးလျှင် သူကျေနပ်လျှင် မိမိကို စေတနာပိုထားဦးမှာ သေချာသည်။

သူ့အလုပ်ကိုလုပ်ပြီး သူ့ထမင်းစား၊ သူ့အရိပ်ခို၊ သူ့ဆီက ငွေကြေးလက်ဆောင်လက်ခံပြီးလျှင်တော့ သူတို့ခိုင်းတာကို တာဝန်ကျေကျေ လုပ်ပေးရမှာ ကိုယ့်တာဝန်ပေါ့။ အဲ… တစ်ခုတော့ရှိသည်၊ ဥပဒေနှင့် မလွတ်ကင်းတာမျိုးတော့ 'မြလေး' မလုပ်ဝံ့။ အဖမ်းခံရမှာ၊ အရှက်ရမှာ ကြောက်သည်။

ကျန်တာတော့ ဘယ်သူဖျက်ဖျက်၊ မိမိစိတ်မပျက်ပါ။ ဤအတွေးကြောင့် စိတ်ချမ်းသာသွားသည်။ ပေါ့ပါးလန်းဆန်းသွားသည်။





သို့

"ဒေါ်မြမြတ်မူ"

ကောင်းစေလို၍ ဤစာကိုရေးလိုက်ပါသည်။
'နန္ဒမာလာခြံ' မှ 'မြလေး' ကို အမြန်ခေါ်ယူပါ။
အန္တရာယ်ရှိပါသည်။
ဤခြံထဲဝင်ပြီးလျှင် ပြန်ထွက်ရခက်ပါသည်။
တောနက်လေ ထွက်ရခက်လေဖြစ်လိမ့်မည်။
သူတို့သည် လူတစ်ယောက်ကို အသုံးလိုလျှင် လှပတန်

www.burmeseclassic.com



ဖိုးရှိသော လက်ဆောင်များပေး၍ ဖြားယောင်းမြူဆွယ်တတ်သလို လူတစ်ယောက်ကို မုန်းတီးရွံ့ရှာသွား၍ အသုံးမလိုသောအခါ မပတ်သက်ချင်သော အခါမျိုးတွင်လည်း တန်ဖိုးမဲ့စွာ ရက်စက်တတ်ပါသည်။

တစ္ဆေ၊ သရဲအလွန်ကြောက်တတ်ပြီး ရိုးသားဖြူစင်သော 'မြလေးခန့်' သည် လူစင်စစ်မှ တစ္ဆေ၊ သရဲစိတ်ဝင်နေသော 'နန္ဒမာလာစံအိမ်' ကြီးထဲမှ လူသားများ၏ အသက်မပါသော အပြုံး၊ အသည်းနှလုံးမပါသော ချစ်ခြင်းမေတ္တာများ၏ လှည့်ဖြားမှုများကြောင့် ရူးသွပ်သွားနိုင်ပါသည်။

အထူးသဖြင့် 'မြလေးခန့်' အထင်ကြီးစိတ်ဝင်စားနေသော 'ကျော်ဇေယျ' ဆိုသူမှာ လူပျိုမဟုတ်ပါ။ အိမ်ထောင်နှစ်ဆက်ရှိပြီးသူဖြစ်ပါသည်။ ကလေးနှစ်ယောက်လည်းရှိပါသည်။

ပုံမှန်အားဖြင့် ဖြူစင်ချောမွေ့သူဖြစ်သော်လည်း နူးညံ့သိမ်မွေ့သူဖြစ်သော်လည်း ၎င်းမကျေနပ်တာလုပ်မိလျှင် အညိုးထားလျှင် သွေးအေးအေးဖြင့် နှိပ်စက်တတ်သူဖြစ်သည်။ အလွန်စိတ်ဓါတ်ရိုင်းစိုင်းသော 'ဦးသူရိန်' သည် မြစ်ဖြစ်သူ 'ကျော်ဇေယျ' အတွက်ဆိုလျှင် လက်ဆောင်ပေးတတ်သူ၊ 'နန္ဒမာလာ' ခြံတံခါးကို ဖွင့်ပေးတတ်သူဖြစ်နေသော်လည်း ဤခြံကြီးထဲ အဝင်မခံလို



သူတစ်စုကလည်း စိတ်ပျက်သွားလောက်အောင် နှိပ်စက်ညှင်းဆဲတတ်သဖြင့် ကြာလျှင် 'မြလေးခန့်' ရူးသွပ်သွားမှာသေချာပါသည်။

အလွန်ချမ်းသာသည်၊ အလွန်ဂုဏ်ရှိသည်ဟု ထင်ပြီး ဤခြံကြီးထဲမှ ရွှေမင်းသားနှင့် နှစ်ပါးသွားလေးကချင်လျှင်နေတော့ ခင်ဗျားသမီး အရှင်လတ်လတ် အသူရကယ်ဘုံကို ရောက်သွားပြီဟုသာ မှတ်ယူပါတော့။

ငရဲပန်းကို နတ်ပန်းထင်ပြီး ပန်ဝံ့လျှင်ပန်ပေတော့။

"ကောင်းစေလိုသူ"

ဤစာဖတ်ပြီးနောက် 'ဒေါ်မြမြတ်မူ' တုံလှုပ်ခြောက်ခြားသွားပါတော့သည်။ ရက်စွဲအတိုင်းဆိုလျှင် 'မြလေးခန့်' 'နန္ဒမာလာ' ခြံမှာ ရောက်တာ တစ်လပင်ကျော်နေပြီပဲ။

မိမိမှာလည်း ခင်ပွန်းသည်နှင့် ပြဿနာတွေတက်ပြီး အိမ်ကိစ္စနှင့် စိတ်ခြောက်ခြားမှုများဖြင့် အိပ်ယာထဲပင် လဲနေပါသည်။ ဖြစ်နိုင်လျှင် သမီးကို ပြန်လည်ခေါ်ယူလိုပါသည်။

'ကောင်းစေလိုသူ' ၏စာကို ဆွေမျိုးများနှင့် ဝိုင်းဖတ်ပြီး ဝေဖန်သုံးသပ်ကြသည်။ အဖြေအမျိုးမျိုးထွက်လာသည်။

"'မေအောင်' လက်ချက်မဖြစ်နိုင်ဘူးလား... ဒီကောင်က

www.burmeseclassic.com



ငါ့တူမကို ကြံချင်နေတာဆိုတော့ အိမ်ပြန်ရောက်လာအောင် လုပ်သလားမှ မသိတာ"

"ပြောလို့ မရဘူးလေ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့... ဒါမှမဟုတ် ကျွန်မဒီအိမ်ပေါ်ကဆင်းအောင် လုပ်ချင်တာလားမှ မသိတာ... 'နန္ဒမာလာ' ခြံကြီးထဲကို 'မြလေး' ရောက်မှာ ကြောက်တဲ့ လူကလည်းရှိပြီးသား... 'နန္ဒမာလာ' ကလူတွေ အရမ်းချမ်းသာတာလေ... တော်ယုံဆိုလည်း လက်ခံတာမဟုတ်ဘူး... ဒါကြောင့် မနာလိုဖြစ်ပြီးရေးတာ... 'ခင်သက်မှူ' ဆို အဲဒီကို ခေါ်တုန်းကခေါ်သွားပြီးတော့... နောက်ပိုင်းရန်လုပ်နေတာလေ"

"ဒါဆိုလည်း ခေါ်မနေပါနဲ့ အေ... ဒီမှာကလည်း ပြဿနာတွေနဲ့"

"ဒါပေမယ့် 'ကျော်ဇေယျ' က လူပျိုမဟုတ်တော့ ငြိစွန်းသွားမှာကြောက်တယ်... လိုက်တော့သွားချင်တယ်"

"ညည်းက ဒီမှာမရှိလို့ မဖြစ်ဘူးလေ... ငါတို့ပဲလိုက်သွားပေးပါ့မယ်... ခေါ်သင့်လည်း ပြန်ခေါ်ခဲ့မယ်"

ထိုစဉ် လူစိမ်းတစ်ယောက်ရောက်လာပြီး ...

"'ဒေါ်မြမြတ်မူ' တို့အိမ်လားခင်ဗျ"

"ဟုတ်ပါတယ်ရှင့်"





"မန္တလေးက လူကြုံပစ္စည်းတစ်ထုပ်ပါးလိုက်လို့ပါ... ရရှိတဲ့အကြောင်း လက်ခံစာကလေးတစ်စောင်လောက် ပြန်ရေးပေးလိုက်ပါ"

"ဟုတ်ကဲ့ရှင့်... ရေးပေးပါ့မယ်"

တစ်ပေပတ်လည်ခန့်ရှိသည့် စက္ကူသေတ္တာပုံးလေး၏ ဘယ်ဘက်ထောင့်တွင် 'မြလေးခန့်' ဟုရေးထားသည်။

စက္ကူဗူးကို ဖွင့်လိုက်သောအခါ မုန့်မျိုးစုံ၊ ပိုးထည်၊ ချည်ထည်အပြင် ငွေငါးသောင်းကလည်းပါသေးသည်။

ဓါတ်ပုံတစ်ပုံလည်းပါသည်။

စာတစ်စောင်လည်းပါသည်။

ဓါတ်ပုံနောက်တွင် စာရေးထားသည်။

'အဘိုး 'ဦးသူရိန်' နဲ့ တွဲရိုက်ထားတာလေ'

ဓါတ်ပုံထဲတွင် 'မြလေး' က ရယ်လို့မောလို့။

'ဦးသူရိန်' ဆိုသူကတော့ အရိုးပေါ်အရေတင်ပုံစံဖြစ်ပြီး 'မြလေး' ပခုန်းကို ဖက်ပြီး ကျေနပ်စွာပြုံးနေပါသည်။

"အဖိုးကြီးကလည်း သေခါနီး အသားယူနေလိုက်တာ... ငါ့ တူမကိုများ ဖက်ထားသေးတယ်... ရုပ်ကြီးကဖြင့် အရိုးစုကို ကြိုးနဲ့ ချည်ထားတာကြနေတာပဲ... ဟိုစာထဲက ရေးထားသလို

www.burmeseclassic.com



ဒီလူကြီးများ အောက်လမ်းတွေ ဘာတွေများ တတ်နေမလားဟဲ့... ငါ့တူမကို ဘယ်လိုများ မြူဆွယ်ထားလဲ မသိဘူး... ရယ်နေလိုက်တာ"

"နေပါဦး မမရယ်... ဒီမှာ 'မြလေး' ဆီက စာပါလာတာပဲ ဖတ်ကြည့်ရအောင်လေ"

"အချစ်ဆုံး မေမေသို့"

'မြလေး' သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါသည်။

'နန္ဒမာလာ' မှာ အလုပ်ဝင်နေတာ တစ်လရှိသွားပါပြီ။

ပထမဦးဆုံးရသည့်လခဖြစ်၍ မေမေ့ကို ဦးဦးဖျားဖျား ကန်တော့လိုက်ခြင်းဖြစ်ပါတယ်။

အလုပ်ရှင်အဘိုးက ထင်တားတာထက် ပိုသဘောကောင်းပါသည်။ လေလောဆယ် အဘိုး၏ ကိုယ်ရေးအရာရှိအဖြစ် အဘိုး၏ စာပေ၊ မှတ်စုများ၊ အနုပညာပစ္စည်းများကို မှတ်တမ်းပြုစုနေရုံသာ ရှိပါသည်။ နောက်တစ်လခန့်ဆိုလျှင် အဘိုး၏ ဆွေမျိုးများ ထပ်မံရောက်ရှိလာပြီး အလုပ်ပိုများလာမည်ဖြစ်၍ 'မြလေး' နှင့် ကူညီ လုပ်ကိုင်ပေးရန် 'စိုပွင့်' ကို ထပ်အလုပ်ခန့်ဖို့ရှိပါသည်။

လခကို ငါးသောင်းသတ်မှတ်ထားပေမယ့် သူတို့စိတ်





တိုင်းကျကျေနပ်လျှင် ပစ္စည်းဖြစ်စေ၊ ငွေဖြစ်စေ ဘောက်ဆူးထပ်ချမည်ဟု အဘိုးက ပြောပါတယ်။

တစ်နှစ်တစ်ခေါက် မိဘရပ်ထံပြန်ခွင့် တစ်လပေးမယ်လို့လည်း ပြောထားပါသည်။

'ကိုကျော်ဇေယျ' ကတော့ ခရီးထွက်နေတာများပါသည်။

'မြလေး' ကို 'နန္ဒမာလာ' ပို့ပြီးသည့်နေ့မှာပင် ခရီးပြန်ထွက်သွားတာ ယခုအချိန်ထိ ရောက်မလာသေးပါ။

နံနက် (၉) နာရီကနေ ညနေ (၃) နာရီအထိ အဘိုး၏ လုပ်ငန်းကိစ္စကို ထမ်းဆောင်ပြီးလျှင် နားခွင့်ရပါသည်။

ခြံကျယ်အိမ်ကျယ်ကို ကြောက်တတ်မှန်းသိသဖြင့် 'ကိုကျော်ဇေယျ' က မိခင်ဖြစ်သူ 'ဒေါ်မေစောနွယ်' နှင့်အတူ နေခွင့်ပေးထားပါသည်။

အကယ်၍ 'စိုပွင့်' ရောက်လာလျှင်တော့ သီးသန့်အခန်းတစ်ခန်းနေဖို့ စဉ်းစားထားပါသည်။

'မြလေး' အတွက် မေမေစိတ်ချပါ။

မေမေနှင့် 'ဦးအောင်' တို့ ပျော်ရွှင်ချမ်းမြေ့ပါစေ။

သတိရလျှက် 'မြလေး' ခန့်'

www.burmeseclassic.com



စာဖတ်ပြီး 'ဒေါ်မြမြတ်မူ' က မျက်နှာကိုမဲ့၍ ...

"ကာယကံရှင်ကဖြင့် ပျော်လို့... ကျေနပ်လို့... စောစော ကပစ်စာဟာ မဟုတ်မှလွဲရော 'ခင်သက်မူ' လက်ချက်ပဲ ဖြစ်မယ်... သူကသာအရင်လတ်လတ် အသူရကယ်ဘုံရောက်မယ် လေး... ဘာလေးနဲ့... မကြာခင် သူ့ညီမဝမ်းကွဲတောင် အဲဒီ အသူရကယ်ဘုံကို ရောက်တော့မှာ... 'ဦးသူရိန်' က သူ့ကို ပတ္တမြားလက်စွပ်လက်ဆောင်မပေးလို့ မနာလိုဖြစ်ပြီး နာမည်ဖျက် နေတာလေ... ကျေးဇူးရှိမှ ကျေးဇူးကန်းတယ်ဆိုတာ တကယ်ပဲ... 'မြလေး' ဆီက ငွေလိုတိုင်းချေးပြီး 'မြလေး' အဝတ်အစား အသုံးအဆောင်တွေ တစ်ချိန်လုံး ငှားဝတ်ခဲ့ပြီး ဘယ်တော့မှ ပြန်ပေးတာမဟုတ်ဘူး... အခု 'မြလေး' ကောင်းစားမှာကြတော့ မနာလိုဖြစ်နေလိုက်တာ... ဟွန်း..."

**ဆက်ပါဦးမည်...**
**ဆွေဆွေအောင်**

www.burmeseclassic.com

မြလေးသစ္စာ

# ချွေချွေအောင်

